# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့ | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၉၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်သည်တော်များက ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် တို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်၊ နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသည့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၁၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)

*စာမျက်နှာ ၃ ကော်လံ ၁* ◆

မြန်မာ့အလင်း

# တရားဦး ဓမ္မစကြာ သံသရာမှ လွတ်မြောက်ရာလမ်း

ဂေါတမမြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဓမ္မစကြာဒေသနာတော်ကို ပဉ္စဝဂ္ဂီငါးဦးတို့အား ဝါဆိုလပြည့်နေ့တွင် မိဂဒါဝုန်တောဌ် ဟောကြားတော်မူခဲ့သည်။ မြန်မာတို့က မိဂဒါဝုန်ဟု ခေါ်ကြသည့် မိဂဒါယသည် သားသမင်တို့အား ဘေးမဲ့ပေးရာ အရပ်ဖြစ်ပြီး ဣသိပတနဟူ၍လည်း ခေါ်ကြသည့် နေရာဖြစ်သည်။

ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါးတို့ကိုလည်းကောင်း၊ အစွန်းတရား နှစ်ပါးတို့ကိုလည်းကောင်း ပြဆိုထားပြီး ဗုဒ္ဓဘာသာ၏ အနှစ်ချုပ်လည်းဖြစ်သည်။ ပါဠိဘာသာအားဖြင့် ဓမ္မစကြာတရားကို ဓမ္မစက္က ပဝတ္တန ဟူ၍လာရှိရာ တရားစက်ရဟတ်လည်ပတ်ခြင်းဟူ၍ အဓိပ္ပာယ်ရသည်။ ဓမ္မစက္ကပဝတ္တန သုတ္တန်အရ မလိုလားအပ်သော၊ စွန့်ပယ်အပ်သော အစွန်းတရားနှစ်ရပ်ကို ပြဆိုထားရာ “ကာမသုခလ္လိကာနုယောဂ” နှင့် “အတ္တကိလမထာနုယောဂ” တို့ ဖြစ်ကြသည်။ ကာမသုခလ္လိကာ နုယောဂ သည် မျက်မြင်လောကတွင် ရှိနေသည့် ကာမဂုဏ်အာရုံများသို့ လိုက်ကာ ခံစားပျော်ပါးကြရန်ပင် ဖြစ်သည်။ စင်စစ်ကာမဂုဏ်၌ တွယ်တာတပ်မက်နေသူ၏ အတွင်းစိတ်သန္တာန်မှာ တိုးတက်မှု၊ ကြီးပွားမှုတို့ ပိတ်ဆို့နေ၏။ ကာမဂုဏ်စည်းစိမ်ချမ်းသာကို တွယ်တာကပ်ငြိမှုသည် အစွန်းတရားဖြစ်ပြီး မမြတ်သော အကျင့်လည်းဖြစ်သည်။

အခြားသောအစွန်းတရားတစ်ရပ်မှာ “အတ္တကိလမထာနုယောဂ” ဖြစ်ပြီး နိဗ္ဗာန်ချမ်းသာရရှိရန် ခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်သော နည်းလမ်းဖြင့် လောကမှလွန်မြောက်သောလမ်းကို ရှာဖွေခြင်းအား ရည်ညွှန်းသည်။ ယင်းအကျင့်သည် ဆင်းရဲ၍၊ သူတော်စင်တို့၏ အကျင့်အတွက် အသုံးမဝင်၊ အကျိုးမဲ့စေသော တရားလည်းဖြစ်သည်။ မိမိကိုယ်ကို ဒုက္ခပေးခြင်းဖြင့် ကိုယ်ခန္ဓာအားနည်းသည့်အခါ သတိပညာလည်း အားနည်းရပြီး အတွင်းစိတ်သန္တာန်တိုးတက်မှု၊ ကြီးပွားမှုကို ပိတ်ဆို့စေရာ ပယ်စွန့်ရမည့်တရားပင်ဖြစ်သည်။ စင်စစ်ယင်းတရားများသည် ဘုရားရှင်အဖြစ်သို့ရောက်တော်မမူခင်ကာလက ကိုယ်တိုင်ကြုံတွေ့ကျင့်ကြံခဲ့ရသော၊ နိဗ္ဗာန်မှ အချည်းနှီးဖြစ်စေသည့် တရားများပင်ဖြစ်သည်။

အစွန်းတရားနှစ်ပါးကို ပယ်စွန့်၍ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်မှာ အလယ်အလတ်လမ်းစဉ် မဇ္ဈိမ ပဋိပဒါဖြစ်ပြီး မဂ္ဂင်ရှစ်ပါးကျင့်စဉ်ဖြစ်သည်။ သမ္မာဒိဋ္ဌိ = ကောင်းသောသိမြင်မှု၊ သမ္မာသင်္ကပ္ပ = ကောင်းသောကြံစည်မှု၊ သမ္မာဝါစာ = ကောင်းသောပြောဆိုမှု၊ သမ္မာကမ္မန္တ = ကောင်းသောပြုလုပ်မှု၊ သမ္မာအာဇီဝ = ကောင်းသောသက်မွေးဝမ်းကျောင်းမှု၊ သမ္မာဝါယာမ = ကောင်းသောအားထုတ်မှု၊ သမ္မာသတိ = ကောင်းသော အောက်မေ့နှလုံးသွင်းမှု၊ သမ္မာသမာဓိ= ကောင်းသော တည်ကြည်စူးစိုက်မှုတို့သည် အလယ်အလတ်ဖြစ်သော မဇ္ဈိမ ပဋိပဒ္ဓာကျင့်စဉ်ပင်ဖြစ်သည်။

ပဉ္စဝဂ္ဂီ ငါးဦးတို့၏ အယူမှားတို့ကို ရှင်းလင်းစင်ကြယ်စေပြီးသည့်နောက် သစ္စာလေးပါးကို အကျယ်ရှင်းလင်းဟောကြားတော်မူရာ ဒုက္ခသစ္စာ = ဆင်းရဲခြင်းအမှန်၊ သမုဒယသစ္စာ = ဆင်းရဲဖြစ်ကြောင်းအမှန်၊ နိရောဓသစ္စာ= ဆင်းရဲချုပ်ငြိမ်းရာအမှန်၊ မဂ္ဂသစ္စာ = ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအမှန်တည်းဟူသော လေးပါးသော တရားတို့ဖြစ်ပြီး ယုံကြည်မှုသက်သက်ဖြင့်ရသော တရားများမဟုတ်ဘဲ လက်တွေ့မျက်မှောက်ပြုရမည့် တရားဖြစ်ကြောင်း ဟောကြားခဲ့သည်။ ဒုက္ခသစ္စာသည် ပိုင်းခြားသိရမည့် တရားဖြစ်ပြီး၊ သမုဒယသစ္စာသည် ပယ်ပစ်ရမည့်တရား၊ နိရောဓသစ္စာသည် မျက်မှောက်ပြုရမည့် တရားဖြစ်ပြီး မဂ္ဂသစ္စာသည် ပွားများရမည့် တရားဖြစ်၍ သစ္စာလေးပါးကို ရှင်းလင်းပြည့်စုံစွာ သိမြင်သောအခါ သမ္မာ သမ္ဗောဓိဉာဏ်ကိုရရှိကြောင်း ဟောကြားတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာ၏ တရားဦးဒေသနာ ဓမ္မစကြာသည် ဘဝသံသရာမှ လွတ်မြောက်ရေးအတွက် လက်တွေ့ကျင့်ကြံရမည့် တရားပင်ဖြစ်သည်။ ဆေးဆရာတို့ ရောဂါကုရာတွင် ရောဂါ၊ ရောဂါကိုဖြစ်စေသည့် အကြောင်း၊ ရောဂါပျောက်ကင်းခြင်း၊ ရောဂါပျောက်ကင်းခြင်းကို ဖြစ်စေသည့်အကြောင်း (ကုထုံး၊ ဆေးဝါး) တည်းဟူသော စတုဗျူဟာခေါ် လေးပါးသော အင်္ဂါဖြင့် ကုသကြသည့်နည်းတူ ယုံကြည်မှုသက်သက်ထက် လက်တွေ့လျှောက်လှမ်းနိုင်မှသာလျှင် မဂ္ဂင်ရှစ်ပါး မဇ္ဈိမ ပဋိပဒ္ဓာလမ်းကြောင်းဖြင့် သံသရာမှ လွတ်မြောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

# သာစွရဂုံ မိဂဒါဝုန်

- အို..မိဂဒါဝုန်၊ သာမျိုးစုံ၏
  ရဂုံမြိုင်တွင်း၊ ထုံကြိုင်သင်းသည့်
  လဲ့ဝင်းဖြူပြာ၊ နီရွှေဝါနှင့်
  စုံစွာရောင်သွေး၊ ပန်းတို့မွှေးလျက်
  ပြေးခုန်လွှားလွှား၊ ဆော့ကစားသည့်
  သားသမင်ပေါ၊ ဘေးမဲ့တောသို့
  မြတ်စောဗုဒ္ဓါ၊ မြန်းကြွလာသည်
  ဝါဆိုလပြည့် ညချမ်းတည်း။
- ဝါဆိုလပြည့်၊ မိုးငွေ့ငွေ့တည့်
  ထိုနေ့ညချမ်း၊ အလှဆန်းသည့်
  လစန်းသီတဂူ၊ ဤဗမ္မူသို့
  ထွက်ပြူဝင်းပ၊ အလင်းငှစဉ်
  ဓမ္မစကြာ၊ ဒေသနာကို
  မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသော်
  နာရအထူး၊ တရားဦးကို
  ညွှတ်နူးပန်ဆင်၊ ဦးထိပ်တင်သည်
  ပဉ္စဝဂ္ဂီ ငါးဦးတည်း။
- ဓမ္မစကြာ၊ ဒေသနာကား
  သစ္စာလေးပါး၊ မြတ်တရားကို
  ထင်ရှားလူနတ်၊ မြင်စေအပ်သည့်
  မိန့်မှတ်မြွက်ကျူး၊ တရားထူးတည့်
  ညစ်ညူးဘီရာ၊ ကိလေသာနှင့်
  ဇာတိစသား၊ ဒုက္ခများလျှင်
  မြစ်ဖျားခံရာ၊ တဏှာအစစ်
  ကေန်ဖြစ်၏။
- ရင်းမြစ်သေချာ၊ တွေ့အောင်ရှာလျက်
  သမ္မာဒိဋ္ဌိ၊ အစရှိသည့်
  မဇ္ဈိမ ပဋိပဒါ၊ မဂ်ရှစ်ဖြာဖြင့်
  ဇာတိဒုက္ခ၊ ချုပ်ငြိမ်းရအောင်
  ပယ်ရမည်မှာ၊ ထိုတဏှာဟု
  မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသည်
  လောကတန်ဆောင်၊ ဉာဏ်အရောင်လျှင်
  ထွန်းပြောင်လျှံညီး ခဲ့ပြီတည်း။
- သြော်..ကာမသုခ၊ အတ္တကိလမထ
  စွန်းစနှစ်ပါး၊ မလိုက်စားဘဲ
  ရှစ်ပါးမဂ်၏၊ ဉာဏ်မျက်စိဖြင့်
  မဇ္ဈိမပဋိပဒါ၊ မြတ်ဓမ္မာကို
  ကောင်းစွာမြင်သိ၊ ဆင်ခြင်ဘိဟု
  အရိယသစ္စာ၊ ထွန်းလင်းလာအောင်
  မဟာကရုဏာတော်၊ မေတ္တာတော်ဖြင့်
  ဟောဖော်ညွှန်ပြ၊ မြတ်ဗုဒ္ဓအား
  ပဉ္စဝဂ္ဂီ၊ စသည်ဝင်ပါ
  ဗြဟ္မာနတ်အပေါင်း၊ ခြိမ့်ခြိမ့်ညောင်းမျှ
  သောင်းသောင်းဖြဖြ၊ ပူဇော်ကြသည်
  သာစွရဂုံ မိဂဒါဝုန်။
  လောကလမင်းအလင်းဂုဏ်။
  တုလွတ်မဲ့ကင်းပြီးပြည့်စုံ။

မြင်းမူမောင်နိုင်မိုး

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၂၂

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၂၄) ကို ဇူလိုင် ၂၃ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ပွဲစဉ် (၂၄) ၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ် တင်ဆက်သူ ထူးပြည့်အောင်နှင့် မေသော်လဝန်း တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစု လေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၂၃၊ ၂၄ နှင့် ၂၅ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၏ ညနေ ၆ နာရီ သတင်းအပြီး ၌ ထုတ်လွှင့် ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဝသာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇူလိုင် ၂၂

ဝသာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ် (၈)ကို ဇူလိုင် ၂၃ ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော် အဆိုတော်များဖြစ်ကြသည့် ဝိုင်းလမင်းအောင်၊ ထက်မြက်စိုး၊ ထက်ကို၊ ဟိန်းဇော်လင်း၊ ရွှေရည်ဝင်း၊ ဘိုမနှင့် လွှင်လွှင်မော်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။


ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မဟာသီဟနာဒ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ကောင်စီဝင် မန်းငြိမ်းမောင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ နေရာယူကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အစီအစဉ်အရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အနုပညာဦးစီးဌာနမှ ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ “ထူးမခြားနား” သီချင်းခံသုံးပိုဒ်ကို ဖွင့်လှစ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ပေါက်မြိုင်ဆရာတော်ကြီးထံမှ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*
ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွား ချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

**အသီးသီးဆက်ကပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က မဟာ သီဟနာဒ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အခမ်းအနား တက်ရောက်လာ ကြသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချ အမျှပေး**

ထို့နောက် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပေါက်မြိုင်ဆရာတော်ကြီးက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကောင်စီဝင် ဒေါ်အေးနုစိန် ဆရာတော်ထံ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ကောင်စီဝင် ဦးမောင်းဟာ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ကောင်စီဝင် ဒေါက်တာ ဗညားအောင်မိုး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ကောင်စီဝင် ဦးရွှေကြိမ် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများဖြစ်သည့် Oxygen Plant နှင့် Oxygen Concentrator များကို လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေဘဲ အမြန်ဆုံးဝင်ရောက်နိုင်ရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် ထိုင်းနိုင်ငံဘက်တွင် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မောတောင်တို့မှလည်းကောင်း၊ တရုတ်နိုင်ငံဘက်တွင် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ လွယ်ဂျယ်စသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆက်မပြတ် တင်သွင်းခွင့်ပြုလျက်ရှိသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှစ၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိရာ အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် သတ်မှတ်ထားသည့် ကာလအတွင်း၌လည်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများသည် ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဇူလိုင် ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၂၉၆၈ လုံး အပါအဝင် မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းများမှ Oxygen Plant ၄ ယူနစ်ကို မော်တော်ယာဉ် လေးစီးဖြင့်လည်းကောင်း၊ အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးဖြင့် တန် ၂၀ ၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၇၇ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၃၇၂၈ ခု၊ နှာခေါင်းစည်း (Mask) ၉၂ တန်၊ လက်အိတ် ခုနစ်တန်နှင့် Oxygen Generator နှစ်လုံး တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၉ ခုမှ ယာဉ်စီးရေ ၄၄ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာ သည့် ဇူလိုင် ၁၂ ရက်မှစ၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိရာ ဇူလိုင်၁၂ ရက်မှ ၂၂ ရက်အထိ မော်တော်ယာဉ် ၂၉၈ စီး၊ အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၄၀၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၂၄၈ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၆၂ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၁၁၇၄ ခု၊ Test Kit ၁၃၄၅၀၀၊ နှာခေါင်းစည်း (Mask) ၅၄၂ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီ လိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်

နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေး အနက်ထား ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ် ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိရန်အတွက် ပညာရေးတွင် အခြေခံကောင်းရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အရှေ့တောင်အာရှနိုင်ငံများ ကျန်းမာရေးဝန်ကြီးများ၏ တစ်နှစ်အကြာ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေး ၂၀၂၁ အထူးဗီဒီယိုကွန်ဖရင့်သို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် တစ်နှစ်အကြာ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေး ၂၀၂၁ အထူးဗီဒီယိုကွန်ဖရင့် Special VIDEO Conference of the 2021 ASEAN Health Ministers on "ASEAN COVID-19 Response after One Year" ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမမှ တက်ရောက် ဆွေးနွေးသည်။ (ယာပုံ)

အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌ အင်ဒိုနီးရှား နိုင်ငံမှ တစ်နှစ်အတွင်း ဒေသတွင်းဆိုင်ရာ ကျန်းမာရေးနှင့်သက်ဆိုင်သော ကိုဗစ်-၁၉ တုံ့ပြန်ရေး အဓိကအချက်များနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး အာဆီယံအတွင်းရေးမှူးချုပ်မှ တစ်နှစ်အတွင်း ဒေသတွင်းဆိုင်ရာ ကိုဗစ်-၁၉ တုံ့ပြန်ရေး အဓိကအချက်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

**အဓိကအကြံပြုချက်များဆွေးနွေး**

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါကူးစက်မှု အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ လက်ရှိအခြေအနေများ၊ ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော SARS-CoV-2 မျိုးရိုးဗီဇ ပြောင်းလဲမှုဖြစ်စဉ်များနှင့် အဓိကအကြံပြုချက်များ ဆွေးနွေးပြောကြားသည်။

ယင်းနောက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးစီမံကိန်း၊ SARS-CoV-2 မျိုးရိုးဗီဇပြောင်းလဲမှု စဉ်ဆက်မပြတ် စောင့်ကြည့်ရေးအစီအစဉ်များအပါအဝင် ကိုဗစ်-၁၉ တုံ့ပြန်ရေးဆောင်ရွက်ချက်များနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို နိုင်ငံတစ်ခုချင်းစီ အလိုက် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။



**ကျန်းမာရေးလူ့စွမ်းအားများ နည်းပါးနေခြင်း**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ အဓိကရင်ဆိုင်လျက်ရှိသော ပြဿနာမှာ ကျန်းမာရေးလူ့စွမ်းအားများ နည်းပါးနေခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများမှာ အကြောင်း အမျိုးမျိုးကြောင့် ၎င်းတို့နှင့် သက်ဆိုင်သော ကျန်းမာရေးဌာနများမှ ကင်းကွာလျက်ရှိကြောင်း၊ နိုင်ငံအနှံ့ ကျန်းမာရေးဌာနများမှာ ကိုဗစ်-၁၉ တတိယလှိုင်းကို ကျန်းမာရေးဝန်ထမ်း အလွန် နည်းပါးစွာဖြင့် ရင်ဆိုင်ဖြေရှင်းနေရပါကြောင်း။

မိမိတို့အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ ရောဂါကူးစက်မှုမရှိစေရေး၊ လုံခြုံရေးကို အဓိကထား ဆောင်ရွက်နေကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ အတွက် လိုအပ်သော ကူးစက်ရောဂါကာကွယ်ရေး ပစ္စည်းများ ပြတ်တောက်မှုမရှိဘဲ ရရှိစေရေးကို ကပ်ရောဂါ ဖြစ်ပွားမှု ကာလတစ်လျှောက် ဦးစားပေး ဆောင်ရွက်ကြောင်း၊ ကာကွယ်ဆေး ထိုးခြင်းတွင်လည်း ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေး၍ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း။

**ကာကွယ်ဆေးများရရှိရန်အတွက် ကူညီ**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး စီမံချက်ကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ခဲ့ပြီး လက်ရှိအချိန်တွင် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် လူဦးရေ ၁ ဒသမ ၇ သန်းအား ကာကွယ်ဆေးထိုးပေးခဲ့ပြီး ထပ်မံရရှိသော ကာကွယ်ဆေးများဖြင့် ၂၀၂၁ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအတွက် လျာထားရည်မှန်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုး ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးများ ရရှိရန်အတွက် ကူညီဆောင်ရွက် ပေးကြ၍ ကာကွယ်ဆေး လှူဒါန်းပေးခဲ့ကြပါသော အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားနိုင်ငံ တို့ကို ကျေးဇူးတင်ရှိပါကြောင်း။

ထို့အပြင် COVAX facility မှ ကာကွယ်ဆေး များရရှိရေးအတွက် WHO၊ UNICEF တို့နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တွင် ကိုဗစ်-၁၉ တတိယလှိုင်း ရင်ဆိုင်နေရသည့်အတွက် အဆိုပါ ကာကွယ်ဆေးများကို အလျင်အမြန်ရရှိရန် မျှော်လင့်ပါကြောင်း၊ SARS CoV-2 variants မျိုးရိုးဗီဇကွဲများ ဖြစ်ပေါ်မှုအခြေအနေများကို မြန်မာနိုင်ငံတွင်း စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး နိုင်ငံ၏အချို့ ဒေသများတွင် Alpha, Beta, Kappa နှင့် Delta variants များအား တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါ စောင့်ကြပ်ကြည့်ရှုမှုများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီးကပ်ရောဂါ တုံ့ပြန်မှုများ အား အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ သို့လည်း နောက်ဆုံးရရှိသော သတင်းအချက်အလက် များအား မျှဝေသွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုအတွင်း အရေးပေါ်လိုအပ်လျက် ရှိသော Liquid အောက်ဆီဂျင်များကို ထိုင်း-မြန်မာ နယ်စပ်ဖြတ်ကျော် သယ်ဆောင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးပါသော ထိုင်းနိုင်ငံဆိုင်ရာ အစိုးရအဖွဲ့များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့သည် အာဆီယံပဋိညာဉ်စာချုပ်အတိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်၍ ကိုဗစ်-၁၉ ကပ်ရောဂါအား အာဆီယံစိတ်ဓာတ်ဖြင့် တိုက်ဖျက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွေ့ကြုံ နေရသော အခက်အခဲများအား သင်ခန်းစာယူ၍ ကပ်ရောဂါ နောက်ပိုင်းကာလများတွင် ပိုမို ကောင်းမွန်သော ကျန်းမာရေးစနစ်များအား တည်ဆောက်နိုင်ရေး အာဆီယံအဖွဲ့ဝင်နိုင်ငံများ ကို တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။

**အာဆီယံ Portal စတင်မိတ်ဆက်**

ယင်းနောက် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေများနှင့်ပတ်သက်၍ အာဆီယံ Portal စတင်မိတ်ဆက်ခြင်းအစီအစဉ်ကို ပြုလုပ်သည်။

ထို့နောက် ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ပတ်သက်၍ အာဆီယံ ပူးတွဲကြေညာချက်ကို အတည်ပြုနိုင်ခဲ့ပြီး အာဆီယံ ဒုတိယဥက္ကဋ္ဌ လာအိုပြည်သူ့သမ္မတနိုင်ငံနှင့် ဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံတို့မှ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၂**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုမှာ နေ့စဉ်မြင့်တက်လျက်ရှိသောကြောင့် ရောဂါကူးစက်မှုမခံရစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ယနေ့တွင် အပြင်ထွက်တိုင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ရန်၊ လူစုလူဝေးများ ရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကို ဆပ်ပြာနှင့် မကြာခဏ ဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုသန့်စင်ခြင်းများ ပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်းမပြုလုပ်ရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျလိုက်နာရန် စသည့် အသိပေးနှိုးဆော်မှုများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တတ်အားသမျှ ပါဝင်ကုသိုလ်ဒါနပြုခြင်းဖြင့် တိဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြပါစေ

ဒေါက်တာမြတ်မိုး

လူသားတို့လောဘကြောင့် ဖြစ်ရသည့် ဒုဗ္ဘိက္ခန္တရကပ်၊ မောဟကြောင့်ဖြစ်ရသည့် ရောဂန္တရကပ်၊ ဒေါသကြောင့်ဖြစ်ရသည့် သတ္တန္တရကပ် ဤကပ်ကြီးသုံးပါးအနက် ကူးစက်ရောဂါကပ်ဘေးကြောင့်ဖြစ်ရသော ရောဂန္တရကပ်ဘေးဆိုးကြီးကြောင့် ကမ္ဘာလူသားအားလုံး ထိခိုက်ပျက်စီးမှုများစွာဖြင့် လက်တွေ့ရင်ဆိုင်ဖြေရှင်းနေကြရသည်။

ထို့ကြောင့်လည်း ဤသို့ ကပ်ဘေးကြီးများ ရင်ဆိုင်နေရချိန်တွင် ဝေနေယျသတ္တဝါ အပေါင်းတို့အနေဖြင့် ဒါနအပါအဝင် ကုသိုလ်ရေးများကို မမေ့မလျော့ဘဲ အာရုံစိုက် ကုသိုလ်ပြုစေချင်ပါသည်။ လှူတတ်လျှင် မြတ်သည့်အတွက် အလှူဒါနပြုတိုင်းလည်း အပြစ်အနာအဆာကင်းသော ဒါနကုသိုလ်မျိုးသာ ဖြစ်စေချင်ပါသည်။ ဆင်းရဲမှုများကြားက အလှူရေစက် လက်နှင့်မကွာဆိုသလို ဒါနကုသိုလ်ပြုသူများနှင့် မည်သို့သော ကုသိုလ်အမျိုးမျိုးကိုမဆို ဝမ်းမြောက်ကြည်နူးစွာဖြင့် တန်ဖိုးထား ဂုဏ်ယူရမည် ဖြစ်ပါသည်။

**အလှူအားလုံး၏ တတ်အားသမျှ ဒါနမျိုးစုံကို သာဓုခေါ်ဆိုအပ်ပါသည်**

ဆုံးမထိုက် နာယူခံထိုက်သော ဗုဒ္ဓဘာသာဝင် အများစုဖြစ်သည့် မြန်မာလူမျိုးတို့အနေဖြင့် ဘယ်ခေတ်ဘယ်အခါမဆို အလှူဒါနအရာတွင် ရက်ရက်ရောရော လှူဒါန်းဖြစ်ကြသည်။ မြန်မာလူမျိုးဆိုတာ ဆင်းရဲပေမယ့် ပရဟိတမှာတော့ ချမ်းသာကြသည်။ လိုအပ်သောအချိန်တွင် လိုအပ်သလို မိမိပိုင်ဆိုင်မှုကို စွန့်လွှတ်ဖို့ ဝန်မလေးဘဲ၊ ဒုက္ခရောက်သူကို ပစ်ပယ်ခြင်း၊ လျစ်လျူရှုခြင်း၊ တွန့်တိုခြင်း အလျဉ်းမရှိဘဲ ကူညီစောင့်ရှောက်ကြသည်။

ယခုကပ်ဘေးကြီးတွင်လည်း မိမိတတ်အားသမျှ ကျရာကဏ္ဍမှ ပါဝင်ထမ်းရွက်နေကြပြီး ငွေကြေးတတ်နိုင်သူက ငွေကြေး၊ နေရာထိုင်ခင်းတတ်နိုင်သူက နေရာ၊ လုပ်အားတတ်နိုင်သူက လုပ်အား စသည်ဖြင့် ကပ်ဘေးကြီးကို ရင်ဆိုင်မှုဝေပါဝင်ကူညီနေကြသည်ကို တွေ့ရသည်။ အလိုအပ်ဆုံးဖြစ်သည့် ဆေးဝါးကိရိယာ အထောက်အကူပြုပစ္စည်းများကတော့ အားလုံးသိသည့်အတိုင်းဖြစ်သည်။ အားလုံးရင်ဆိုင်နေရသော ဒုက္ခဘေးဆိုးကြီးမှ လွတ်မြောက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် အစားအသောက် အပါအဝင် ဆေးဝါး၊ mask မှအစ အသက်ကယ်အောက်ဆီဂျင်အထိ တန်ဖိုးနည်းသည်၊ များသည်မဟူ ဒါနမှုအစုစုကို အားတက်သရောတွေ့မြင်နေကြရသည်။

အချို့က မိမိပိုင်ဆိုင်သော တန်ဖိုးကြီးဥစ္စာပစ္စည်းများကိုပင် ရောင်းချပြီး လှူဒါန်းကြသည်ဟု ကြားသိရသည်။ ရဟန်းသံဃာတော်များကလည်း အန္တရာယ်ကင်းဘေးရှင်းရေးအတွက် ပရိတ်ပဋ္ဌာန်းတရားတော်များဖြင့် အသံမစဲရွတ်ဖတ်သရဇ္ဈာယ်တားဆီးကာကွယ်ပေးကြသည်။ ဆရာတော်သံဃာတော်များအပါအဝင် လူထုလူတန်းစား အလှူအားလုံး၏ လှူဒါန်းဒါနပြုနေမှုများကို တွေ့မြင်ကြားသိရသည့်အခါ ထိုကုသိုလ်ရှင်များ၏ စေတနာနှင့် သဒ္ဓါတရားကို တန်ဖိုးထား ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအထူးခေါ်ဆိုမိပါသည်။

**ကောင်းမှုကံများကို ဖြစ်စေသော ဤဒါနသည် အဖိုးတန်မွန်မြတ်လှပါသည်**

ဗုဒ္ဓဘာသာဝင်သူတော်စင် အပေါင်းတို့အနေဖြင့် နောင်ဘဝနောင်သံသရာ နိဗ္ဗာန်မရမီစပ်ကြား ဗုဒ္ဓဘာသာဝင် ပြန်ဖြစ်ရသည်ပင် အထူးမြတ်လှပါပြီ။ သဒ္ဓါ သီလ ပညာ စသည် အင်္ဂါရပ်များ အပေါ်မှာ အခြေခံသော မြင့်မြတ်လှသော ဒါန ကုသိုလ်နှင့်ပင် မိမိတောင့်တသော ဘုံဘဝ၊ မတောင့်တသော်လည်း ရသည့်ဂုဏ်အင် ပြည့်စုံ ရပါသည်။

ဒါနသည် ကောင်းကျိုးတို့၏တည်ရာ ပြုသင့်ပြုထိုက်သော ပုညကြိယာဝတ္ထု– ၁၀ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၍ မိမိလှူဒါန်းလိုက်ခြင်း၊ စွန့်လွှတ်လိုက်ခြင်းကို ဖြစ်စေသော စေတနာအရင်းခံသည့် ထိုဒါနတစ်ခုသည် အလွန်မွန်မြတ်တင့်တယ်လှပါသည်။

မလှူခင်ကပင် လှူဖို့ရာ အားထုတ်နေရသည့် ရှေ့စေတနာ၊ လှူစဉ်လှူခိုက် ဖြစ်ဆဲစေတနာ၊ မိမိလှူဒါန်းလိုက်သည်ကို အဖန်တလဲလဲ အောက်မေ့ကြည်နူးဝမ်းမြောက်နေသည့် နောက်စေတနာအားဖြင့် “ပုဗ္ဗ မုဉ္စ အပရ” ဟူသည် စေတနာသုံးဖြာခြံရံနေသည့် အလှူဒါနတစ်ခုတစ်ခု၏ ကုသိုလ်အစွမ်းသည်




အလွန်ကြီးမားလှပါပေသည်။ ပေးလှူသူကလည်း မိမိကပေးလှူလိုက်သည့် စေတနာကြောင့်ဖြစ်သည့် “ပတ္တိဒါန” ကုသိုလ်ကောင်းမှုအဖို့ကို ပေးလှူသူက ရရှိသွားသည့်အပြင် အလှူရှင်က ပေးလှူလိုက်သည့် ထိုကောင်းမှုကို မိမိကိုယ်တိုင်ကလည်း ဝန်တိုခြင်းကင်းကင်းဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာဟု ခေါ်ဆိုလိုက်ခွင့်ရလိုက်သည့် စေတနာကြောင့် မိမိအတွက်လည်း “ပတ္တာနု မောဒနာ” ဟု ဆိုသည့် ကုသိုလ်တစ်ခုကို ရလိုက်ပါသည်။

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ တည်းဟူသော အဓိပတိလေးပါးကလည်း ထိုကုသိုလ်ကို လေးနက်စွာဖြင့် ကျေးဇူးပြုပေးနေသည့်အတွက် မိမိပြုသော ထိုဒါနတစ်ခု နှင့် အတူ ယှဉ်တွဲ၍ မိမိကိုယ်တိုင်ရရှိလိုက်သည့် ကောင်းမှုကံများသည် အဖိုးတန်လှသော အကျိုးကျေးဇူးများပင် ဖြစ်ပါတော့သည်။

**စေတနာနှင့်သဒ္ဓါတရားနှင့်ဉာဏ်ပညာ ရှေ့ဆောင်သောကာလဒါနသည် သူတော်ကောင်းတို့၏ ပါရမီဖြစ်သည်**

ဘုရား တရား သံဃာတည်းဟူသော ရတနာမြတ်သုံးပါးအပေါ် ယုံကြည်မှု သဒ္ဓါတရား၊ မိမိ၏ ကိုယ်ကာယစိတ်ကာယကို ဖြူစင်သန့်ရှင်းအောင် ဆောက်တည်ထားသော သီလနှင့်မိမိ၏ ရုပ်နာမ်သင်္ခါရတရားများကို မမြဲခြင်း ဆင်းရဲခြင်း အစိုးမရခြင်း တည်းဟူသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးတင်၍ သတိကပ်ရှုမှတ်ပွားများ ဆင်ခြင်နေသော ဝိပဿနာဉာဏ်ပညာ စသည်... ဤအင်္ဂါရပ်များ ရှေ့ဆောင်နေသော ဒါနတရားသည် အထူးမွန်မြတ်လှပါသည်။

လောဘတဏှာကို မငြိတွယ်ဘဲ စွန့်လွှတ်ခြင်းဟူသည့် လက္ခဏာရပ်ပါဝင်သောကြောင့် သူတော်ကောင်းတို့၏ ပါရမီတစ်ပါးဟုလည်း ဆိုထိုက်ပါသည်။ ထိုသို့ ကောင်းမြတ်သော စေတနာနှင့် ထက်သန်သော သဒ္ဓါတရားများ ရှင်သန်ယိုဖိတ်နေသည့်အတွက် ထိုသူတွေကို ကြည့်လိုက်လျှင် “ဘယ်နေရာမှာ ဘာလိုနေလဲ၊ ဘယ်သူ့ကို ဘယ်အချိန် မှာ ဘာလှူရမလဲ ” ကိုသာ အစဉ်တွေးနေတတ်ပြီး သူ့စိတ်မှာ လိုအပ်လျှင် လိုအပ်သည့် ဘယ်နေရာမှာမဆို လှူဖို့ရန်ကိုပဲ စဉ်းစားနေတတ်သည်။

အချိန်ကာလအလိုက် မကျန်းမာသူနှင့် ဆင်းရဲဒုက္ခသောကရောက်နေသူများအပေါ် သင့်တော်သလို အထောက်အပံ့ပေးကာ ကာလဒါနကိုလည်း အကျိုးရှိစွာ ပြုတတ်သူဖြစ်သည်။ ပံ့ပိုးပေးကမ်း ကူညီလိုသော ကုသိုလ်စိတ်နှင့်အတူ ဒုက္ခရောက်ပြီး အကူအညီလိုအပ်နေသူများအပေါ် ပေးချင်ကမ်းချင်စိတ်ရှိနေတတ်သည်မှာ ဖြူစင်လှပသော ချစ်ခြင်းမေတ္တာနှင့် ကရုဏာတရားများပင်ဖြစ်သည် မဟုတ်ပါလား။

**အလောဘ၊ အဒေါသ၊ အမောဟကင်းသောကြောင့် တိဟိတ်ပုဂ္ဂိုလ်ဖြစ်ထိုက်သည်**

ကုသိုလ်တရားသည် ကုသိုလ်တရားများအား အထူးကျေးဇူးပြုပါသည်။ အလှူဒါနနှင့် ပတ်သက်၍ ထူးခြားလေးစားထိုက်သော လူပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များစွာ တွေ့ဖူးကြပါလိမ့်မည်။ သူတို့သည် သူတို့ပိုင်ဆိုင်သော စည်းစိမ်ချမ်းသာတွေကို အလွယ်တကူစွန့်လွှတ်နိုင်ကြသည်။ ဘာကြောင့်ပါလဲ။ သူပိုင်ဆိုင်သော စည်းစိမ်ချမ်းသာတွေကို တွယ်တာတပ်မက်မှုကင်းနေသောကြောင့်ဖြစ်သည်။ အကုသိုလ်နှင့် ယှဉ်သောလောဘတဏှာကင်းနေသောကြောင့်ဖြစ်သည်။ တွယ်တာနှောင်ဖွဲ့ခြင်း ကင်းမှုက ထိုသူ၏ စိတ်တွင် ကုသိုလ်စေတနာ သဒ္ဓါတရားတွေကို ပို၍ပို၍ တိုးပွားနေစေသည်။

အဖန်တလဲလဲ ကုသိုလ်စိတ်ရှင်သန်နေသည်ကို တွေ့ရသည်။ တစ်ပါးသူ၏ တိုက်တွန်းနှိုးဆော်မှုမပါဘဲ မိမိကိုယ်တိုင် မိမိအသိဖြင့် ထက်ထက်သန်သန် လှူဒါန်းသော စေတနာတရား၊ ဘုရား တရား သံဃာ ရတနာသုံးတန်နှင့်တကွ ကံ ကံ၏အကျိုးကို ယုံကြည်သောသဒ္ဓါတရားများရှေ့ဆောင်ပြီး ရွှင်လန်းဝမ်းမြောက်မှု သောမနဿဖြင့် လှူဒါန်းအပ်သော ဒါနမှန်သမျှသည် ကုသိုလ်အထူးကြီးမားလှပါသည်။

ကိလေသာကုန်ရာ မြတ်နိဗ္ဗာန်မှတစ်ပါး အခြားအကျိုးမမျှော်ကိုးဘဲ လှူဒါန်းပေးကမ်းလိုသော အလောဘနှင့်အတူ ဒုက္ခရောက်နေသူများအပေါ် မေတ္တာ ကရုဏာ ကြီးမားသောစိတ်ကြောင့်လည်း အဒေါသနှင့် ယှဉ်နေသောကုသိုလ်ဖြစ်သွားသည်။ ဉာဏ်နှင့်လည်းယှဉ်သော ဒါနဖြစ်သောကြောင့် နောင်ဘဝနောင်သံသရာ၌ ချမ်းသာသော သုဂတိဘုံဘဝ ဝယ် လူနတ်အကြိမ်ကြိမ် ဖြစ်ရသည်။ လောဘ၊ ဒေါသ၊ မောဟတရား သုံးပါးကင်းစွာဖြင့် ပြန်လည် ပဋိသန္ဓေနေရသောကြောင့် နောင်ဘဝတွင် ပညာဉာဏ်ကြီးမားသော တိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်သည့် အကျိုးကျေးဇူးများစွာကိုလည်း ပိုင်ဆိုင်ရပေသည်။

**လှူသည့်အခိုက် လောဘကင်းအောင် သတိချပ်ပါ**

အထူးဂရုပြုရမည့် အချက်များကိုတော့ သတိထားရှောင်ကြဉ်စေချင်ပါသည်။ စစ်မှန်သော ကုသိုလ်စိတ်ကို အကုသိုလ်စိတ် တချို့က အရောင်ဆိုးတတ်သည်။ အချို့က လာဘ်လာဘလိုချင်၍၊ အချို့က ကျော်စောသတင်း ဂုဏ်ကြီးထင်ပေါ်လို၍ လှူဒါန်းမှုမှန်သမျှ အကုသိုလ်စိတ်ရှေ့ဆောင်၍ လုပ်သည်ဟုပင် မှတ်ယူထိုက်သည်။

လောဘကိုအလိုလိုက်၍ လောဘရှေ့ထားက ကုသိုလ်မဖြစ်သည့်အပြင် ဒေါသဟူသည့် အကုသိုလ်ဆိုးပါ လိုက်ပါလာတတ်သည်။ မိုက်မဲတွေဝေမှု မောဟများပင် ဖြစ်ပေါ်လာသည်ဆိုလျှင် ဉာဏ်ပညာကင်းမဲ့ရာ ရောက်ပါသည်။ အသိဉာဏ်ကင်းမဲ့လျှင် အမှားအမှန် ခွဲခြားနိုင်စွမ်းလည်းမရှိတော့ဘဲ ကြံစည်တွေးတောမှုများလည်း တလွဲဖြစ်ကာ နှလုံးသွင်းမှုလည်းမှားပြီး ယုံမှားသံသယလည်း ကြီးလာတော့သည်။ ဒါနပြုသည့်အခိုက် လိုချင်တပ်မက်သည့်စိတ် မဖြစ်မိစေရန် သတိထားသင့်ပါသည်။ သတိလေးကပ်၍ လောဘလေး ကင်းစင်အောင် နေသင့်ပါသည်။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဖြစ်သွားတတ်သည်ကို သတိချပ်ရမည်။ အမှုမဲ့အမှတ်မဲ့ ပေါ်လာတတ်သည့် ဒေါသကို ချိုးနှိမ်ထားရမည့်အပြင် ပညာတည်းဟူသော အမောဟတရားကိုသာ မိမိစိတ်ဝယ် မယိမ်းမယိုင် ထားရှိအပ်ပါသည်။

**သူများကုသိုလ်က ကိုယ့်အကုသိုလ်ဖြစ်တတ်သည်။ နှလုံးသွင်းမှန်ပါလေ။**

လှူဒါန်းသူက စွန့်လွှတ်စိတ်ဖြင့် မေတ္တာတရားကြီးမားစွာဖြင့် လှူဒါန်းလိုက်သည့် အလှူတစ်ခု၊ ကုသိုလ်တစ်ခုအပေါ် မိမိတို့ကလည်း ဝမ်းမြောက်စွာဖြင့် သာဓုအနုမောဒနာ ခေါ်ဆိုထိုက်ပါသည်။ သူများကုသိုလ်က မိမိကိုယ်မိမိအကုသိုလ်ဖြစ်သွားနိုင်သည်ကို အထူးသတိပြု ဆင်ခြင်ရပါမည်။

တစ်ပါးသူလှူဒါန်းမှုအပေါ် မနာလိုဝန်တိုမှုဟူသော “ဣဿာ မစ္ဆရိယ” မပွားအပ်ပါ။ မနာလိုဝန်တိုမှု စေတသိက်များသည် ဒေါသမူလ အခြေခံသောကြောင့် အမုန်းနှင့် အာဃာတဟူသည့် အကုသိုလ်တရားဆိုးများကိုသာ တိုးပွားစေအောင် ပြုပေး တတ်ပါသည်။ တစ်ပါးသူ လှူဒါန်းမှုအပေါ် မနာလိုဝန်တိုမှုဖြစ်ခြင်းသည် အဆိပ်ပင် ရေလောင်းသကဲ့သို့ဖြစ်ချေသည်။ မိမိ၏စိတ်ထားယုတ်ညံ့မှုကို ပြသရာလည်း ရောက်သွားသည်ကို သတိပြုစေချင်သည်။

တစ်ခါတလေမှာ သူတစ်ပါး ပေးလှူနေတဲ့ အလှူဟာ အကျိုးမရှိဘူးလို့ ဖောက်ဖောက်ပြန်ပြန်မြင်နေတာလည်းရှိတတ်သည်။ “မိစ္ဆာဒိဋ္ဌိ” ဖြစ်နေသော အကုသိုလ် မနောကံတစ်ခုပင်ဖြစ်၍ ကြောက်စရာကောင်းပြီး အပယ်သို့ လားစေပါသည်။ ထိုသို့ ဖောက်ဖောက်ပြန်ပြန် မြင်နေခြင်းမှာလည်း မိမိကိုယ်တိုင်ကော အလှူခံပုဂ္ဂိုလ်နှင့် အလှူခံပစ္စည်းအပေါ်မှာပါ “ငါ့ဟာ ငါ့ပစ္စည်း ငါ” ဟူ၍ စွဲနေခြင်း၊ “မမြဲ အနိစ္စ၊ အစိုးမရ အနတ္တ” ဟု မမှတ်နိုင်ခြင်းကြောင့်ပင် ဖြစ်ရသည်ကို နှလုံးသွင်း ဆင်ခြင်သင့်ပါသည်။ *စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မဏ္ဍိရတနာကျောက်စိမ်းခန်းမတွင် ဖွင့်လှစ်ဆောင်ရွက်မည့် ကိုဗစ်-၁၉ Positive Center ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မဏ္ဍိရတနာကျောက်စိမ်းခန်းမတွင် ဖွင့်လှစ်ဆောင်ရွက်မည့် ကိုဗစ်- ၁၉ Positive Center ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ( ယာပုံ) လိုအပ်သည်များကို မှာကြား သည်။



နေပြည်တော်ရှိ မဏ္ဍိရတနာကျောက်စိမ်းခန်းမ၌ ကိုဗစ်- ၁၉ အတည်ပြုလူနာများထားရှိရန် ခုတင် ၁၅၂၆ လုံး ပြင်ဆင်လျက်ရှိရာ အမျိုးသမီးဆောင်အဖြစ် ခုတင် ၆၁၆ လုံး၊ ခန်းမဘေးရှိ ကျောက်စိမ်းပြခန်းများတွင် နယ်မြေ (၁၊ ၂) သတ်မှတ်ပြီး အမျိုးသားဆောင်အဖြစ် နယ်မြေ(၁) တွင် ခုတင် ၆၅၇ လုံး၊ နယ်မြေ(၂)တွင် ခုတင် ၂၅၃ လုံး ထားရှိမည်ဖြစ်သည်။

နေပြည်တော်တွင် အထူးကုဆေးရုံကြီးငါးရုံနှင့် ပြည်သူ့ဆေးရုံ ၁၇ ရုံတို့တွင် ကိုဗစ်ရောဂါ ဖြစ်ပွားနေသည့် ပြည်သူများကို အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ကိုဗစ်ရောဂါဖြစ်ပွားနေသည့် ပြည်သူများကို စည်ပင်ဧည့်ရိပ်သာ (၁)၊(၂)နှင့် လယ်ဝေး အားကစားကွင်း၌ ကုသပေးလျက်ရှိပြီး မဏ္ဍိရတနာကျောက်စိမ်းခန်းမတွင် ကိုဗစ်- ၁၉ Positive Center ထားရှိရေးဆောင်ရွက်လျက်ရှိသည်။

ပျဉ်းမနားမြို့နယ် မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန်တော်ကြီးတွင် Contact Person Center ဆောင်ရွက်ထားပြီး အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် Quarantine Center ဖွင့်လှစ်ထားရှိကာ Jade City Hotel ၊ ဇမ္ဗူသီရိဟိုတယ်၊ နယူးရောဟိုတယ်နှင့် ရွှေပြည်တော်ဟိုတယ်များတွင် Facility Quarantine Center များကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။


ခရိုင်(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

လတ်တလောတွင် ကပ်ရောဂါနှင့်ပတ်သက်သော ကုသရေးပစ္စည်းများဖြစ်သည့် အသက်ရှူစက် (Ventilator)၊ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်(Oxygen Concentrator)၊ အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်အိုး၊ နှာခေါင်းစည်း စသည့် မြန်မာနိုင်ငံမှ အရေးပေါ်လိုအပ်လျက်ရှိသောပစ္စည်းများကို တရုတ်နိုင်ငံမှ ပို့ဆောင်လျက်ရှိကြောင်း၊ လတ်တလောတွင် တရုတ်- မြန်မာနယ်စပ်၌ အတည်ပြုလူနာသစ်များ တိုးပွားလျက်ရှိရာ တရုတ်- မြန်မာနှစ်နိုင်ငံ ပူးတွဲထိန်းချုပ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဖော်ဆောင်လျက်ရှိပါကြောင်း၊ ယခုအခွင့်အခါကြုံခိုက် ပြည်ထောင်စုဝန်ကြီးနှင့်တကွ ကပ်ရောဂါတိုက်ဖျက်ရေးရှေ့တန်း၌ တိုက်ပွဲဝင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအားလေးစားကြောင်းကို ဖော်ပြလိုပါကြောင်း၊ ကပ်ရောဂါတိုက်ဖျက်ရေးဆောင်ရွက်မှုအား စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား ထောက်ခံအားပေးကူညီမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဦးဆောင်မှုဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအား ကိုဗစ်- ၁၉ ရောဂါကူးစက်မှု ဟန့်တားနိုင်ရန် ကာကွယ်ဆေးများအား အချိန်နှင့်တစ်ပြေးညီ ထိုးပေးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပေးအပ်သည့် ကာကွယ်ဆေးများအား လက်ခံရရှိသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နိုင်ငံသားများအား ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ လှူဒါန်းမှု ပထမအကြိမ်အဖြစ် ကာကွယ်ဆေးပမာဏ (၅)သိန်းအား (၂၀၂၁)ခုနှစ်၊ ဧပြီလတွင် လက်ခံရရှိခဲ့ပြီး ယခုထပ်မံရောက်ရှိလာသော ကာကွယ်ဆေးများဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်- ၁၉ ကပ်ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များအား အားဖြည့်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံရှိ ပြည်သူလူထုအားလုံး ဆင်းရဲချမ်းသာလူမျိုးဘာသာမခွဲခြားဘဲ ကာကွယ်ဆေးကို တတ်နိုင်သမျှ အလျင်အမြန်ရရှိရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုရောက်ရှိလာသော ကာကွယ်ဆေးများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လူဦးရေ၊ ရောဂါဖြစ်ပွားမှုအပေါ် မူတည်၍ ပြည်သူ့ဆေးရုံများနှင့် ကာကွယ်ဆေးထိုးစုရပ်များတွင် National Deployment Plan အရ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း video conferencing စနစ်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လွှဲပြောင်းလက်ခံ ရယူစဉ်။

တရုတ်- မြန်မာနှစ်နိုင်ငံ နယ်စပ်ဒေသ ကုန်သွယ်စီးဆင်းမှု အောင်မြင်ရေးအတွက် နယ်စပ်ဒေသရှိ ပြည်သူများအား ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ပါကြောင်း၊ လာမည့်ကာလများတွင် တရုတ်- မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိစွာဖြင့် ဆက်လက်၍ လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကျေးဇူးတင်စကား ပြောကြားသည်။

### နှစ်နိုင်ငံအပြန်အလှန် လက်မှတ်ရေးထိုး

ထို့နောက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး လွှဲပြောင်းလက်ခံသည့် မှတ်တမ်းအား နှစ်နိုင်ငံအပြန်အလှန် လက်မှတ်ရေးထိုးကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒုတိယအသုတ် လှူဒါန်းသည့် ကာကွယ်ဆေး Dose (၂)သန်းနှင့် ဆက်စပ်ပစ္စည်းများသည် ဇူလိုင် (၂၂)၊ (၂၃) နှင့် (၂၄)ရက်နေ့များတွင် (၃)ကြိမ်ခွဲ၍ ရောက်ရှိမည်ဖြစ်ပြီး ဝယ်ယူထားသည့် ကာကွယ်ဆေး Dose (၄) သန်းမှာ ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၆ မှ*

**မင်္ဂလာပိုလ် နိဗ္ဗာန်အကြောင်းတရားများဖြစ်ပါစေ**

ယခုလိုကာလမျိုးသည် စေတနာဖြင့်ပေးလှူလိုက်သော ဒါန၊ အကုသိုလ်မဖြစ်မိစေရန် ထိန်းသိမ်းရသော သီလနှင့် မိမိကုသိုလ်များကို အစဉ်တိုးပွားစေမည့် ဘာဝနာကုသိုလ်များကို ပို၍အားထုတ်သင့်သည့်ကာလဖြစ်သည်။ ဒါနရှင်များနှင့်အတူ ၎င်းတို့၏ ဒါနကောင်းမှုများကို တွေ့မြင်ရခြင်းကပင် သောကဆင်းရဲမှုများကြားမှ ကြည်နူးဝမ်းသာ စိတ်ချမ်းသာစရာများစွာကို ရရှိစေသည့်အတွက် ကျေးဇူးလည်းတင် “သာဓု သာဓု သာဓု” ဟူ၍လည်း အကြိမ်ကြိမ်ခေါ်မိပါသည်။

အကောင်းဆုံးတွေကို အများအတွက် လုပ်ခဲ့ကြသည့် ကုသိုလ်ရှင်အပေါင်းသည် ယခုပစ္စုပ္ပန်ဘဝမှာကော၊ နောင်ဘဝများတွင်ပါ ပျော်ရွှင်ကြည်နူးမှုများနှင့်ထပ်တူ ကောင်းကျိုးချမ်းသာများကို ခံစားရမည် ဖြစ်သည့်အပြင် နိဗ္ဗာန်မရမီစပ်ကြား အပါယ်ဘုံဘဝများနှင့်လည်း အလှမ်းဝေးသွားမည်မှာ သေချာနေသည့်အတွက် ဒါနဟူသော ရိက္ခာထုပ်နှင့်အတူ မင်္ဂလာပိုလ်နိဗ္ဗာန်၏အကြောင်းတရားများဖြစ်ပါစေကြောင်း၊ မိမိတို့နှလုံးသားဝယ် ဗြဟ္မစိုရ်တရားများနှင့်အတူ ယှဉ်တွဲနေသည့် ကုသိုလ်ဒါနစိတ်များ အစဉ်တိုးပွားဝေစည်နိုင်ကြပါစေကြောင်း အားလုံးကိုစေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဆန္ဒပြုလိုက်ရပါသည်။ ။

## နေပြည်တော်ကောင်စီသို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်- ၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။



လှူဒါန်းပွဲသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် ဦးစိုးသိန်း (သံအမတ်ကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ဝင်းကြည်၊ သားသမီးများဖြစ်ကြသော ဦးသန်းနိုင်နှင့် ဒေါ်ဝါဝါမြင့် (TN-21 Co.,Ltd နှင့် Family123 Co.,Ltd) တို့မှ အလှူငွေကျပ် ၁၀ သိန်းနှင့် KF94 Mask အရေအတွက် ၁၅၀၀ ၊ Mask အရေအတွက် ၂၀၀၀ ၊ Hand Glove အရေအတွက် ၁၀၀၀ ၊ Hand Gel ဘူးကြီး ၂၀ ၊ Cookies, Jelly Juice ၊ခေါက်ဆွဲနှင့် အာလူးကြော်ပါဝင်သည့် လေးပုံးတို့ကို ကုမ္ပဏီမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်နှင့် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်တို့က လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျောပိုးအိတ်လေးကို ချီကာလွယ်ခဲ့သူ

တာရာ

*(ယမန်နေ့မှ အဆက်)*

စာရေးသူက "အန်တီစန်းသည် လက်မထပ်ခင်ကပင် နိုင်ငံအတွက် ထိုသို့သော လိုက်လျောမှုများကို ပြုခဲ့ရသည်မဟုတ်၊ စစ်သားတစ်ယောက်၏ ဇနီး၊ စစ်တိုက်ထွက်နေသော ယောကျ်ားတစ်ယောက်၏ ဇနီးမယားဘဝ၊ နိုင်ငံကပေးအပ်သော တာဝန်ထမ်းဆောင်ရသော မင်းခယောကျ်ားတစ်ယောက်၏ ဇနီးမယားအနေနှင့် နှစ်ပေါင်း ၆၀ ကြာမျှ ချစ်မြတ်နိုးစွာဖြင့် လိုက်လျောမှုများကို ကျွန်တော့်အား ပေးအပ်ခဲ့ပါ၏ " ဟု ဇနီးသည်၏ နားလည်ပေးနိုင်မှု၊ လိုက်လျောမှုများကို အသိအမှတ်ပြုထည့်သွင်း ဖော်ပြထားရာ သစ္စာတရားကို အလေးအနက်မထားတော့သည့် ယနေ့ခေတ်အတွက် အားကျအတုယူဖွယ်ဖြစ်သည်။

တပ်မတော်သားတစ်ဦးအဖြစ် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှသည် ဧရာဝတီတိုင်း၊ ထိုမှတစ်ဖန် ပဲခူးရိုးမပေါ်သို့ ခြေချခဲ့ရပြန်သည်။ ထို့နောက်တွင် အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ပေးအပ်ထားသည့်တာဝန်များကို ဗုံးသံ၊ အမြောက်သံ၊ သေနတ်သံများအကြားတွင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ရင်မြေကတုတ်ပြုလျက် သေနတ်ကိုင် တာဝန်ထမ်းဆောင်ရင်း အနှစ် ၆၀ ကျော် ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများ၊ လုပ်ဖော်ကိုင်ဖက်ညီနောင် စစ်သည်တို့၏ စစ်ရေးစစ်ရာ တိုက်ရည်ခိုက်ရည်များ အကြောင်းကိုလည်း အသိအမှတ်ပြုဂုဏ်ယူကာ ကဏ္ဍတစ်ခုအနေဖြင့် ရေးသားထားသည်။

### စိတ်စေတနာကို တွေ့မြင်ရ

စာအုပ်တွင် ထိုခေတ်ထိုအခါ မြန်မာ့လွတ်လပ်ရေးရယူရန် ကြိုးပမ်းစဉ်က မြန်မာလူငယ်တို့၏ ရည်မှန်းချက်၊ မျှော်လင့်ချက်၊ လွတ်လပ်လိုသည့် စိတ်ဓာတ်၊ တစ်ဦးကို တစ်ဦး ကူညီရိုင်းပင်းသည့် စိတ်ဓာတ်များကို ဖော်ကျူးရေးဖွဲ့ထားရာ ယနေ့ခေတ်လူငယ်များအနေဖြင့် သမိုင်းထဲမှ သင်ခန်းစာရယူစေလိုသည့် စာရေးသူ၏ စိတ်စေတနာကို ရိုးရှင်းစွာတွေ့မြင်ရသည်။

ထို့ပြင် စာရေးသူသည် သူခဏတာ တာဝန်ထမ်းဆောင်ခဲ့သော ကျောက်ဖြူနှင့် နယ်စပ်ဒေသများကို မမေ့နိုင်သည့်အတွက် မှတ်မှတ်ရရထူးထူးခြားခြားဖြစ်ရပ်ဆန်းများ၊ ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးအတွက် သမားရိုးကျ မဟုတ်သော စစ်ဆင်ရေး ဆင်နွှဲခဲ့ရပုံများ၊ ၁၉၆၉ ခုနှစ်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဘဝဖြင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး စသည့် ဒေသတစ်ခုလုံး၏ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေးတို့အတွက် ဆောင်ရွက်ခဲ့ရပုံများကို အချိတ်အဆက်မိမိ လိုတိုရှင်း ဖော်ပြထားသည်။

### ဗဟုသုတ တိုးပွား

အရပ်ဘက်သို့ ပြောင်းရွှေ့လာပြီး ကာကွယ်ဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပုံ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပုံ၊ မြန်မာနိုင်ငံ၏ စက်မှုအခင်းအကျင်းသမိုင်း၊ အသိပညာဖွံ့ဖြိုးမှုနှင့် သုတေသနလုပ်ငန်းများကို အားပေးခြင်း၊ အထည်နှင့် အထည်ချုပ်စက်ရုံများ၊ သကြားစက်နှင့် အခြားစားသောက်ကုန်လုပ်ငန်းများ၊ စက်မှုနယ်မြေများ



စာရေးဆရာကြီး တင့်ဆွေ(ဖျာပုံ) (ဗိုလ်မှူးချုပ် တင့်ဆွေ)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားနှင့် စီးပွားဆက်ဆံရေးဝန်ကြီးဌာန ဝန်ကြီး မဒမ်ချန်ပူဝါ။



၁၉၇၅ ခုနှစ် တပ်မတော်နေ့ ညစာစားပွဲသို့ မသွားမီ စာရေးဆရာကြီး တင့်ဆွေ(ဖျာပုံ) (ဗိုလ်မှူးချုပ် တင့်ဆွေ)တို့ ဇနီးမောင်နှံနှင့် ဗိုလ်မှူးကြီး လှဘုန်းတို့ ဇနီးမောင်နှံတို့၏ အမှတ်တရဓာတ်ပုံ။


ထူထောင်ခြင်း၊ ဘိလပ်မြေနှင့် သံမဏိစက်ရုံ အပါအဝင် အခြားစက်ရုံများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်ခဲ့ပုံများ၊ ပေးအပ်သည့်နေရာတွင် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ပုံများကို ဖော်ပြထားရာ စာရှုသူတို့အတွက် သမိုင်းဆိုင်ရာ အချက်အလက်များကို လေ့လာနိုင် ခြင်းဖြင့် အသိအမြင်၊ ဗဟုသုတ တိုးပွားစေမည်ဖြစ် သည်။

စာရေးသူ၏ ဘဝဖြတ်သန်းမှုများနှင့်အတူ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအကြောင်း တစေ့တစောင်းနှင့် နိုင်ငံတော်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် ချီတက်ခဲ့ပုံများကို တစ်ဆက်တည်း ဖော်ပြခဲ့သည်။ စီမံခန့်ခွဲမှုအပိုင်းတွင် အထက်မှချမှတ်ထားသည့် ညွှန်ကြားချက်ကို အောက်ခြေတွင် လိုရာဆွဲ၍ လွန်ကဲစွာပြုလုပ်မိကြခြင်းများကြောင့် ပါတီကို ယုံကြည်မှု လျော့နည်းခဲ့ရပုံများ၊ ပါတီ၏ အားနည်းချက်၊ ချို့ယွင်းချက်များကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် အစိုးရသည် ၁၉၈၈ ခုနှစ်တွင် ပြိုကွဲကျဆုံးခဲ့ရပုံများကို သုံးသပ်တင်ပြထားသည်ကို တွေ့ရသည်။

### သင်ခန်းစာယူနိုင်ရန်

ဤစာအုပ်တွင် နိုင်ငံ့ကောင်းကျိုး၊ နိုင်ငံသားများ၏ကောင်းကျိုးကို စိတ်စေတနာဖြင့် အပင်ပန်းအဆင်းရဲခံပြီး မည်မျှပင်ကောင်းမွန်အောင် ဆောင်ရွက်စေကာမူ စနစ်မမှန်ကန်ပါက၊ ဥပဒေအကြောင်းနှင့် ညီညွတ်မှုမရှိပါက ရလဒ်မကောင်းနိုင်ကြောင်း၊ အချိန်အခါ စောလွန်းခြင်း၊ နောက်ကျခြင်းတို့ကလည်း အဖြေမှားများကို ဖြစ်ပေါ်စေတတ်ကြောင်းကို သင်ခန်းစာယူနိုင်ရန် ပွင့်ပွင့်လင်းလင်း ဝေဖန်ထောက်ပြထားသည်။

**ကျောပိုးအိတ်လေးကို ချီကာလွယ်စာအုပ်တွင် စာရေးသူ တင့်ဆွေ (ဖျာပုံ)၏ ဘဝဖြစ်ရပ်များ၊ ဖြတ်သန်းခဲ့သည့် ခေတ်စနစ်တို့၏ ထင်ဟပ်မှုများ၊ နိုင်ငံရေးအခြေအနေ၊ ဘဝအတွေ့အကြုံတို့ကို သုတရသရောယှက်ခြယ်မှုန်းထားရာ လေ့လာ သင်ခန်းစာယူ၍ ပြုပြင်သင့်သည်ကို ပြုပြင်၊ အတုယူသင့်သည်ကို အတုယူ၊ စွန့်ပယ်သင့်သည်ကို စွန့်ပယ်ခြင်းဖြင့် အောင်မြင်သည့် ဘဝတစ်ခုကို တည်ဆောက်သွားနိုင်မည်ဖြစ်သည့်အတွက် ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်**



စာရေးဆရာကြီး တင့်ဆွေ(ဖျာပုံ) (ဗိုလ်မှူးချုပ် တင့်ဆွေ) ဂျပန်ပြည်စစ်ပညာသင်ဘဝ၊ ဂျပန်တပ်ခွဲမှူး တပ်စုမှူးများနှင့်အတူ တွေ့ရစဉ်။

စာရေးသူသည် ဘဝနေဝင်ချိန်အတွက် တရားခမ္မတို့ကို ပြင်ဆင်နေပုံများလည်း ပါဝင်ရာ ဤစာအုပ်မှ စာရှုသူတို့အတွက် လောကဓံရှစ်ပါး၏ ထုထောင်းမှုများ၊ ဝမ်းသာ၊ ဝမ်းနည်းခံစားမှုများကို မတုန်မလှုပ်ရင်ဆိုင်နိုင်သည့် စိတ်ဓာတ်ခွန်အားများ ရရှိစေမည်ဖြစ်သည်။

စာအုပ်တွင် စာရေးသူ၏ ဇနီးသည်နှင့်လက်ထပ်သည့်နေ့မှ ဓာတ်ပုံ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ရိုက်ကူးထားသည့်ဓာတ်ပုံ၊ ဝန်ကြီးအဖွဲ့ဝင်များနှင့် ပုံများ၊ တရုတ်ပြည်ခရီးစဉ်မှ ဓာတ်ပုံများ၊ ဂျပန်စစ်ပညာသင်ဘဝ ကျောင်းသားဘဝဓာတ်ပုံ၊ ဖူဂျီရာ မတောင်ခြေလေ့ကျင့်ရေးစခန်းတွင် ရဲဘော်ရဲဘက်

*စာမျက်နှာ ၉ သို့*

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။


သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

*စာမျက်နှာ ၈ မှ*


များနှင့်အတူ ရိုက်ထားသည့်ဓာတ်ပုံများ စသည်ဖြင့် ဓာတ်ပုံများစွာကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားရာ ဓာတ်ပုံတစ်ပုံ၊ ပန်းချီကားတစ်ချပ်သည် စကားလုံးပေါင်း ထောင်သောင်းနှင့်ညီသည် ဆိုသည့်အတိုင်း စာရှုသူတို့၏ အသိအမြင်ကို ပိုမိုကျယ်ပြန့်စေနိုင်မည်ဟု ယူဆမိပါသည်။

**ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်**

ဤကျောပိုးအိတ်လေးကို ချီကာလွယ် စာအုပ်



ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်မောင်နှင့် အဖွဲ့အား အထည်ချုပ်စက်ရုံ အမှတ်(၂) ကို ဖိတ်ခေါ်ပြသနေပုံ။



စာရေးဆရာကြီး တင့်ဆွေ(ဖျာပုံ) (ဗိုလ်မှူးချုပ် တင့်ဆွေ) ဟောင်ကောင်တွင် အထည်ချုပ်စက်ရုံတွင် ကြည့်ရှုလေ့လာနေပုံ။

တွင် စာရေးသူ တင့်ဆွေ (ဖျာပုံ)၏ ဘဝဖြစ်ရပ်များ၊ ဖြတ်သန်းခဲ့သည့် ခေတ်စနစ်တို့၏ ထင်ဟပ်မှုများ၊ နိုင်ငံရေးအခြေအနေ၊ ဘဝအတွေ့အကြုံတို့ကို သုတရသရောယှက်ခြယ်မှုန်းထားရာ လေ့လာသင်ခန်းစာယူ၍ ပြုပြင်သင့်သည်ကို ပြုပြင်၊ အတုယူ သင့်သည်ကို အတုယူ၊ စွန့်ပယ်သင့်သည်ကို စွန့်ပယ်ခြင်းဖြင့် အောင်မြင်သည့် ဘဝတစ်ခုကို တည်ဆောက်သွားနိုင်မည် ဖြစ်သည့်အတွက် ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်အဖြစ် မိတ်ဆက်ပေးလိုက်ရပါသည်။ ။

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ ရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မြို့နယ် ၁၈ မြို့နယ်၊ ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်နှင့် ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်တို့၏ မဲစာရင်းများကို တစ်မြို့နယ်ချင်းအလိုက် အသေးစိတ်စိစစ်ခဲ့ပြီး မြို့နယ်အသီးသီးရှိ မဲရုံတစ်ခုချင်းအလိုက် မဲပေးခဲ့မှု အခြေအနေများနှင့် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေး ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး/ မဲရုံအဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ အောက်ပါအတိုင်း ပါဝင်ယှဉ်ပြိုင်/ ဆန္ဒမဲပေးခဲ့ကြပါသည်-

(က) ကချင်ပြည်နယ် မြို့နယ် ၁၈ မြို့နယ်တွင် နိုင်ငံရေးပါတီ ၁၇ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၉၁၉ ရုံတွင် မဲဆန္ဒရှင် စုစုပေါင်း ၁၁၅၀၄၀၇ ဦး ရှိသည့်အနက် ၇၆၁၈၅၀ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၆၆.၂၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။

(ခ) ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်တွင် နိုင်ငံရေးပါတီ ၁၂ ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၂၃၃ ရုံတွင် မဲဆန္ဒရှင် စုစုပေါင်း ၂၁၂၉၁၆ ဦး ရှိသည့်အနက် ၁၆၂၈၅၇ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှု ရာခိုင်နှုန်း ၇၆.၄၉ ရာခိုင်နှုန်းရှိခဲ့ပါသည်။

(ဂ) ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်တွင် နိုင်ငံရေးပါတီ ၁၄ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၈၅၂ ရုံ၊ မဲဆန္ဒရှင် စုစုပေါင်း ၁၂၃၆၈၃၈ ဦး ရှိသည့်အနက် ၆၆၁၆၉၈ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၅၃.၅၀ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

၃။ ကချင်ပြည်နယ် မြို့နယ် ၁၈ မြို့နယ်၏ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၁၅၀၄၀၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၇၅၅၈၀၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၉၂၄၅၂ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၇၆၃၃ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၀၂၈၇၆ ဦး၊ ပြည်နယ်အတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check)အရ မဲစာရင်း ထပ်နေသူ ၆၀၅၉၀ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၆၇၉ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၄၉၇ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၄။ ကချင်ပြည်နယ် မြို့နယ် ၁၈ မြို့နယ်တွင် မဲရုံပေါင်း ၉၁၉ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၀၁၀၉၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၆၁၃၂၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၃၉၇၇၀ ၊ မြေပြင်လက်ကျန် ၅၃၆၈၈၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၉၄၄၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၅၆၈ ဖြစ်သည်။

၅။ ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၁၂၉၁၆ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၁၄၀၇၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၅၅၅၂ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၉၃၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၆၆၈၀ ဦး၊ ပြည်နယ်အတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check)အရ မဲစာရင်းထပ်နေသူ ၅၉၁၂ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၂၃၈ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၄၄ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၆။ ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်တွင် မဲရုံပေါင်း ၂၃၃ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၃၈၈၀၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၂၈၄၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၅၉၅၆၊ မြေပြင်လက်ကျန် ၇၅၂၇၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၄၆၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၇၈၈ ဖြစ်သည်။

၇။ ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၏ ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၂၃၆၈၃၈ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၀၄၇၈၆၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၄၁၉၅၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၅၂၅၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၂၈၂၃၀ ဦး၊ ပြည်နယ်အတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check)အရ မဲစာရင်း ထပ်နေသူ ၁၅၂၉၄ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၉၁၇ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၈၂၂ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်တွင် မဲရုံပေါင်း ၈၅၂ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၆၆၂၂၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၄၁၈၄၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၂၄၃၇၄ ၊ မြေပြင်လက်ကျန် ၆၅၄၀၂၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၇၂၂၇၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၉၂၇ ဖြစ်သည်။

၉။ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | တိုင်း/ ပြည်နယ် | ပြည်သူ့လွှတ်တော် | | အမျိုးသားလွှတ်တော် | | တိုင်း/ပြည်နယ် လွှတ်တော် | | တိုင်းရင်းသား လူမျိုး | | မြို့နယ် အရေ အတွက် | မဲရုံ | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | | | | | | | | | ပျောက်ဆုံး | အပို |
| ၁ | ကချင် | ၁၈ | ၁၀၁ | ၁၂ | ၇၅ | ၃၆ | ၂၀၉ | ၄ | ၂၅ | ၁၈ | ၉၁၉ | ၁၁၅၀၄၀၇ | ၇၅၅၈၀၇ | ၁၃၀၁၀၉၄ | ၇၆၁၃၂၄ | ၅၃၉၇၇၀ | ၅၃၆၈၈၉ | ၉၄၄၉ | ၆၅၆၈ |
| ၂ | ကယား | ၇ | ၄၈ | ၁၂ | ၈၃ | ၁၄ | ၉၉ | ၁ | ၇ | ၇ | ၂၃၃ | ၂၁၂၉၁၆ | ၂၁၄၀၇၄ | ၂၃၈၈၀၅ | ၁၆၂၈၄၉ | ၇၅၉၅၆ | ၇၅၂၇၆ | ၂၄၆၈ | ၁၇၈၈ |
| ၃ | ကရင် | ၇ | ၃၄ | ၁၂ | ၆၁ | ၁၄ | ၈၀ | ၃ | ၂၄ | ၇ | ၈၅၂ | ၁၂၃၆၈၃၈ | ၁၀၄၇၈၆၅ | ၁၃၆၆၂၂၂ | ၆၄၁၈၄၈ | ၇၂၄၃၇၄ | ၆၅၄၀၂၉ | ၇၂၂၇၂ | ၁၉၂၇ |

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

၁၀။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက် အမှတ် (၃၂/ ၂၀၁၇) ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ယင်းနောက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၄-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၃/၂၀၁၇)နှင့် ၆-၁၂-၂၀၁၇ ရက်စွဲပါကြေညာချက်အမှတ်(၃၄/၂၀၁၇)တို့ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် NLD ပါတီအမာခံများ ထည့်သွင်း၍ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်များကို ထပ်မံထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကြေညာချက်များတွင် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များမှ ခန့်အပ်လိုသူများအား ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၄-၈-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၇ / ၄၆၄- အထွေထွေ/ အဖရ(၂၀၂၀) ဖြင့် ညွှန်ကြားချက်အရ ပြည်နယ်အစိုးရအဖွဲ့မှ ၅-၈-၂၀၂၀ ရက်နေ့တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့ကြောင့်ပင် လူဦးရေစာရင်းများထပ်ကာ မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်မှုများ ဖြစ်ပွားခဲ့ရကြောင်း စိစစ်တွေ့ရှိရသည်။ ယင်းအဖွဲ့၏ ညွှန်ကြားချက်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လူဦးရေစာရင်းများ ကျန်ရှိသေးကြောင်း ထပ်မံပေးပို့လာသည့် စာရင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများအနေဖြင့် မဲဆန္ဒရှင်စာရင်းများတွင် ထပ်မံထည့်သွင်းခဲ့ရကြောင်း တွေ့ရှိရသည်။ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရပ်ကွက်/ ကျေးရွာအုပ်စု) တို့မှ အောက်ခြေတွင် သေချာစွာစိစစ်ခြင်းမရှိဘဲ ထပ်မံပေးပို့လာသည့် လူဦးရေစာရင်းများကြောင့် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီးသူများ ထပ်မံပါဝင်လာသဖြင့် မဲစာရင်းများ ဖောင်းပွခြင်း၊ ထပ်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၂။ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသား စိစစ်ရေးကတ်ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကိုတွေ့ရှိရသည်။ **သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်** ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၁၃။ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ကြေညာ ဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၁၄။ မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့် အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ် တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မျှတမှု မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၅။ အထက်ပါ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် NLD ပါတီအနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုလုပ်၍ ဝင်ရောက်စွက်ဖက် မလျော်သြဇာအသုံးပြုကာ မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် အခြားနိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ အားလုံးကို COVID- 19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍ လည်းကောင်း ကန့်သတ်ထိန်းချုပ်၍ နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်း၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ခြင်းတို့ကို စိစစ်တွေ့ရှိရသည်။

**❐ ကချင်ပြည်နယ် မြို့နယ် ၁၈ မြို့နယ်၏ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၁၅၀၄၀၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၇၅၅၈၀၇ ဦး ဖြစ်၊ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၉၂၄၅၂ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၇၆၃၃ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၀၂၈၇၆ ဦး၊ ပြည်နယ်အတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check)အရ မဲစာရင်းထပ်နေသူ ၆၀၅၉၀ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၆၇၉ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၄၉၇ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိ**

၁၆။ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် အထက်ပါ စစ်ဆေးတွေ့ရှိချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စိစစ်တွေ့ရှိရသည့်အပြင် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း ပေါ်လွင်ထင်ရှားပါသည်။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မြို့နယ် ၁၈ မြို့နယ်၊ ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်နှင့် ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်နယ်များအတွင်း တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခဲ့သော ရွေးကောက်ပွဲရလဒ်များကို ဥပဒေနှင့်အညီ ပယ်ဖျက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အမုန်းတရားများကို အဆက်မပြတ်ရိုက်သွင်းလေသောအခါ . . .

စာချစ်သူ

ဇူလိုင်လ ၁၆ ရက်နေ့ နံနက်။ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် လျှပ်စစ်ရုံးရှေ့တွင် မီတာဆောင်ရန် လူ ၃၀ ခန့် တန်းစီစောင့်ဆိုင်းနေလေသည်။ နံနက် ၉ နာရီကျော်တွင် အင်္ကျီအဝါရောင်လက်ရှည်နှင့် ဂျင်းဘောင်းဘီနက်ပြာရောင် တွဲလျက်ဝတ်ဆင်ထားပြီး ပန်းရောင်ပိုက်ဆံအိတ်ကို လွယ်ထားသည့် အမျိုးသမီးတစ်ဦး YinXing အမျိုးအစား မော်တော်ဆိုင်ကယ်အားစီး၍ ရုံးအတွင်း ဝင်ရောက်လာသည်။

သူက မော်တော်ဆိုင်ကယ်ကို မီတာဆောင်သည့် ကောင်တာအနီး ရပ်တန့်ထားခဲ့ကာ ရုံးအပြင်ဘက်သို့ လမ်းလျှောက်ထွက်ခွာသွားပြီး အပြင်က လာခေါ်သည့် အမျိုးသားတစ်ဦး မောင်းနှင်သော ဆိုင်ကယ်ပေါ်တက်၍ ပြန်လည်ထွက်ခွာသွားသည်။ အပြစ်မဲ့ပြည်သူတချို့သည် သူတို့အနီးအနားတွင် သေမင်းတမန် ရပ်နေသည်ကို မသိရှာခဲ့ကြ။ လူလတ်ပိုင်း အမျိုးသားတစ်ဦးသည် ထိုသေမင်းတမန်ဆီသို့ တန်းတန်းမတ်မတ် သွားနေသည်။ CCTV မှတ်တမ်းထဲက ထိုပုံရိပ်မြင်ကွင်းကိုကြည့်ရင်း သူ့အစား ဘုရားတနေမိသည်။ တော်ပါသေးသည်။

သူသည် သေမင်းတမန်ကို ဖြတ်ကျော်၍ ခပ်လှမ်းလှမ်းကို ထွက်ခွာသွားလေသည်။ သို့ရာတွင် အခြားအပြစ်မဲ့ပြည်သူအချို့ကတော့ သူကဲ့သို့ ကံမကောင်းခဲ့ချေ။ ရပ်တန့်ထားသော ဆိုင်ကယ်အတွင်းရှိ အဖြူရောင်ကီးပက်ဖုန်းဖြင့် ချိတ်ဆက်ပြုလုပ်ထားပြီး အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲရသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပါသည်။

အဆိုပါပေါက်ကွဲမှုကြောင့် လျှပ်စစ်ရုံး ဝန်ထမ်းအမျိုးသားသုံးဦး (တစ်ဦးစိုးရိမ်ရ) နှင့် အမျိုးသမီးလေးဦး(မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ပြီး မီတာခဆောင်ရန် ရောက်ရှိနေသည့် ပြည်သူအမျိုးသားနှစ်ဦး (တစ်ဦးစိုးရိမ်ရ)နှင့် အမျိုးသမီးတစ်ဦး (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့သည်။

၁၉၉၁ ခုနှစ် မေလ ၂၁ ရက်နေ့။ ရာဂျစ်ဂန္ဒီနှင့်အဖွဲ့သည် မဒရပ်လေယာဉ်ကွင်းမှ ရှရီပါရမ်ဘူဒါသို့ မော်တော်ကားဖြင့် ထွက်ခွာလာကြသည်။ ထိုနေ့တွင် ရာဂျစ်ဂန္ဒီသည် လူထုစည်းဝေးပွဲကြီး၌ မဲဆန္ဒရှင် ပြည်သူများအား ဟောပြောရန် ဖြစ်သည်။

တမီးလ်အစွန်းရောက် ဝါဒီများ၏ အယ်လ်တီတီအီး (LTTE) အဖွဲ့သည် ရာဂျစ်ဂန္ဒီရွေးကောက်ပွဲ၌ အနိုင်ရရှိပြီး အာဏာပြန်ရလာမည်ကို စိုးရိမ်နေကြသည်။

ရာဂျစ်ဂန္ဒီဟောပြောမည့် စင်မြင့်၏ ပတ်ပတ်လည်၌ ရပ်နေကြသည့် လူထုပရိသတ်သည် ကြက်ပျံမကျ စည်ကားလို့နေသည်။ ထိုလူအုပ်သည် ရာဂျစ်ဂန္ဒီနှင့် လက်တစ်ကမ်းသာကွာသည်။ ထိုဟာကွက်ကို တမီးလ် အယ်လ်တီတီအီး အဖွဲ့သည် သတိထားမိလေသည်။ ဤသို့ဖြင့် သူတို့သည် ဒီဟာနု (ခေါ်) ဂါယာတီနှင့် ရှုဘာရာ(ခေါ်) ရှာလာနီအမည်ရှိ တမီးလ်အမျိုးသမီးငယ်နှစ်ယောက်ကို စည်းရုံးသိမ်းသွင်း တာဝန်ပေးလိုက်သည်။

သူတို့နှစ်ဦးစလုံးအား အလွန်ပေါက်ကွဲအား ပြင်းထန်သော ပလတ်စတစ်ဗုံးများကို တစ်ကိုယ်လုံးတွင် ချိတ်ဆွဲပေးကာ လူဗုံးများဖြင့် အသွင်ကူးပြောင်းပေးလိုက်ကြသည်။ အကြမ်းဖက်လူသတ်သမားနှစ်ဦးသည် ဟောပြောမည့်နေရာသို့ သွားရောက်ကြပြီးလျှင် လူထုပရိသတ်နှင့်အတူ ရောနှောလိုက်ကြသည်။ စင်မြင့်ပေါ်သို့ ရာဂျစ်ဂန္ဒီ တက်သွားခိုက်တွင် လူထုကြီးသည် ရာဂျစ်ဂန္ဒီအား ပန်းကုံးစွပ်ရန်နှင့် လက်ဆွဲနှုတ်ဆက်ရန် ဝိုင်းအုံ၍ တိုးဝှေ့နေကြသည်။

**○ ဟားမားစ်တို့ကမူ အသေခံဗုံးဖောက်ခွဲသူကို “အပျိုစင် ခုနစ်ဆယ့်နှစ်ယောက်သည် ကောင်းကင်ဘုံတွင် စောင့်ကြိုနေသည်”ဟု လူငယ်များကို စည်းရုံးသိမ်းသွင်းခဲ့လေသည်။ နောက်တစ်ဆင့်တက်၍ “ဂျီဟတ်”ဆိုသည့် ခေါင်းစဉ်အောက်တွင် မိမိကိုယ်မိမိ ရည်ရွယ်ချက်ရှိရှိ သတ်သေရန် စေစားခဲ့သည်။ နောက်ပိုင်းတွင် အသေခံဗုံးခွဲသူ၏ မိသားစုဝင်များပင် ကောင်းကင်ဘုံတွင် နေရာတစ်ခုရလိမ့်မည်ဟု ဆိုပြန်သည်။**

လူအုပ်ကြီးအတွင်းရောက်ရှိနေသော ဒီဟာနုသည် ပရိသတ်များကို အတင်းတိုးဝှေ့ဖယ်ရှားကာ ရှေ့ဆုံးသို့ရောက်အောင် ကြိုးစားသည်။ ရှေ့ရောက်သောအခါ သူ၏လက်ထဲမှ ပန်းကုံးကို မွှန်မြတ်သော လက်ဆောင်အဖြစ် ရာဂျစ်ဂန္ဒီထံ လှမ်းပေးလိုက်သည်။ ထို့နောက် ရာဂျစ်၏ ရှေ့၌ ဒူးတုပ်၍ထိုင်ကာ ခြေထောက်များကို အမြတ်တနိုးကိုင်တွယ်ပြီး ဝပ်တွားကာ နမ်းရှုပ်လေသည်။

တစ်စက္ကန့်မျှသာကြာသည့် ထိုအချိန်ကလေးအတွင်းမှာပင် ဒီဟာနုသည် ဗုံးကို ဖောက်ခွဲလိုက်လေသည်။ ပြင်းထန်သော ပေါက်ကွဲသံကြီးနှင့်အတူ တရားဟောစင်မြင့်ပတ်လည်ရှိ မြေပြင်သည် သွက်သွက်ခါ တုန်သွားသည်။ ပေါက်ကွဲမှုကြောင့် ရာဂျစ်ဂန္ဒီ၏ ရင်ဘတ်သည် ပွင့်ထွက်သွားပြီး တစ်ကိုယ်လုံး လူရုပ်မပေါ်အောင် တစ်ပိုင်းတစ်စစီ ဖြစ်သွားခဲ့သည်။

ဤဗုံးပေါက်ကွဲမှုကြောင့် ရာဂျစ်ဂန္ဒီ၊ သူ့အား လုပ်ကြံသူအမျိုးသမီးနှင့် အရာရှိများစွာ သေဆုံးသွားသည်။ အနီးအနားရှိ ပရိသတ်များထဲမှ လူတော်တော်များများလည်း သေဆုံးခဲ့ကြပြီး လူပေါင်းများစွာမှာလည်း ဒဏ်ရာရခဲ့ကြလေသည်။

ဒီဟာနုသည် တမီးလ်တိုက်ဂါးအဖွဲ့၏ Black Tiger အသေခံအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ တမီးလ်တိုက်ဂါးအဖွဲ့၏ မျှော်မှန်းချက်မှာ တမီးလ်နိုင်ငံ ထူထောင်ရန်ဖြစ်သည်။ သူတို့၏ ရည်မှန်းချက်များအောင်မြင်ရေးအတွက် တမီးလ်အစွန်းရောက်သူများကို လူ့အသက်ထက် ပို၍ပေးဆပ်သင့်သည့် စိတ်ဓာတ်မျိုး ဖြစ်လာစေရန်ရိုက်သွင်းပေးခဲ့သည်။

သို့အတွက် မသိနားမလည်သူများ၊ အစွန်းရောက်လူငယ်များသည် Black Tiger အဖွဲ့ဝင်ဖြစ်လျှင် ဂုဏ်ရှိသည်ဟု ယူဆကာ အဖွဲ့ဝင်ဖြစ်ရန် လျှောက်လွှာများပင် တန်းစီ၍တင်ကြသည်။ ခေါင်းဆောင်များက စံနှုန်းများနှင့် ညီ၊ မညီ အင်တာဗျူးများခေါ်၍ စိစစ်ရသည့်အထိပင် များပြားခဲ့သည်။

အကြမ်းဖက်ဝါဒီခေါင်းဆောင်များသည် မသိနားမလည် လူငယ်လူရွယ်များကို အကြမ်းဖက်လုပ်ငန်းများတွင် အသက်စွန့်၍ လုပ်ဆောင်နိုင်ရန် ရှေးဦးစွာ Brain Washing ခေါ် ဦးနှောက်ကို ဆေးပစ်လေ့ရှိသည်။ ပြီးမှ ၎င်းတို့လိုချင်သည့် သဘောတရားများကို သွတ်သွင်းလေသည်။ စစချင်း ထိုသို့ ပုံစံရိုက်သွင်းမှန်း မသိစေဘဲ မသိလိုက်မသိဘာသာ တဖြည်းဖြည်းချင်း စိမ့်ဝင်သွားအောင် နားချပြီးမှ စည်းရုံးတတ်ကြသည်။

ကိုယ့်ဘက်ပါလာပြီ ဆိုသောအခါ အချိန်တိုင်း၊ အချိန်တိုင်း အခြားအကြောင်းကို မစဉ်းစားမိစေရန်၊ အမုန်းတရားနှင့် သဘောတရားရေးရာများကို အချိန်တိုင်း ဖြစ်ပေါ်နေစေရန်၊ ရှိနေစေရန် လုပ်ဆောင်ပေးလေတော့သည်။

တာလီဘန်၊ ဟစ်ဘိုလာနှင့် ဟားမတ်စ် အကြမ်းဖက်အဖွဲ့များကမူ “ဘာသာရေးအတွက် သေမည်ဆိုလျှင် ကောင်းကင်ဘုံရောက်မည်”ဟု ဆိုကာ ဘာသာရေးကို တလွဲအသုံးချ၍ လူငယ်များကို မြှောက်ပင့်စည်းရုံးလေ့ရှိသည်။

“မိမိကိုယ်ကိုမိမိ စွန့်လွှတ်အနစ်နာခံခြင်း”ဟုဆိုကာ အီရန်သည် အီရန်-အီရတ်စစ်ပွဲတွင် လူမမည်အရွယ် စစ်သားငယ်များအား နိုင်ငံသို့ကျူးကျော်သူ အီရတ်တပ်များ ထောင်ထားသည့် မိုင်းကွင်းများရှေ့မှ ဖြတ်လျှောက်ခိုင်းစေခဲ့သည်။ အီရန်ဘာသာရေးစစ်ပွဲများတွင် သေဆုံးခဲ့သူများကို အာဇာနည်များဟု သတ်မှတ်ကာ မိသားစုဝင်များနှင့် အိမ်နီးချင်းများအား သူတို့၏သားများ သေဆုံးမှုအပေါ် ပျော်ပွဲရွှင်ပွဲအထိမ်းအမှတ်များ လုပ်ရန်ပင် ညွှန်ကြားခဲ့လေသည်။

**ဟားမားစ်တို့ကမူ အသေခံဗုံးဖောက်ခွဲသူကို “အပျိုစင် ခုနစ်ဆယ့်နှစ်ယောက်သည် ကောင်းကင်ဘုံတွင် စောင့်ကြိုနေသည်”ဟု လူငယ်များကို စည်းရုံးသိမ်းသွင်းခဲ့လေသည်။ နောက်တစ်ဆင့်တက်၍ “ဂျီဟတ်” ဆိုသည့် ခေါင်းစဉ်အောက်တွင် မိမိကိုယ်မိမိ ရည်ရွယ်ချက်ရှိရှိ သတ်သေရန် စေစားခဲ့သည်။ နောက်ပိုင်းတွင် အသေခံဗုံးခွဲသူ၏ မိသားစုဝင်များပင် ကောင်းကင်ဘုံတွင် နေရာတစ်ခုရလိမ့်မည်ဟု ဆိုပြန်သည်။**

ဟားမားစ်တို့သည် နောက်ပိုင်းတွင် တမီးလ်တိုက်ဂါးအဖွဲ့ကဲ့သို့ပင် အမျိုးသမီးများကို အသေခံဗုံးခွဲ တိုက်ခိုက်ရေးအဖွဲ့ဝင်များအဖြစ် အသုံးပြုလာသည်။ “ဘာသာရေး စစ်ပွဲအတွက် အမျိုးသား၊ အမျိုးသမီးပါမကျန် တာဝန်ရှိသည်။ ရန်သူကို အမြဲမြေကနေ မောင်းထုတ်ပြီးသည့်အထိ ခုခံတော်လှန်ရေး ဆက်လက်ဆင်နွှဲမည်”ဟုလည်း ကြွေးကြော်ခဲ့သည်။

အသေခံဗုံးခွဲသူ အကြမ်းဖက်သမားများကို စေ့ငုလေ့လာကြည့်လျှင် ဆင်းရဲမွဲတေမှုကြောင့် သေမထူး နေမထူးများ၊ ဦးနှောက်ဆေးကြော ခံထားရသူများ၊ ဘာသာရေးအယူအဆအရ ဘာသာရေးအတွက် အသေခံမည်ဆိုလျှင် ကောင်းကင်ဘုံသို့ ရောက်ရှိမည်ဟူသော အစွဲအလမ်းကြီးသူများဖြစ်ကြောင်း တွေ့ရပေမည်။ တူညီသောအချက်ကား သူတို့သည် အာဃာတအမုန်းတရားများ ကြီးမားသူများဖြစ်လို့နေသည်။ ထိုသို့ အမုန်းတရားများ အားကြီးလာစေရန်လည်း အကြမ်းဖက်ဝါဒီခေါင်းဆောင်များသည် တစ်ယူသန်အမုန်းတရား ပွားသည်ထက်ပွားအောင် သွေးထိုးလှုံ့ဆော်စည်းရုံး ဟောပြောပေးကြသည်။

မြန်မာနိုင်ငံတွင်လည်း သမိုင်းကြောင်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သော တပ်မတော်ကို မုန်းတီးလာစေရန် လွန်ခဲ့သည့်ငါးနှစ်မှစ၍ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် တစ်ဖက်လော်ဘီများက တစိုက်မတ်မတ် လှုံ့ဆော်ရေးသားခဲ့လေသည်။

ထိုအကျိုးအဆက်ကား ဖေဖော်ဝါရီ ၁ ရက်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်ပေါ်ခဲ့သော မြန်မာ့နိုင်ငံရေးအကူးအပြောင်းတွင် မသိနားမလည်သူ လူငယ်အချို့ကိုအစွန်းရောက် အကြမ်းဖက်သမားများအဖြစ် တွန်းပို့ခဲ့သည်။ အကြမ်းဖက်ဝါဒီခေါင်းဆောင်များသည် ကိုယ်အာဏာပြန်လည်ရရှိရေးအတွက် နွေဦးတော်လှန်ရေးဟုဆိုကာ မျိုးဆက်သစ်လူငယ်များကို PDF များ၊ GZ များဟု သွေးထိုးမြှောက်ပင့်၍ အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ အကြမ်းဖက်မိုင်းထောင်ဗုံးခွဲခြင်းများကို လုပ်ဆောင်စေခဲ့သည်။

**အကြမ်းဖက်ဝါဒီ ခေါင်းဆောင်များ၏ စေခိုင်းမှုကြောင့် အပြစ်မဲ့ပြည်သူများ၊ အုပ်ချုပ်ရေးမှူးများ အများအပြား သေဆုံးခဲ့ကြရသည်။ နုနယ်သော လူငယ်အချို့၏ လက်တို့တွင်လည်း အပြစ်မဲ့ပြည်သူတို့၏သွေးများ စွန်းထင်းခဲ့ကြရလေပြီ။ တစ်ချိန်က မိဘရင်ခွင်အောက်တွင် ဂိမ်းကစား၊ အပေါင်းအဖော်များနှင့် လွတ်လပ်ပေါ့ပါး မြူးတူးပျော်ရွှင်စွာနေထိုင်လာခဲ့ကြသော လူငယ်အချို့သည်လည်း အကြမ်းဖက်သမားဘဝသို့ ရောက်ခဲ့ကြရလေပြီ။**

ယခုနောက်ဆုံး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် လျှပ်စစ်ရုံးအကြမ်းဖက်ဗုံးခွဲမှုဖြစ်စဉ်တွင် မိမိတို့ သမီးအရွယ်၊ တူမအရွယ် အမျိုးသမီးငယ်တစ်ဦးသည်ပင်လျှင် အပြစ်မဲ့ပြည်သူများကို လက်ရဲဇက်ရဲ ဗုံးခွဲရဲသည့်အခြေအနေသို့ ဆိုက်ရောက်လာသည်။

သို့ဖြစ်ရကား ကံမကောင်းအကြောင်းမလှ အပေါင်းအသင်းမှား၍ လမ်းမှားသို့ ရောက်နေကြသော လူငယ်များအဖို့ **“ငါအကြမ်းဖက်သမား ဖြစ်နေပြီ။ ငါ့လုပ်ရပ်က ကမ္ဘာ့အကြမ်းဖက်အဖွဲ့အစည်းများ လုပ်ရပ်နဲ့ လမ်းစဉ်အတိုင်း ဖြစ်နေပြီ”** ဟူ၍ အမြန်ဆုံးစဉ်းစားဆင်ခြင်သုံးသပ်နိုင်ကြပါစေဟု မျှော်လင့်ဆုတောင်းမိရုံမှအပ အခြားမရှိတော့။

**“အကြမ်းဖက်ဝါဒီခေါင်းဆောင်များ၏ စေခိုင်းမှုကြောင့် အပြစ်မဲ့ပြည်သူများ၊ အုပ်ချုပ်ရေးမှူးများ အများအပြား သေဆုံးခဲ့ကြရသည်။ နုနယ်သောလူငယ်အချို့၏ လက်တို့တွင်လည်း အပြစ်မဲ့ပြည်သူတို့၏သွေးများ စွန်းထင်းခဲ့ကြရလေပြီ။ တစ်ချိန်က မိဘရင်ခွင်အောက်တွင် ဂိမ်းကစား၊ အပေါင်းအဖော်များနှင့် လွတ်လပ်ပေါ့ပါး မြူးတူးပျော်ရွှင်စွာနေထိုင်လာခဲ့ကြသော လူငယ်အချို့သည်လည်း အကြမ်းဖက်သမားဘဝသို့ ရောက်ခဲ့ကြရလေပြီ”**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ယူကရိန်းသမ္မတ ဇီလန်စကီအား အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံမည်

ဝါရှင်တန် ဇူလိုင် ၂၂

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ယူကရိန်းသမ္မတ ဗိုလော့ဒိုင်မာ ဇီလန်စကီကို အိမ်ဖြူတော်၌ ဩဂုတ် ၃၀ ရက်တွင် လက်ခံတွေ့ဆုံမည်ဖြစ်ကြောင်း အိမ်ဖြူတော် ပြန်ကြားရေးတာဝန်ခံ ဂျန်ဆာကီက ဇူလိုင် ၂၁ ရက်က ပြောကြားလိုက်သည်။

အဆိုပါခရီးစဉ်တွင် အမေရိကန်ပြည်ထောင်စု၏ ယူကရိန်းအချုပ်အခြာနှင့်ပိုင်နက် တည်မြဲမှုကို မဆုတ်မနစ် ထောက်ခံသွားမည့်အရေးကို ဆွေးနွေးသွားမည်ဖြစ်သည်။

ထို့ပြင် ခေါင်းဆောင်နှစ်ဦးတို့သည် စွမ်းအင်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုနှင့် ယူကရိန်း၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီတို့သည် နော့ဒ်စထရင်းမ်- ၂ ဓာတ်ငွေ့ပိုက်လိုင်းကိစ္စ သဘောတူညီမှုရပြီးနောက် ယခုလို ယူကရိန်းသမ္မတနှင့် တွေ့ဆုံရန် ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

လာမည့်လတွင် ပြီးဆုံးမည်ဖြစ်သော ၁၂၃၀ ကီလိုမီတာ ရှည်လျားသော ဓာတ်ငွေ့ပိုက်လိုင်းသည် ဘောလ်တစ်ပင်လယ်ပြင်ကိုဖြတ်ပြီး ရုရှားမှတစ်ဆင့် ဂျာမနီသို့ ဆက်သွယ်ထားပြီး နှစ်စဉ် ဓာတ်ငွေ့ ၅၅ ဘီလီယံ ကုဗမီတာ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## အိန္ဒိယ၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၃၁ သန်း ကျော်လွန်လာ

နယူးဒေလီ ဇူလိုင် ၂၂

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၁၃၈၃ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၃၁၂၅၇၇၂၀ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးသတင်း အချက်အလက်များအရ သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ကြောင့် ၅၀၇ ဦး ထပ်မံသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၁၈၉၈၇ ဦးအထိ ရှိလာသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ လတ်တလော ဖြစ်ပွားလျက်ရှိသူ ၄၀၉၃၉၄ ဦးရှိပြီး ဆေးရုံမှ ပြန်လည်ဆင်းလာသူ ၃၈၆၅၂ ဦး ထပ်မံပေါင်းထည့်လိုက်ပါက စုစုပေါင်း ဆေးရုံမှဆင်းလာသူပေါင်း ၃၀၄၂၉၃၃၉ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုများမြင့်လာ၍ လာမည့်သီတင်းပတ်များအတွင်း သန်း ၂၀၀ အထိရောက်နိုင်

ဂျီနီဗာ ဇူလိုင် ၂၂

**လွန်ခဲ့သောလများက ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုသည် အကျဘက်သို့ ဦးတည်နေရာမှ ယခုလတွင် တစ်မူထူးခြားပြောင်းလဲလာပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ၁၂ ရာခိုင်နှုန်းတိုးလာခဲ့သည်။ အလားတူ သေဆုံးခြင်းနှင့် ကိုဗစ်- ၁၉ သန္ဓေပြောင်းမျိုးစိတ်သစ်များ ကူးစက်ဖြစ်ပွားမှုသည်လည်း မြင့်တက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇူလိုင် ၂၁ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။**




နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေနိုင်ရေး သတိပေးဆိုင်းဘုတ် စိုက်ထူထားသည့်နောက်တွင် အဘွားအိုတစ်ဦး ပါးစပ်၊ နှာခေါင်းစည်းတပ်ပြီး ထိုင်နေသည်ကို တွေ့ရစဉ်။

လွန်ခဲ့သော သီတင်းပတ်က ကိုဗစ်-၁၉ အတည်ပြုလူနာ ၃ ဒသမ ၄ သန်းရှိခဲ့ပြီး တစ်နေ့လျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၉၀၀၀၀ အထိ ပျမ်းမျှရှိလာခဲ့သည်။ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာတစ်ဝန်း လျင်မြန်စွာ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း ကမ္ဘာ့ ကျန်းမာရေးဌာန၏ အပတ်စဉ်ဖော်ပြသော သတင်းအချက်အလက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သော သီတင်းပတ်က အင်ဒိုနီးရှား၊ အင်္ဂလန်၊ ဘရာဇီး နိုင်ငံများသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် ၃၅၀၂၇၃ ဦး၊ အင်္ဂလန်တွင် ၂၉၆၄၄၇ ဦး၊ ဘရာဇီးတွင် ၂၈၇၆၁၀ အသီးသီး ဖြစ်သည်။

အကယ်၍ ဗိုင်းရပ်စ်သည် ဖော်ပြပါနှုန်းအတိုင်း ဆက်လက်ကူးစက်ပျံ့နှံ့နေပါက ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း လာမည့်သီတင်းပတ်သုံးပတ်အတွင်း သန်း ၂၀၀ အထိ ရှိလာနိုင်ကြောင်း ဂျီနီဗာ အခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးမှုများလည်း ဆက်လက်မြင့်တက်လျက်ရှိရာ လွန်ခဲ့သောသီတင်းပတ်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၇၀၀၀ ထပ်ပေါင်းထည့်လိုက်ပါက စုစုပေါင်းသေဆုံးသူ လေးသန်းကျော်လွန်လာပြီ ဖြစ်သည်။

ကိုဗစ်-၁၉ သန္ဓေပြောင်းမျိုးစိတ်သစ်များ ဆက်လက်တိုးတက် ဖြစ်ပွားလျက်ရှိရာ အယ်လ်ဖာ အသွင်ပြောင်း ဗိုင်းရပ်စ်သစ်ကို နိုင်ငံနှင့် ဒေသပေါင်း ၁၈၀ တွင် တွေ့ရပြီး နိုင်ငံနှင့် ဒေသပေါင်း နောက်ထပ် ၁၃ ခုတွင် ဒယ်လ်တာ အသွင်ပြောင်းမျိုးစိတ်သစ်ကို ထပ်မံတွေ့မြင်နိုင်သည်။

အယ်လ်ဖာ အသွင်ပြောင်းမျိုးစိတ်သစ်သည် ၎င်း၏အဆင့်တူမျိုးစိတ်သစ်ထက် မကြာခဏ တွေ့ရသော်လည်း ဒယ်လ်တာမျိုးစိတ်သစ်သည် ၅၀ ရာခိုင်နှုန်း ပိုမိုကူးစက်ပျံ့နှံ့နိုင်ပြီး လာမည့်လအနည်းငယ်အတွင်း တခြားအသွင်ပြောင်း ဗိုင်းရပ်စ်အားလုံးကို လွှမ်းမိုးလာနိုင်ခြေရှိကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ခန့်မှန်းထားသည်။

ဆင်ဟွာ

## တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၃၃ ဦးသေဆုံးပြီး ရှစ်ဦးပျောက်ဆုံးလျက်ရှိ

ဟီနန် ဇူလိုင် ၂၂

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း သုံးသန်းကျော် ရေဘေးဒုက္ခခံစားနေရပြီး ၃၃ ဦး သေဆုံးခဲ့ကာ ရှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဇူလိုင် ၂၂ ရက်က ဒေသအာဏာပိုင်များက ပြောသည်။

ဒေသခံ ၃၇၆၀၀၀ တို့ကို အန္တရာယ်ကင်းသောနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသအရေးပေါ် စီမံခန့်ခွဲရေးဌာနက ပြောကြားလိုက်သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စိုက်ပျိုးမြေ ဟက်တာပေါင်း ၂၁၅၂၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ပြီး စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုအဖြစ် ယွမ် ၁ ဒသမ ၂၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၆ သန်း) ရှိသည်။

မိုးရွာသွန်းမှုသည် နောက်ထပ် ၃ နာရီအတွင်း မြို့အတော်များများတွင် ဆက်လက်ရွာသွန်းမည်ဖြစ်ကြောင်း ဟီနန်ပြည်နယ် မိုးလေဝသ လေ့လာစောင့်ကြည့်ရေးက ခန့်မှန်းပြောကြားထားသည်။ **ဆင်ဟွာ**

## အမေရိကန်ပြည်ထောင်စု၌ ကလေးငယ် လေးသန်းကျော် ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွား

ဝါရှင်တန် ဇူလိုင် ၂၂

အမေရိကန်ပြည်ထောင်စုတွင် ကလေးငယ် လေးသန်းကျော် ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားလျက်ရှိကြောင်း အမေရိကန် ကလေးဆေးပညာ အကယ်ဒမီ၏ နောက်ဆုံး သတင်းထုတ်ပြန်ဖော်ပြချက်တွင် ဖော်ပြထားသည်။

ဇူလိုင် ၁၅ ရက်အထိ ကလေးငယ်ပေါင်း ၄ ဒသမ ၀၉ သန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသည်။ လွန်ခဲ့သောလ အနည်းငယ်အတွင်းက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခဲ့ပြီးနောက် ဇူလိုင်လတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုများ ပြန်လည်များပြားလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း၏ ၁၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကလေးများဖြစ်သည်။

ဆေးရုံတက်ရောက်ကုသရသော ကလေးငယ်ပေါင်း ၁ ဒသမ ၃ ရာခိုင်နှုန်းမှ ၃ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ၀ ဒသမ ၂၆ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့သည်။

ယခုအချိန်တွင် ကိုဗစ်-၁၉ ကြောင့် ကလေးများ ဆိုးဆိုးရွားရွား ပြင်းပြင်းထန်ထန်ခံစားမှု ရှားပါးသည်။ သို့သော်လည်း ကလေးများအပေါ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားပါက ရေရှည်အကျိုးဆက်များ



ကလေးငယ်တစ်ဦးကို လက်သန့်ဆေးရည် အသုံးပြုနည်းကို သင်ကြားပေးနေသည်ကို တွေ့ရစဉ်။

နှင့်ပတ်သက်ပြီး အချက်အလက်များကို ကောက်ယူစုဆောင်းထားသင့်ကြောင်း၊ ထို့ပြင် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် ဗိုင်းရပ်စ်က မည်သည့်အတိုင်းအတာအထိ အန္တရာယ် ဖြစ်ပေါ်စေနိုင်ကြောင်းကိုလည်း လေ့လာထားသင့်ကြောင်း အမေရိကန်ကလေးဆေးပညာ အကယ်ဒမီက ပြောသည်။ **ဆင်ဟွာ**

## ကိုဗစ်-၁၉ ရောဂါရှာဖွေစစ်ဆေးသော RT-PCR စက် နှစ်လုံး ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် ရောဂါရှာဖွေခြင်းသည်လည်း အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီး ရောဂါပိုးတွေ့ရှိလူနာများကို အချိန်မီ ခွဲခြားကုသခြင်းဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါရှာဖွေစစ်ဆေးသည့် စက်များကို တိုးမြှင့် တပ်ဆင်လျက်ရှိရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါရှာဖွေစစ်ဆေးသော RT-PCR စက်များ မှာကြားဝယ်ယူခဲ့သည်။

အဆိုပါ ဝယ်ယူခဲ့သော RT-PCR စက် နှစ်လုံးနှင့် Reagent၊ ဆက်စပ်ပစ္စည်းများသည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ ရောက်ရှိလာသော ကိုဗစ်-၁၉ ရောဂါရှာဖွေစစ်ဆေးသော RT-PCR စက်နှစ်လုံး၊ Reagent၊ ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူများက စနစ်တကျ လက်ခံလွှဲပြောင်းရယူပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ထိရောက်မြန်ဆန်စွာ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၇-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာ ၁၄ ပါ ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်း ခွင့်ပြုထားသည့် ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများနှင့်ပတ်သက်၍ မေးမြန်းထားမှုအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြန်လည်ဖြေကြားချက်သတင်း ဒုတိယကော်လံတွင်ပါရှိသည့် စစ်ဆေးခအနေနဲ့ ကျပ်သုံးသောင်းဝန်းကျင်၊ RT-PCR ကို ကျပ်နှစ်သောင်းဝန်းကျင်နဲ့ ဆောင်ရွက် **(အစား)** စစ်ဆေးခအနေနဲ့ **RDT ကို ကျပ်သုံးသောင်းဝန်းကျင်၊ RT-PCR ကို ကျပ်နှစ်သိန်းဝန်းကျင်နဲ့ ဆောင်ရွက်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၏ ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်တွင် အသုံးပြုသည့် Medical Oxygen ပိုက်လိုင်းများကို မသမာသူများက ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ (တတိယလှိုင်း) စတင်ကူးစက်ပြန့်ပွားမှု မရှိသေးမီကာလကပင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်စုဖွဲ့မှုများကို အလေးထားဆောင်ရွက်ခဲ့သည်။ ရောဂါစတင်ကူးစက်မှု ဖြစ်ပွားလာသည့်အချိန်တွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေး စည်းကမ်းချက်များချမှတ်၍ ပြည်သူလူထုကို အသိပညာပေး စည်းရုံးလှုံ့ဆော်ခြင်း၊ အတည်ပြုလူနာများနှင့် သံသယလူနာများ ထားရှိရန် Quarantine Center များကို မြို့နယ်အသီးသီးတွင် ဖွင့်လှစ်၍ ကုသမှုများ ဆောင်ရွက်ပေးခြင်း၊ အတည်ပြုလူနာများ၏ အောက်ဆီဂျင် လိုအပ်ချက်ကို ပြည့်ဝစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်တွင်းထုတ်လုပ်မှု တိုးမြှင့်ခြင်းသာမက ပြည်ပမှ မှာယူတင်သွင်းခြင်း၊ ကာကွယ်ဆေးများ မှာယူတင်သွင်းခြင်း၊ ကုသဆေးများကို မှာယူ၍ ကုသမှုများကို ဆောင်ရွက်ခြင်းတို့ကို အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



အောက်ဆီဂျင်ပိုက်လိုင်းအား မသမာသူများက ထုရိုက်ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

### နေ့မအား၊ ညမနား ကြိုးပမ်း

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံရေးအရ အမြတ်ထုတ်လိုသည့် အကြမ်းဖက်လူတစ်စု၏ နည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက်မှု၊ CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းအချို့၏ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုစသည့် အခက်အခဲများကြားမှ ပြည်သူလူထု၏ အသက်အန္တရာယ်ကို ကာကွယ်ထိန်းသိမ်းပေးနိုင်ရေးအတွက် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် တာဝန်သိ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ စေတနာ့ဝန်ထမ်းများ၊ တပ်မတော်မှ တပ်မတော်သားဆေးတပ်ဖွဲ့ဝင်များဖြင့် နေ့မအား၊ ညမနား ကြိုးပမ်း၍ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုများဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိသော်လည်း NUG၊ CRPH အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ထောက်ခံသော မသမာသူအချို့အနေဖြင့် ၎င်းတို့၏ နိုင်ငံရေးနှင့် ကိုယ်ကျိုးစီးပွားအတွက် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေရန်အတွက် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ အတည်ပြုလူနာများကို သေကျေသည်အထိ ပစ်မှတ်ထား ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

### ထုရိုက်ဖျက်ဆီးခဲ့

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာ၊ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၏ ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်တွင် အသုံးပြုသည့် ၁၀ တန်ဆံ့ Liquid Oxygen သိုလှောင်ကန်မှ ထွက်ရှိလာသော Medical Oxygen များကို ပိုက်လိုင်းများဖြင့် အောက်ဆီဂျင်ဖြန့်ဝေ၍ ဆောင်ရွက်ပေးလျက်ရှိရာ မသမာသူများက ၎င်းပိုက်လိုင်းများအနက် အထူးကြပ်မတ်ကုသဆောင်သို့ ပေးပို့ထားသော ၁ ဒသမ ၂၅ လက်မရှိ အောက်ဆီဂျင်ပိုက်လိုင်းကို ကာရံထားသည့် အုတ်ခုံနှင့် ပိုက်လိုင်းကို ဇူလိုင် ၁၉ ရက်တွင် ထုရိုက်ဖျက်ဆီးခဲ့ကြသည်။

ထိုကဲ့သို့ ထုရိုက်ဖျက်ဆီးခဲ့မှုကြောင့် လူနာများ အောက်ဆီဂျင်ပေးဝေမှုကို ၂၅ ရာခိုင်နှုန်းခန့်သာ ဆောင်ရွက်နိုင်ခဲ့ပြီး အပြစ်မဲ့ပြည်သူအချို့၏ အသက်ကို ထိခိုက်စေခဲ့သည်။ ထိုကဲ့သို့ ထိခိုက်စေခဲ့မှုအပေါ် ယနေ့တွင် တာဝန်ရှိသူများက ပိုက်လိုင်းနှင့် ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပြီး လူနာများ ထပ်မံထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ပိုက်လိုင်းအသစ် ထပ်မံပြုလုပ်၍ အောက်ဆီဂျင်ပေးဝေခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေပိုင်းမှစတင်၍ မူလအတိုင်း ရာခိုင်နှုန်းပြည့် ပြန်လည်ပေးဝေနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ NUG၊ CRPH အပါအဝင် အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့ကို ထောက်ခံသော မသမာသူအချို့၏ လုပ်ရပ်ကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်အောင် ဆောင်ရွက်ခဲ့မှုအပေါ် ပြည်သူလူထုက လွန်စွာစက်ဆုတ်ရွံရှာလျက်ရှိပြီး ထိုကဲ့သို့ ဆောင်ရွက်ခဲ့သူများကို အမြန်ဆုံးဖမ်းဆီးရမိရေး ပြည်သူလူထုများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ အောက်ဆီဂျင်အိုးများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၂**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့် စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ဇူလိုင် ၂၁ ရက်နှင့် ယနေ့တို့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ အောက်ဆီဂျင်အိုး ၄၉ လုံး၊ ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) သို့ အောက်ဆီဂျင်အိုး ၄၅ လုံးနှင့် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ဆေးရုံ (ခုတင်-၅၀) သို့ အောက်ဆီဂျင်အိုး ငါးလုံးတို့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ဖျာပုံမြို့၊ ဓနုဖြူမြို့၊ မြန်အောင်မြို့၊ ပန်းတနော်မြို့နှင့် လေးမျက်နှာမြို့တို့ရှိ ပြည်သူ့ဆေးရုံများသို့ အောက်ဆီဂျင်အိုး အလုံး ၂၄၀ တို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၆၀ နှင့် လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၈၀ တို့ကို တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများကလည်းကောင်း အသီးသီးသွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။



ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်–၁၉) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်–၁၉)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%) ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain–Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။






# ဇူလိုင် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၇၀၁ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃၁၉ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၆၁၃၃ ဦးရှိ

### (၂၂-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၂၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၆,၇၀၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၀၃၅,၆၇၆)ခု အား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၅၃,၃၆၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၁၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၇၃,၈၂၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၁၉) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၆,၁၃၃) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၂-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၈၄၅) ခု | (၃၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၉) ခု | (၆၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၂၉) ခု | (၂၈၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) | (၉၃၈) ခု | (၃၆၉) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၉၅) ခု | (၃၉) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၂၁) ခု | (၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၈၆) ခု | (၁၇၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၃၄၉) ခု | (၁,၃၄၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၄၉၁) ခု | (၄,၀၉၀) ဦး |
| စုစုပေါင်း | (၁၇,၂၅၃) ခု | (၆,၇၀၁) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၂ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၁၄၆၄၇၆ | ၂၉၄၅၈၄၀၃ | ၆၂၅၈၀၈ |
| ၂။ | အိန္ဒိယ | ၃၁၂၅၇၇၂၀ | ၃၀၄၂၉၃၃၉ | ၄၁၉၀၂၁ |
| ၃။ | ဘရာဇီး | ၁၉၄၇၄၄၈၉ | ၁၈၂၀၆၁၇၃ | ၅၄၅၆၉၀ |
| ၄။ | ရုရှား | ၆၀၅၄၇၁၁ | ၅၄၂၇၄၅၇ | ၁၅၁၅၀၁ |
| ၅။ | ပြင်သစ် | ၅၉၁၁၆၀၁ | ၅၆၆၆၄၁၁ | ၁၁၁၅၅၄ |
| ၆။ | ဗြိတိန် | ၅၅၆၃၀၀၆ | ၄၄၁၉၈၆၈ | ၁၂၈၈၉၆ |
| ၇။ | တူရကီ | ၅၅၅၄၃၁၇ | ၅၄၀၀၂၄၆ | ၅၀၇၀၉ |
| ၈။ | အာဂျင်တီးနား | ၄၇၉၈၈၅၁ | ၄၄၃၁၈၇၁ | ၁၀၂၈၁၈ |
| ၉။ | ကိုလံဘီယာ | ၄၆၇၉၉၉၄ | ၄၄၃၅၅၅၀ | ၁၁၇၄၈၂ |
| ၁၀။ | အီတလီ | ၄၂၉၇၃၃၇ | ၄၁၁၈၁၂၄ | ၁၂၇၉၀၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၂ - ၇ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၀၃၃၃၃၉ | ၂၃၉၂၉၂၃ | ၇၉၀၃၂ |
| ဖိလစ်ပိုင် | ၁၅၃၀၂၆၆ | ၁၄၅၂၈၁၃ | ၂၆၈၉၁ |
| မလေးရှား | ၉၆၄၉၁၈ | ၈၁၅၂၉၃ | ၇၅၇၄ |
| ထိုင်း | ၄၅၃၁၃၂ | ၃၁၂၃၇၇ | ၃၆၉၇ |
| မြန်မာ | ၂၅၃၃၆၄ | ၁၇၃၈၂၆ | ၆၁၃၃ |
| ဗီယက်နမ် | ၇၁၁၄၄ | ၁၁၉၇၁ | ၃၇၀ |
| ကမ္ဘောဒီးယား | ၇၀၄၁၉ | ၆၂၅၇၇ | ၁၁၈၈ |
| စင်ကာပူ | ၆၃၇၉၁ | ၆၂၅၆၀ | ၃၆ |
| လာအို | ၄၁၁၉ | ၂၁၇၄ | ၅ |
| ဘရူနိုင်း | ၃၁၁ | ၂၆၉ | ၃ |

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့် စောင့်ကြည့်ရမည့်သူ အမျိုးသား ၈၈ ဦးနှင့် အမျိုးသမီး ၉၃ ဦး စုစုပေါင်း ၁၈၁ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲ အတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၆ ဦး စုစုပေါင်း ၂၅ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၂၂၃ ဦးနှင့် အမျိုးသမီး ၁၉၀ စုစုပေါင်း ၄၁၃ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၆၁ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၇၃ ဦးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့ လူနာအမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၃၆ ဦးကိုလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်းနှင့် ယနေ့တွင် ကျန်းမာရေးကောင်းမွန်လာသည့် စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း အမျိုးသား ၁၀၈ ဦး၊ အမျိုးသမီး ၆၉ ဦး စုစုပေါင်း ၁၇၇ ဦးတို့ကို သက်ဆိုင်ရာ ရပ်ကွက်များသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့ လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဗိုင်းရပ်စ်မျိုးကွဲများ ဖြစ်ပေါ်လာသည့်အတွက် ကမ္ဘာပေါ်တွင် ရောဂါကူးစက်မှုနှင့် သေဆုံးမှုများ မြင့်တက်လာရခြင်းဖြစ်

**နေပြည်တော် ဇူလိုင် ၂၂**

ကိုဗစ်–၁၉ရောဂါကိုဖြစ်စေသည့် SARS–CoV–2 ဗိုင်းရပ်စ်မျိုးကွဲများ ဖြစ်ပေါ်လာသည့်အတွက် ကမ္ဘာပေါ်တွင် ရောဂါကူးစက်မှုနှင့် သေဆုံးမှုများ ပြန်လည်မြင့်တက်လာရခြင်းဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုနှုန်း တိုးတက်လာရခြင်းနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တွေ့ရှိချက် ၄ ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

နံပါတ် ၁ အချက်သည် ကိုဗစ်–၁၉ ရောဂါကိုဖြစ်စေသည့် SARS–CoV–2 ဗိုင်းရပ်စ်မျိုးကွဲများ ဖြစ်ပေါ်လာမှုသည် ရောဂါဖြစ်ပွားမှု မြင့်တက်နေရခြင်း၏ ပထမဦးဆုံးအကြောင်းရင်းတစ်ရပ် ဖြစ်သည်။

နံပါတ် ၂ အချက်နှင့်ပတ်သက်၍ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုသည် အချိန်ကာလ တစ်နှစ်ခွဲဝန်းကျင်ခန့် ရှိပြီဖြစ်သည့်အတွက် လူတွေက ငြီးငွေ့လာကြပြီး တစ်ယောက်နှင့်တစ်ယောက် ထိတွေ့မှု Contact Person များလာခြင်းသည် အခု ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှု များပြားလာခြင်း၏ ဒုတိယအချက်ဖြစ်သည်။

ထို့ပြင် တတိယအချက်အနေဖြင့် လူတွေက ကိုဗစ်–၁၉ နှင့် ယဥ်ပါးသလိုဖြစ်လာပြီး ဘေးဥပါဒ်ဖြစ်နိုင်မှု၊ အန္တရာယ်ပေးနိုင်မှုကို လျှော့တွက်လာကြခြင်း၊ ကိုဗစ်–၁၉ ကူးစက်မှုမှ ကာကွယ်ရန် လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာမှုအားနည်းခြင်း၊ ကာကွယ်ဆေး ထိုးနှံရန်ပျက်ကွက်ခြင်းများကြောင့်ဖြစ်ပြီး စတုတ္ထအချက်သည် ကာကွယ်ဆေးရရှိမှု မညီမျှခြင်းတို့ကြောင့် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုတွေက မြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အချက်များနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဖွံ့ဖြိုးဖို့လိုအပ်တဲ့ နိုင်ငံတွေက ကာကွယ်ဆေးရဖို့ အတားအဆီးဖြစ်ပါတယ်။ ရရှိမှုအားနည်းနေတဲ့အချိန်မှာ ကိုဗစ်–၁၉ ကြောင့် ရောဂါဖြစ်ပွားတဲ့အခါ အသက်ကြီးတဲ့သူတွေ၊ ရောဂါနောက်ခံရှိတဲ့သူတွေမှာ ရောဂါပိုးကူးစက်ခံရပြီဆိုရင် သေဆုံးမှုကပါ နောက်ကတစ်ပါတည်း လိုက်ပါတယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါဆိုရင် ကာကွယ်ဆေးဟာ ဘယ်လောက်အထိ အရေးပါတယ်၊ ကိုဗစ်–၁၉ နဲ့ ပတ်သက်တဲ့ စည်းကမ်းချက်တွေကို လိုက်နာဖို့ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတာကို သတိပြုမိမယ်ထင်ပါတယ်" ဟု ဆိုသည်။

**ထက်လျှံ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့် ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇူလိုင် ၂၂ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၆၉ ခုမှ Oxygen Concentrator ၂၉၆၈ ခု၊ Oximeter ၁၇၁၈၄ ခု၊ Thermometer ၁၇၈၈ ခု၊ Oxygen Regulator အခု ၁၀၈၀၊ Flow Meter အခု ၁၀၀၀၊ Nalsa Cannula ၂၅၀၂ ခု၊ Oxygen Mask အခု ၂၀၀၊ Oxygen Filter အခု ၅၀၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်) တွင် ကုမ္ပဏီ ၃၄ ခုမှ Mask/ Surgical Glove ၉၉၇၂၅ kg ၊ Liquid Oxygen / Pure Oxygen (၁၅၃၉၀.၆၆) m³ ၊ Oxygen Cylinder/ Regulator အခု ၂၂၀၀၊ Oxygen Plant/ Oxygen Concentrator ၆၉၅၄ ခုတို့အား ထုတ်ပေးခဲ့ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ပစ္စည်းများ ထုတ်ပေးနေစဉ်။

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**စစ်ကိုင်း**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ အများပြည်သူသွားအမြန်လမ်းမကြီးပေါ်တွင် ကိုဗစ်– ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက်အသိပညာပေးလုပ်ငန်းများကို နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

အသိပညာပေးလုပ်ငန်းများ နှိုးဆော်ပေးရာတွင် " လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်–၁၉ ရောဂါဆိုးကြီးသည် လျင်မြန်စွာ ကူးစက်ပြန့်ပွားမှုဖြစ်နေသဖြင့် အတတ်နိုင်ဆုံး မဖြစ်မနေ အိမ်တွင်း၌သာနေထိုင်ကြရန်၊ ပြင်ပမှလာသော ဧည့်သည်များလက်မခံပါရန်နှင့် ထို့အတူ မိမိတို့ကလည်း အခြားသူများထံ သွားရောက်ခြင်းမပြုကြရန်၊ မဖြစ်မနေအရေးကြီးကိစ္စကြောင့် အပြင်ထွက်ရပါက ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ပါ။ အခြားသူများနှင့် အနည်းဆုံး ခြောက်ပေခွာမှ ခပ်ခွာခွာနေပါ။ နှာခေါင်းစည်း မတပ်ရသူများနှင့် တွေ့ဆုံခြင်း၊ စကားပြောခြင်း၊ ဈေးဝယ်ခြင်းတို့မှ ရှောင်ကြဉ်ကြပါရန်။ လူစုလူဝေး ပြုလုပ်ခြင်း၊ သွားလာခြင်းကို ရှောင်ကြပါ။ လက်ကို ဆပ်ပြာဖြင့်



တောင်ပြိုလက်ဝဲမြို့၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေး ပြည်သူများ လိုက်နာရမည့် အချက်များအား ဇူလိုင် ၂၁ ရက်က ပူးပေါင်းအဖွဲ့များက လိုက်လံကြေညာပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် စနစ်တကျ ဆေးကြရန်နှင့် ကိုဗစ်ရောဂါ ကူးစက်ပြန့်ပွားမှုကို အမြန်ကာကွယ်တားဆီးထိန်းချုပ်နိုင်ရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများကို မိဘပြည်သူများအားလုံးက ကိုယ်စီလိုက်နာကြပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက် )**

**မြင်းမူ**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်နိုင်ရေးအတွက် ပူးပေါင်းအဖွဲ့များသည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်အသီးသီးသို့ လှည့်လည်သွားရောက်ကာ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး အသိပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အသိပညာပေးရာတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှု ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များဖြစ်သည့် လက်ကို မကြာခဏ ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောရန်၊ မလိုအပ်ဘဲ အပြင်သို့မထွက်ရန်၊ မဖြစ်မနေထွက်ပါက ပါးစပ်နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ရန်၊ လူစုလူဝေးမပြုလုပ်ရန်၊ အိမ်အပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်အရွယ်ကြီးရင့်သူများ၊ နာတာရှည်ရောဂါ အခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း မပြုလုပ်ရန် ကိုဗစ်ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူရန်နှင့် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လိုက်လံအသိပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

**ဟားခါး**

ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယနေ့ မွန်းလွဲ ၂ နာရီခွဲက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့က ထုတ်ပြန်ထားသည့် ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် လမ်းညွှန်ချက်များကို ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသံချဲ့စက်ဖြင့် လိုက်လံကြေညာခဲ့သည်။

ဟားခါးမြို့နယ်ကို Stay at Home အဖြစ် သတ်မှတ်ကြေညာသည့် ဇွန် ၄ ရက်မှစ၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးလုပ်ငန်းများကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း ဟားခါးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးကျော်အောင်ထံမှ သိရသည်။ **ခရိုင် (ပြန်/ဆက်)**

**တောင်ကြီး**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကာကွယ်နိုင်ရေးအတွက် မြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ယနေ့နံနက် ၈ နာရီခန့်က မြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူများ ဖြတ်သန်းသွားလာလျက်ရှိသော လမ်းဆုံလမ်းမများသို့ သွားရောက်၍ ဒေသခံပြည်သူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အချက်အလက်များကို တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေး နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ကျောက်တလုံးလမ်းမပေါ်ရှိ ယာယီပျံကျဈေးရှေ့တွင် ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး နှာခေါင်းစည်းမတပ်ဆင်လာသူများအား အသိပညာပေးကာ နှာခေါင်းစည်းနှစ်ခုအား ဖြန့်ဝေ၍ ချက်ချင်းတပ်ဆင်စေခြင်း၊ အိမ်အပြင်ထွက်ပါက နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ကြရန် အသိပေးခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မိုင်းပျဉ်းမြို့နယ်၌ အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုင်းပျဉ်း- တာကော် ကားလမ်း ၇ မိုင်နှင့် ၉ မိုင်ကြားတွင် တောင်ပြိုလမ်းပိတ်ဆို့၊ လူ ၁၂ ဦး ရေစီးမျောပါမှုဖြစ်

**ကျိုင်းတုံ ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်အတွင်း အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယမန်နေ့နံနက်က ဆင်မောင်းကျေးရွာအုပ်စုရှိ မိုင်းပျဉ်း-တာကော်ကားလမ်း ၇ မိုင်နှင့် ၉ မိုင်ကြားတွင် တောင်ပြို၍ လမ်းပိတ်ဆို့မှုဖြစ်သည့်အပြင် ယာယီ တဲထိုးနေသူ လမ်းလုပ်သားအပါအဝင် လူ ၁၂ ဦး ရေစီးမျောပါမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆင်မောင်းကျေးရွာအုပ်စု (၉) မိုင်ကျေးရွာလမ်းဘေး ယာယီတဲထိုးနေထိုင်သည့် လမ်းအထူးအဖွဲ့ (၃) မှ ဦးအာကာကျော်အပါအဝင် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး လေးဦး ရေစီးမျောပါခဲ့ကြောင်း၊ တောင်ပြိုမှုဖြစ်၍ လမ်းပိတ်ဆို့မှုအား မိုင်းပျဉ်းမြို့နယ်ရှိ ဆောက်လုပ်ရေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လမ်းရှင်းလင်းပေးလျက်ရှိသည်။

အဆိုပါ ရေစီးမျောပါသူများအားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနစသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများကသွားရောက် ရှာဖွေကူညီကယ်ဆယ်ရေးဆောင်ရွက်လျက်ရှိရာ ညပိုင်းအထိ လူတစ်ဦး အသက်ရှင်လျက် ပြန်လည်တွေ့ရှိထားကြောင်းနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တောင်ကျရေစီးကြောင့် ခမ်းမိုက်ကော့-ပန်မုန့်ကျေးရွာလမ်းရှိ အရှည် (၁၂၀x၁၄) ပေ ပလောင် ကုန်းဆာကွန်ကရစ်တံတား ပျက်စီးခြင်း၊ ဝမ်မွန်း-ဝမ်ကန်လမ်းရှိ အရှည်ပေ (၉၀) သံကူကွန်ကရစ်တံတား ရေတိုက်စားပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

## တာလေမြို့၌ အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် တာလေ-ကျိုင်းလပ်သွား ကားလမ်းမကြီးပေါ်ရှိ ကွန်ကရစ်တံတားတစ်စင်း ရေတိုက်စား၍ ပြိုကျပျက်စီးမှုဖြစ်

**တာလေ ဇူလိုင် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့ မိုင်းလင်း (အနောက်) ကျေးရွာအုပ်စု ဝမ်ပိုင်းကျေးရွာအတွင်း တာလေ-ကျိုင်းလပ်သွား ကားလမ်းမပေါ် ဝမ်ပိုင်း-ကုန်းဆာကျေးရွာကြား မိုင်တိုင် အမှတ် (၄) ရှိ ကွန်ကရစ်တံတား တစ်စင်းသည် ဇူလိုင် ၂၀ ရက်က မိုးအဆက် မပြတ်ရွာသွန်းခြင်းကြောင့် ရေတိုက်စားကာ ယမန်နေ့က ပြိုကျပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

တာလေမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ပြိုကျခဲ့သည့် တံတားမှာ သံကူကွန်ကရစ်တံတားဖြစ်ပြီး ဝမ်ပိုင်းရွာဘက်အခြမ်းမှ တံတားအစပ်အောက်ခြေတွင် ရေများအရှိန်ပြင်းစွာ တိုက်စားသဖြင့် တံတားပြိုကျခြင်း ဖြစ်ကြောင်း သိရသည်။



အဆိုပါ တံတားပြိုကျရာသို့ နယ်မြေခံ တပ်မတော်သားများနှင့် လမ်းဦးစီးဌာနမှ အများပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး တံတား ပြန်လည်ပြုပြင်နေမှုအား တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင် ဦးဆောင်သည့် တာဝန်ရှိသူများက တံတားပြိုကျရာသို့ ရောက်ရှိပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် လတ်တလောအခြေအနေတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ယာယီ ရပ်ဆိုင်းထားကြောင်း သိရသည်။

အောင်ကျော်မိုး (ပြန်/ဆက်)

## ကြာအင်းဆိပ်ကြီးမြို့၌ အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းအိမ်များ ရေဝင်ရောက်နစ်မြုပ်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၌ ဇူလိုင် ၁၈ ရက်မှ စတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက် အမှတ် (၆) ရပ်ကွက်ရှိ မြေနိမ့်ပိုင်းတွင် ရေများဝင်ရောက်ပြီး အဆိုပါမြေနိမ့်ပိုင်းတွင် နေထိုင်လျက်ရှိသည့် လူနေအိမ်များ ရေဝင် နစ်မြုပ်လျက်ရှိကြောင်း သိရသည်။


အဆိုပါ မြေနိမ့်ပိုင်းသည် နှစ်စဉ်မိုးရာသီကာလ၌ ရေ ဝင်ရောက်နစ်မြုပ်လျက်ရှိကြောင်း ယင်းနေအိမ်များသို့ ရေများဝင်ရောက်နစ်မြုပ်မှုကြောင့် အိမ်ထောင်စု ၈၀ ကျော်ခန့်မှာ ရေလွတ်ရာ အဆောက်အအုံများနှင့် ဆွေမျိုးနီးစပ်ရာ နေအိမ်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး တစ်စုံတစ်ရာ လူတိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးရှောင်ပြည်သူများအား ပြောင်းရွှေ့နေထိုင်နိုင်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျိုးမင်းဦး

## ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဇူလိုင် ၂၂**



ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၅) ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း(၁၃) ရက်၊ (၂၁-၇-၂၀၂၁)၊ ဗုဒ္ဓဟူးနေ့၊ ည (၁၁:၃၀) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း(၁၄) ရက်၊ (၂၂-၇-၂၀၂၁)၊ ကြာသပတေးနေ့၊ မွန်းလွဲ ၁ နာရီခွဲအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

### နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

#### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ လမိုင်းကျေးရွာ ခမည်းတော် ဦးအေးတင့်၊ မယ်တော် ဒေါ်မြတို့မှ ၁၂၈၀- ပြည့်နှစ်၊ ပြာသိုလဆန်း (၁၄) ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

#### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၄ -ခုနှစ်၊ ပြာသိုလဆန်း(၁၄)နေ့တွင် ရွှေတောင်မြို့နယ်၊ လမိုင်း+ကွေ့မကျေးရွာ၊ တုမရကျောင်းဆရာတော် ဘဒ္ဒန္တကေသရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၀၉-ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက်နေ့တွင် ရွှေတောင်မြို့နယ်၊ ကုန်းတန်းကြီးကျေးရွာ၊ ကြိုးကြာကန်ကျောင်းတိုက်(ဗဒ္ဓ)သိမ်၌ ကြံခင်းမြို့နဝင်းဂုဏ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစယကို ဥပဇ္ဈာယ်ပြုလျက် သဲကုန်းမြို့နယ်၊ အင်းမမြို့၊ ဦးအုန်းမြိုင်+ ဒေါ်မြကျင် မိသားစု တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

#### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် ရွှေတောင်မြို့နယ်၊ လမိုင်း+ ကွေ့မကျေးရွာ တုမရကျောင်းဆရာတော်၊ ကြိုးကြာကန်ကျောင်းဆရာတော်၊ ပြည်မြို့၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယနှင့် စာချဆရာတော်တို့ထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

#### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် စာပေကျမ်းဂန်များ သင်ကြားပို့ချ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သာသနိကအဆောက်အဦများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်ဩဝါဒါစရိယ စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

#### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုး ဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓ လဇ္ဇနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၅၁-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ၊ ၁၃၇၀-ပြည့်နှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု၊ ၁၃၈၂-ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

#### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၄)နှစ်၊ သိက္ခာတော်(၇၅)ဝါအရ ၁၃၈၃-ခုနှစ်၊ ဝါဆိုလဆန်း(၁၃)ရက်၊ (၂၁-၇-၂၀၂၁)၊ ဗုဒ္ဓဟူးနေ့၊ ည ၁၁ နာရီခွဲအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁၃၈၃ ခုနှစ်၊ ဝါဆို လဆန်း(၁၄) ရက်၊ (၂၂-၇-၂၀၂၁)၊ ကြာသပတေးနေ့၊ မွန်းလွဲ ၁ နာရီခွဲအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# ဇူလိုင်လအတွင်း မြန်မာ့ငရုတ်သီးဈေးကွက် အရောင်းအဝယ် မတည်မငြိမ်ဖြစ်



**ရန်ကုန် ဇူလိုင် ၂၂**

ယခုနှစ် ဇူလိုင်လအတွင်း မြန်မာ့ငရုတ်သီးဈေးကွက် အရောင်းအဝယ်များ မတည်မငြိမ်ဖြစ်နေကြောင်း မြန်မာပြည်အလယ်ပိုင်း ငရုတ်သီးကုန်သည်များထံမှ သိရသည်။

"ငရုတ်ဈေးကွက်က ပွင့်တဲ့နေရာပွင့်၊ ပိတ်တဲ့နေရာပိတ် ရွှေဘိုဒေသကတော့ အရောင်းအဝယ်တွေ ရပ်နေရတယ်။ ကုန်စိမ်း/ငရုတ်စိမ်းဆိုတာက အချိန်မီ မန္တမ်းခင်ရောင်းရတာ။ စားသောက် ဆိုင်တွေက မဖွင့်၊ ဈေးထဲလည်း လူအလာနည်းတော့ ရောင်းအားကျတယ်။ တချို့တောင်သူတွေကိုလည်း တောင်းပန်ထားရတယ်။ ကျွန်တော်တို့ မခူးခိုင်းဘဲ မခူးကြပါနဲ့လို့။ ဒါတွေမကုန်ရင် အများကြီးရှုံးသွားနိုင်လို့ပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မူးသာရွာမှ ငရုတ်သီးဝယ်ရောင်းလုပ်ကိုင်သူ ဦးသန်းဆွေဦးက ပြောသည်။

မေလက ငရုတ်သီးအမှည့်အစို (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ မှ ၁၀၀၀ ဝန်းကျင်၊ ငရုတ်သီးအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၃၃၀၀ အတွင်း ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။

ယခုကာလအတွင်း တောင်သူများထံမှ ငရုတ်သီးဈေးနှိမ်ဝယ်ယူသည့် ကုန်သည်ပွဲစားတချို့လည်း ရှိနေပြီး၊ (777/214/004) ငရုတ်မျိုးများကို တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ ဈေးနှုန်းဖြင့် ဝယ်ယူမှုများပင်ရှိနေ ကြောင်း သိရသည်။

"ကျွန်တော်ကတော့ တောင်သူမျက်နှာကြည့်ပြီး တစ်ပိဿာကို ငွေကျပ် ၉၀၀ နဲ့ ဝယ်ပေးတယ်။ အဲဒီအခါကျပြန်တော့လည်း ဈေးကတအားကွာတော့ လာရောင်းတဲ့သူများလို့ ထိန်းဝယ်နေရပြန်တယ်။ အခုအချိန်မှာက ငရုတ်သီးလက်လီရော လက်ကားပါ ရောင်းအားအလွန်ကျနေတယ်။ ပုံမှန်ဆိုရင် အော်ဒါပို့တာက တစ်ရက်ကို ငရုတ်သီးအချိန် ၇၀၀ မှ ၈၀၀ အထိ ပို့နေရတာကနေ အခုတော့ တစ်ရက်ကို အချိန် ၂၅၀/၃၀၀ တောင် အတော်ရောင်းနေရတာ။ ဒါက မနက်ပိုင်းကို ဈေးတွင်းလက်လီရောင်းတဲ့ ပမာဏပါ။ တစ်ဆင့်ခံသမားတွေကတော့ ဖုန်းတောင်မဆက်တော့ပါဘူး။ သူတို့လည်း အကုန်အရောင်းအဝယ် တန့်နေတယ်လေ" ဟု ဦးသန်းဆွေဦးက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် ငရုတ်စိုက်ပျိုးရေးကို အများအားဖြင့် ဧရာဝတီတိုင်းဒေသကြီးရှိ ညောင်တုန်း၊ ဟင်္သာတနှင့် မအူပင်မြို့ အနီးတစ်ဝိုက်ဒေသများ၊ မန္တလေးတိုင်းဒေသကြီးရှိ မြစ်သားမြို့၊ ကျောက်ဆည်မြို့နှင့် မကွေးတိုင်းဒေသကြီးရှိ ဒေသတချို့တို့တွင် စိုက်ပျိုးနေကြသည်။

မြန်မာနိုင်ငံမှ နှစ်စဉ်ထွက်ရှိသည့် ငရုတ်သီးများကို ပြည်တွင်းဈေးကွက်အပြင် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ကြပြီး ယခုအခါ ကိုဗစ်-၁၉ ကာလဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးမကောင်းဘဲ တင်ပို့ရောင်းချမှု နှောင့်နှေးနေခြင်းဖြစ်သည်။

**နန်းထက်ထက်ချစ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၇ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်


## မြန်မာ့အလင်း

MRTV HD

၀၆:၀၀ မေတ္တသုတ်၊ရတနသုတ်၊ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၂၅ ဓမ္မစက္ကပဝတ္တနသုတ္တန်ပါဠိတရားတော်
၀၈:၃၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
၀၉:၁၀ နဝင်္ဂဥပေါသထသီလ
၁၀:၀၀ သတင်းထဲကသတင်း
၁၂:၃၀ 'ဘဝဖြင့်သွားရခြင်း' တရားတော်
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှတ်ဆိုးမလေးရဲ့ကိုယ်ရံတော်' (အပိုင်း-၁၅)
၁၅:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ရူပဗေဒဘာသာရပ်'
၁၆:၃၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
၁၇:၀၅ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၅ သုတဝေဖြာသီရိဝေဟာ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၂၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'ဝသဿန်မိုးရာသီ' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်

mitv

07:01 News
07:27 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:36 Kambawzathardi Golden Palace - A Treasured Legacy Of Golden Days
07:52 A Monk's Robe
08:01 A Lucky Boy
08:18 Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song 'Blessing'
08:23 Shwe Myanmar And Full Moon Day Of Waso
09:01 Discovering Tribes: Kanan their life and customs (Part-I)
09:35 Next Generation (Min Thu Ryein)
09:46 Irrawaddy Dolphin (Part-2)
10:24 Ashin Thitzana or Martyr of Buddha's Sasana
11:43 TThe Beauty In The North Of Myanmar

MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀)
ရဝမ်ဝတ်စားဆင်ယင်ပုံ
ကယား (၀၈:၀၀ မှ ၁၀:၀၀)
ရိုးရာဝါးခမောက်လက်မှုပညာအမွေ
ဝကေကကရင် (၁၀:၀၀ မှ ၁၁:၀၀)
မိသားစုဝင်ငွေတိုးစေဖို့ငါးခူမွေးကြစို့
အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း
အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ
ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ
ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)
လေးကြိုးပြုလုပ်ခြင်း
မွန် (၁၅:၀၀ မှ ၁၇:၀၀)
မွန်ပက်ထုပ်ပြုလုပ်နည်း
ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)
အိပ်မက်ကကြိုးကခုန်သူ
ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)
ကွန်ဟိန်-တောင်ကြီးကြားကရှမပြီးတဲ့လမ်းခရီး
ဝ (၂၁:၀၀ မှ ၂၃:၀၀)
ရေအားလျှပ်စစ်အပန်းဖြေစခန်း

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနှင့်ဒေါသ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငရဲအဆုံးကုန်းတစ်ဝက်'
၁၁:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews



## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# ဘူရိဒတ်ဇာတ်တော်

**မြတ်မင်းလိုင်**

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလေသည်။ သားတော်ကြီးကို အိမ်ရှေ့အရာကို ပေးထားတော်မူ၏။ အိမ်ရှေ့မင်းသား၏ အခြံအရံများ တိုးတက်ပြန့်ပွားလာသဖြင့် မင်းကြီးသည် ထီးနန်းအန္တရာယ်ကို စိုးရိမ်တော်မူမိသည်။ ထို့ကြောင့်သားတော်အား မိမိကွယ်လွန်ပြီးသည့်နောက်မှ တိုင်းပြည်သို့ပြန်လာ၍ မိမိ၏အမွေထီးနန်းကို စိုးစံလေတော့၊ ယခုအခါတွင် တိုင်းပြည်မှထွက်၍ နှစ်သက်ရာအရပ်၌ နေချေဟု အမိန့်ထုတ်ပြန်လေသည်။ ထိုအခါ သားတော်လည်း အမိန့်တော်မြတ်ကို ဦးထိပ်ဆင်ရွက်၍ တစ်ယောက်တည်းတိုင်းပြည်မှ ထွက်ခွာလာ၏။ ယမုံနာမြစ် သမုဒ္ဒရာတို့၏ အလယ်တောင်ကြားတစ်ခု၌ ကျောင်းသင်္ခမ်းဆောက်လုပ်၍ ရသေ့အသွင်ဖြင့် နေလေသည်။




ထိုအချိန်ခါ သမုဒ္ဒရာအောက် နဂါးပြည်၌ မုဆိုးမဖြစ်သော နဂါးမတစ်ယောက်သည် အခြားလင်ရှိသော နဂါးမများနည်းတူ ပျော်မြူးလိုသဖြင့် လင်သားရှာဖွေရန် နဂါးပြည်မှထွက်လာခဲ့သည်။ မင်းသား၏နေရာသို့ ရောက်ရှိလာသည်။ ထိုအချိန်တွင် မင်းသားသည် သစ်သီးရှာဖွေသွားနေခိုက်ဖြစ်သဖြင့် ကျောင်းသင်္ခမ်းတွင်းဝင်၍ အကဲခတ်လေ့လာသည်။ ထိုအခါ ရသေ့တစ်ပါးတည်း နေထိုင်ကြောင်းလေ့လာတွေ့ရှိရလျှင် ထိုရသေ့သည် သဒ္ဓါတရားဖြင့် ရဟန်းပြုခြင်း သို့မဟုတ် အခြားအကြောင်းကြောင့် ရဟန်းပြုခြင်းဖြစ်သည်ကို စမ်းသပ်ရန် ဆုံးဖြတ်ကာ အိပ်ရာတစ်ခုကို စီစဉ်လေသည်။ သဒ္ဓါတရားဖြင့် ရဟန်းပြုခဲ့ပါမူ ၎င်းပြုပြင်ပေးသည့် အိပ်ရာ၌ နားအိပ်ခြင်း မပြု၊ ကာမဂုဏ်ရှိသောသူဖြစ်ပါက အိပ်စက်လိမ့်မည်ဟု တွေးတောပြီး အိပ်ရာကို နတ်တို့၏ ပန်းရနံ့သာတို့ဖြင့် ပူဇော်စီစဉ်ထားရှိပြီး နဂါးပြည်သို့ ပြန်လေသည်။

မင်းသားသည် ညချမ်းအချိန်တွင် သစ်သီးရှာဖွေရာမှ ကျောင်းသင်္ခမ်းသို့ ပြန်ရောက်လာသည်။ ပန်းအခင်းအိပ်ရာကို တွေ့၍အံ့ဩပြီး နှစ်လိုဝမ်းမြောက်စွာ ထိုအိပ်ရာ၌ နေလေသည်။ နောက်တစ်နေ့ မိုးသောက်သော် မင်းသားသည် သစ်သီးရှာထွက်ခဲ့ပြန်သည်။ ထိုအချိန်တွင် နဂါးမသည် ရောက်ရှိလာပြီး ကျောင်းသင်္ခမ်းအတွင်း ဝင်ကြည့်သည့်အခါ အိပ်ရာထက်မှ ပန်းညှိုးနွမ်းနေသည်ကို တွေ့ရှိ၍ ထိုမင်းသားသည် ကာမဂုဏ်အလိုရှိသောသူဖြစ်သည် သိရှိသွားလေသည်။ နဂါးမသည် ထိုသူအား လင်သားအဖြစ် ရွေးချယ်လျှင်သင့်မည်ဟု တွေးတောကာ ဟောင်းသောပန်းများအစား ပန်းသစ်များကို ယခင်အတိုင်း စီစဉ်ထားရှိခဲ့ပြီး နဂါးပြည်သို့ ပြန်လေသည်။ မင်းသားသည် ထိုညဥ့်၌လည်း ထို အိပ်ရာ၌ပင် အိပ်၍ မိုးသောက်သောအခါ ဤသင်္ခမ်းကို မည်သူလာရောက်ပြုပြင်နေသည်ကို သိလိုစိတ်ကြောင့် သစ်သီးရှာဖွေထွက်ဟန်ဆောင်ကာ သင်္ခမ်းနှင့် မနီးမဝေးအရပ်၌ ပုန်းကွယ်၍ ချောင်းနေလေသည်။

နဂါးမလည်း များစွာသောပန်းနံ့သာကို ယူဆောင်၍ သင်္ခမ်းသို့ ရောက်ရှိလာသည်ကို မင်းသားမြင်လိုက်ရသည်။ မင်းသားသည် မြတ်သောအဆင်းနှင့် ပြည့်စုံသောနဂါးမကို မြင်၍ တပ်မက်စိတ် ဖြစ်ပေါ်ခဲ့သည်။ နဂါးမကလည်း လက်ခံကြည်ဖြူပေါင်းဖက်ကြရာ သားတော်သာဂရနှင့် သမီးတော် သမုဒ္ဒဇာကို ဖွားမြင်လေ၏။ သားတော်နှင့် သမီးတော်တို့ကို သမုဒ္ဒရာအနီး၌ ဖွားမြင်ခြင်းကြောင့် သာဂရနှင့် သမုဒ္ဒဇာဟု အမည်မှည့်ကြခြင်း ဖြစ်သည်။

တစ်နေ့သောအခါတွင် ဗာရာဏသီပြည်မှ မုဆိုးတစ်ဦးသည် ထိုအရပ်သို့ ရောက်ရှိလာလေသည်။ စကားပြောဆိုကြပြီးသည့် အခါတွင် မုဆိုးသည် မင်းသားမှာ ဗာရာဏသီပြည့်ရှင်၏ သားတော်ဖြစ်ကြောင်း သိရှိလေသည်။ ထို့ကြောင့် ၎င်းသည်တိုင်းပြည်သို့ ပြန်ရောက်ပါက ဤအရပ်၌ မင်းသားရှိနေကြောင်းကို မင်းကြီးထံ လျှောက်ထားမည်ဟု ဆိုကာ နေပြည်တော်သို့ ပြန်လေသည်။ နေပြည်တော်သို့ရောက်လျှင် မင်းကြီးနတ်ရွာစံကြောင်း သိရှိရလေသည်။ ထိုအခါမုဆိုးသည် မှူးမတ်တို့ကို မင်းသားနှင့် တွေ့ဆုံခဲ့သည်များကို ပြောကြားလေသည်။ အမတ်တို့သည် မုဆိုးအား ပဏ္ဏာလက်ဆောင်များပေး၍ မင်းသားရှိရာကို ဦးဆောင်ညွှန်ပြစေသည်။ မှူးမတ်အပေါင်းတို့က မင်းသားကိုတွေ့ဆုံသောအခါ နေပြည်တော်သို့လိုက်ပါ၍ စိုးစံတော်မူရန် လျှောက်ထားကြ၏။

မင်းသားလည်း နေပြည်တော်သို့ပြန်ရန် နဂါးမနှင့် တိုင်ပင်၏။ ထိုအခါ နဂါးမက ၎င်းတို့သည် အဆိပ်ရှိသောအမျိုးဖြစ်၍ အမျက်ဒေါသထွက်၍ တစ်စုံတစ်ယောက်ကိုကြည့်မိလျှင် ထိုသူမှာဖွဲပြာကဲ့သို့ ဖြစ်သွားနိုင်၍ လိုက်ပါနိုင်ခြင်း မပြုနိုင်ကြောင်း ငြင်းဆိုလေသည်။ မင်းသားက အကြိမ်ကြိမ်ပြောဆိုသော်လည်း နဂါးမသည် ငြင်းဆိုခဲ့သည်။ နဂါးမျိုးဖြစ်သော သားတော်၊ သမီးတော်တို့ကို ခေါ်ဆောင်သွားလိုပါက ခေါ်ဆောင်သွားရန်၊ သို့သော် သားတော်၊ သမီးတော်တို့မှာ ရေအမျိုးဖြစ်၍ နူးညံ့လှသောကြောင့် လှေကိုထွင်း၍ ရေအပြည့်ထည့်လျက် ထို သားငယ်၊ သမီးငယ်တို့ မပင်ပန်းအောင် ခေါ်ဆောင်သွားရန်၊ နေပြည်တော်သို့ ရောက်သည့်အခါ ပြည်တွင်းတွင် ရေကန်ကြီးတူး၍ နေစေရန်မှာကြားလေသည်။ ထို့နောက် နဂါးမသည် မင်းသားကို လက်ယာရစ်လှည့်၍ ရှိခိုးပြီး ငိုမြည်ကာ နဂါးပြည်သို့ ပြန်သွားလေသည်။

မင်းသားသည် နဂါးမကိုခေါ်ဆောင်ခွင့်မရသဖြင့် နှလုံးမသာမယာဖြင့် မှူးမတ်တို့ကို လှေတစ်စင်းအလျင်အမြန်ထွင်းစေသည်။ ထိုလှေကို လှည်းပေါ်တင်ပြီး ရေအပြည့်ဖြည့်ကာ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသောပန်းတို့ကို ထည့်စေသည်။ ထိုလှေအတွင်းတွင် သားတော် သမီးတော်တို့ကို လိုက်ပါစေလျက် နေပြည်တော်သို့ ပြန်လေသည်။ နေပြည်တော်သို့ရောက်လျှင် မင်းသားသည် မင်းပြုလေသည်။ ပြည်တွင်း၌ သားတော် သမီးတော်တို့ကစားရန် ပေါက္ခရဏီရေကန်ကိုတူးစေသည်။ သားတော် သမီးတော်တို့သည် ထိုရေကန်၌ ကစားကြ၏။ တစ်နေ့တွင် ပေါက္ခရဏီရေကန်သို့ ရေသွင်းရာတွင် လိပ်တစ်ကောင်ဝင်လာသည်။ မင်းသား မင်းသမီးတို့ ရေကစားကြသည့်အခါ လိပ်သည် ခေါင်းဖော်ကြည့်ပြီး တစ်ဖန်ရေ၌ငုပ်လေသည်။ မင်းသား မင်းသမီးတို့မြင်လျှင် ကြောက်လန့်ပြီး ရေကန်အတွင်း၌ ဘီလူးတစ်ကောင်ရောက်နေကြောင်း ဖခင်မင်းကြီးထံ လျှောက်ထားကြလေသည်။

ထိုအခါ မင်းကြီးသည် မင်းချင်းတို့ကိုခေါ်၍ လိပ်ကို ဖမ်းဆီးစေသည်။ လိပ်ကို ဖမ်းမိလျှင် မင်းကြီးသည် အမှုလျော်အောင် စီစဉ်စေ၏။ ထိုအခါ အမတ်တို့သည် ဆုံ၌ထည့်၍ ကျည်ပွေ့ဖြင့် အမှုန့်ဖြစ်အောင် ထောင်းသင့်ကြောင်း၊ သုံးပါးသောချက်ခြင်းဖြင့် ချက်၍စားသင့်ကြောင်း၊ မီးပုံကြီးထဲသို့ ထည့်သင့်ကြောင်း၊ အခွံခွာပြီး အသားကိုပြန်ထည့်ပြီးချက်သင့်ကြောင်း၊ ယမုံနာမြစ်ဝဲ၌ချသင့်ကြောင်း စသည်ဖြင့် အမျိုးမျိုး လျှောက်တင်ကြ၏။ မင်းကြီးသည် ယမုံနာမြစ်ဝဲသို့ ချစေသည်။ လိပ်ကို ချလိုက်သည့်အခါ လိပ်သည်နဂါးပြည်သို့စီးသော ရေစီးဖြင့်လိုက်ပါကာ နဂါးပြည်သို့ ရောက်ရှိလေသည်။

ထိုအချိန်တွင် ရေ၌ကစားနေသော ဓတရဋ္ဌနဂါးမင်း၏ သားများဖြစ်ကြသည့် နဂါးလုလင်ပျိုတို့သည် လိပ်ကိုမြင်၍ဖမ်းကြ၏။ ထိုအခါ လိပ်သည် မိမိသည် ဗာရာဏသီပြည့်ရှင်၏ တမန်တော်စိတ္တစူဠ ဖြစ်ကြောင်း၊ နဂါးမင်းဓတရဋ္ဌမင်းအား ဗာရာဏသီပြည့်ရှင်မင်း၏ သမီးတော်ကို ဆက်သလို၍ လာရောက်ခြင်းဖြစ်သဖြင့် နဂါးမင်းထံသို့ ပို့ပေးရန်ပရိယာယ်ဖြင့် ပြောကြားလေသည်။

## ဝါဆိုပန်းမြတ်ကပ်လှူချိန်

❖ စားပါသောက်ပါ
ပျူငှာစိတ်ဓာတ်၊ ပြုံးပန်းခတ်၍
လှမ်းပတ်ခြိမ့်သဲ ဆင်ယင်နွဲ
သည်လချိန်ခါ ဝါဆိုပွဲ။

❖ မုန့်ဖြူမုန့်နီ
မုန့်ဆီကြော်ကမ်း၊ အလှူတန်းလည်း
ထုံးတမ်းမဖျောက် ဘယ်မပျောက်
သည်လချိန်ခါ ဒါနမြောက်။

❖ ရွှေရိုးကကွက်
တွဲဖက်ပုလွေ၊ ဒိုးသံမွှေပြီ
ပျိုမေတစ်သင်း၊ ရွာသားချင်းတို့
စိတ်ရင်းဖြူလတ်၊ ဖော်ရွေတတ်လျက်
ဆက်ကပ်လှူဒါန်း ဝါဆိုပန်း
သည်လချိန်ခါ ကြည်ရွှင်လန်း။

❖ စေတီနှင့်ကျောင်း
ပန်းပေါင်းလှူဖွယ်၊ ပန်းပင်လယ်သို့
ရင်ဝယ်ကြည်နူး၊ ဝါဆိုဦးဝယ်
ရည်စူးကောင်းသွန်၊ စိတ်ထားမွန်နှင့်
အားခွန်ပြည့်ဝ ကုသိုလ်ရ
ဝါဆိုသင်္ကန်း ကပ်လှူကြ။

❖ အော်... လရောင်ထိန်မြူး
ညဦးသာလှ၊ ဤဒေသဝယ်
ဓမ္မစကြာ၊ မဟာသုတ်တော်
ပူဇော်ရွတ်ပွား၊ ဝတ်သင်းများတည့်
တရားဦးမြတ်၊ ကြောင်းကျိုးစပ်လျက်
သိမှတ်ဖေးကူ၊ အလှူဒါန
ပြုကြသူငါ၊ ရွှင်သဒ္ဓါနှင့်
ချိန်ခါကောင်း၍ စဉ်ကြည်မွေ့
ဝါဆိုလပြည့် ဤယနေ့။ ။

ဖိုလေးလုံးသောင်းကိုကို

နဂါးလုလင်တို့လည်း လိပ်၏ စကားကိုကြားလျှင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မင်းကြီးထံသို့ ပို့ဆောင်၍အကြောင်းစုံကို လျှောက်တင်ကြသည်။ မင်းကြီးလည်း လိပ်ကိုမြင်လျှင် ဤလိပ်သည် ဗာရာဏသီမင်းကြီး၏ တမန်တော်မဖြစ်နိုင်ဟုဆို၏။ လိပ်လည်း မခံမရပ်နိုင်ဖြစ်သဖြင့် မိမိသည်သာမညလိပ်မဟုတ်ကြောင်း၊ စိတ္တစူဠ အမည်ရှိသော အမတ်ရာထူးရှိသည့် လိပ်ဖြစ်ကြောင်း စသည့်ဂုဏ်တို့ကို ထုတ်ဖော်ပြောဆိုလေသည်။ ထိုအခါ နဂါးမင်းကြီးလည်း ယုံကြည်တော်မူပြီး ဗာရာဏသီမင်း၏ သမီးတော်နှင့် ထိမ်းမြားရန်ရက်သတ်မှတ်ချိန်းဆိုသည့် လုပ်ငန်းဆောင်ရွက်ရန် နဂါးလုလင်လေးဦးတို့အား ထိုလိပ်နှင့်အတူ လိုက်ပါစေခဲ့သည်။ လမ်းခရီးတွင် ရေအိုင်တစ်ခုသို့ ရောက်သောအခါ လိပ်သည် မင်းကြီး၏သားတော် သမီးတော်များအတွက် ကြာစွယ်ကြာဥချိုးမည်ဟုဆိုကာ ရေအိုင်အတွင်းဆင်း၍ ပုန်းအောင်းနေရစ်လေသည်။ နဂါးလုလင်ပျိုတို့လည်း လိပ်ကိုသွားနှင့်ပြီဟု ထင်မှတ်ကာ လူယောင်ဖန်ဆင်းပြီး ဗာရာဏသီမင်းကြီးထံသို့ ဝင်လေသည်။ မင်းကြီးထံမှောက်ရောက်သည့်အခါ သမီးတော်သမုဒ္ဒဇာကို ဓတရဋ္ဌ နဂါးမင်းအား ပေးဆက်ရန်နှင့် စိတ္တစူဠလိပ်ကို စေလွှတ်ခဲ့သည့်အတိုင်း ရက်သတ်မှတ်ရန် လိုက်လာကြောင်း လျှောက်တင်လေသည်။

ဗာရာဏသီပြည့်ရှင်မင်းက နဂါးမျိုးနှင့် လူတို့ ဇာတ်မတူကြ၍ ထိမ်းမြားပေးနိုင်ခြင်းမရှိကြောင်း မိန့်ကြားလေသည်။ ထိုစကားကို ကြားလျှင် နဂါးလုလင်ပျိုတို့သည် အမျက်ထွက်ကာ နဂါးပြည်သို့ ပြန်ကြပြီး နဂါးမင်းအားအကြောင်းစုံကို ပြန်လည်လျှောက်တင်ကြ၏။ နဂါးမင်းသည် အမျက်ထွက်ကာ နဂါးလုလင်တို့အား ဗာရာဏသီပြည်သို့ သွားရောက်ပြီး နှာခေါင်းလေလွှတ်၍ ကြောက်မက်ဖွယ်ဖြစ်အောင် ခြိမ်းခြောက်ရန်၊ သို့သော်တစ်စုံတစ်ယောက်ကိုမျှ မညှဉ်းဆဲမသတ်ဖြတ်ကြရန် အမိန့်ထုတ်ပြန်လေသည်။ နဂါးမင်းသည် အမျက်ထွက်သော်လည်း ဗာရာဏသီပြည်မင်း၏ သမီးတော် သမုဒ္ဒဇာအား ချစ်ခင်မြတ်နိုးကြင်နာလှသောကြောင့် ပြည်သူတို့အားပျက်စီးခြင်းကို အလိုမရှိ၍ ဤသို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

နဂါးတို့သည် ဗာရာဏသီပြည်၌ ဤသို့ နှာခေါင်းလေလွှတ်ခြိမ်းခြောက်သည့်အခါ ပြည်သူအပေါင်းတို့ ကြောက်ရွံ့ကာ နဂါးတို့အား မေးလေသည်။ နဂါးတို့က ဗြဟ္မဒတ်မင်းကြီးသည် သမုဒ္ဒဇာ မင်းသမီးအား နဂါးမင်းထံသို့ ဆက်သမည်ဟုဆိုပြီး ဆက်သရန် ပျက်ကွက်၍ နဂါးမင်းက အမျက်ထွက်ကြောင်းကို ရှင်းပြကြ၏။ ပြည်သူအပေါင်းတို့သည် ဗြဟ္မဒတ်မင်းကြီးထံသွား၍ တောင်းဆိုကြလေသည်။ ထိုအချိန်တွင် မင်းကြီးညောင်စောင်း၌ ရောက်ရှိနေကြသော နဂါးလုလင်ပျို လေးယောက်တို့ကလည်း ပေးလော့ပေးလော့ဟု ဆိုလျက် မင်းကြီး၏ဦးခေါင်းကို ပေါက်အံ့သကဲ့သို့ ပြုကြသည်။ မင်းကြီးလည်း ကြောက်လန့်ပြီး ငါ၏သမီးတော် သမုဒ္ဒဇာကို ဓတရဋ္ဌနဂါးမင်းအား ပေးတော်မူမည်ဟု သုံးကြိမ်ဟစ်အော်လေသည်။

ထိုအခါ နဂါးလုလင်တို့သည် တစ်ဂါဝုတ်မျှသောအရပ်၌ နတ်ပြည်ကဲ့သို့ ဖန်ဆင်းကာ စောင့်ဆိုင်းနေလေသည်။ ဗြဟ္မဒတ်မင်းကြီးသည် သမီးတော်ကိုခေါ်ယူ၍ ဖျောင်းဖျပြောဆို၏။ ထို့နောက်ဦးခေါင်းဆေးလျှော်စေ၍ ဝတ်စားတန်ဆာများ ဆင်ပြီးလျှင် ရထားပေါင်းချုပ်၌ တင်လျက် မှူးမတ်ပရိသတ်နှင့်တကွ ပို့စေ၏။ နဂါးမင်းကလည်း ပရိသတ်နှင့်တကွ ခရီးဦးကြိုဆို၍ ကြီးစွာချီးမြှောက်လေသည်။ နဂါးမင်းသည်အစေအပါးများကို လူအသွင်ဖြင့်သာ မင်းသမီးအား အလုပ်အကျွေးပြု ခြံရံစေ၏။ မြွေအသွင်ပြသူများ ဒဏ်ကြီးစွာစီရင်မည်ဟု အမိန့်ထုတ်ပြန်စေလေသည်။ မိဖုရားလည်း လူ့ပြည်ဟူသောအမှတ်ဖြင့် နဂါးပြည်၌ ဓတရဋ္ဌနဂါးမင်းနှင့်အတူ မွေ့လျော်စံပျော်လေသည်။

သမုဒ္ဒဇာ မိဖုရားသည် သားတော်သုဒဿန၊ ဒတ္တ၊ သုဘောဂ၊ အရိဋ္ဌဟူသော သားတော်လေးပါးကို ဖွားမြင်လေသည်။ ထိုသားတော်လေးပါးတို့အနက် သားလတ်ဖြစ်သော ဒတ္တသည် ဘုရားအလောင်းဖြစ်တော်မူ၏။ ဤသို့သားလေးပါး မွေးဖွားပြီးသည့်တိုင် မိဖုရားသည် မိမိပြည်သည် နဂါးပြည်ဖြစ်ကြောင်း မသိရှိပေ။

တစ်နေ့သ၌ သားအငယ်ဆုံး အရိဋ္ဌသည် မိမိ၏မိခင်မှာ လူမိန်းမဖြစ်ကြောင်း နဂါးငယ်တို့ထံမှ ကြားသိရလေသည်။ အရိဋ္ဌသည် နဂါးငယ်တို့ ပြောစကားမှန်မမှန် သိရှိနိုင်ရန်အတွက် မိခင်၏နို့စို့လျက် မြွေ၏သဏ္ဍာန် ဖန်ဆင်း၍အမြီးဖြင့် မိခင်၏ ခြေကိုပုတ်ခတ်။ သမုဒ္ဒဇာ မိဖုရားလည်း ကြောက်လန့်ဟစ်အော်ကာ သားတော်အရိဋ္ဌကို လက်ဖြင့် မြေသို့ ခါချလေသည်။ မိဖုရား၏ လက်သည်းဖြင့် သားတော်၏ မျက်စိကို ခတ်မိ၍ မျက်စိတစ်ဖက် ပျက်သွားလေသည်။ နဂါးမင်းသည် မိဖုရား၏ အလန့်တကြား အော်ဟစ်သံကြား၍ မေးလေသော် သားတော်အရိဋ္ဌ ပြုလုပ်ကြောင်း သိရလျှင် သားတော်ကိုဖမ်း၍ သတ်မည်ဟု ပြုလေသည်။ မိဖုရားလည်း သားတော်ကို အပြစ်မပေးရန် တောင်းပန်၍ မင်းကြီးသည် သားတော်အပြစ်ကို သည်းခံခွင့်လွှတ်လိုက်လေသည်။ ထိုနေ့မှစ၍ သမုဒ္ဒဇာ မိဖုရားလည်း ဤပြည်ကား နဂါးပြည်ဖြစ်သည်ကို သိရှိရလေတော့သည်။ သားတော် အရိဋ္ဌလည်း မျက်စိတစ်ဖက်ပျက်သည်မှစပြီး ကာဏာရိဋ္ဌဟု အမည်တွင်သည်။

သားတော်လေးပါးတို့ အရွယ်ရောက်သောအခါ ခမည်းတော်မင်းကြီးသည် ယူဇနာငါးရာရှိသော နဂါးပြည်ကို ငါးပိုင်းပိုင်း၍ ယူဇနာတစ်ရာစီတွင် နဂါးမောင်းမ အခြံအရံတစ်သောင်း ခြောက်ထောင်စီဖြင့် သားတော်တို့ကို စံစားစေသည်။ ခမည်းတော်သည် မိမိအတွက် ယူဇနာတစ်ရာမျှကိုသာ မင်းပြုတော်မူ၏။

*(ဆက်လက်ဖော်ပြပါမည်)*


**“ မိမိ၏မိခင်မှာ လူမိန်းမဖြစ်ကြောင်း နဂါးငယ်တို့ထံမှ ကြားသိရလေသည်။ အရိဋ္ဌသည် နဂါးငယ်တို့ ပြောစကားမှန်မမှန် သိရှိနိုင်ရန်အတွက် မိခင်၏နို့စို့လျက် မြွေ၏သဏ္ဍာန် ဖန်ဆင်း၍ အမြီးဖြင့် မိခင်၏ ခြေကိုပုတ်ခတ်။ သမုဒ္ဒဇာ မိဖုရားလည်း ကြောက်လန့်ဟစ်အော်ကာ သားတော်အရိဋ္ဌကို လက်ဖြင့် မြေသို့ ခါချလေသည်။ မိဖုရား၏ လက်သည်းဖြင့် သားတော်၏ မျက်စိကို ခတ်မိ၍ မျက်စိတစ်ဖက် ပျက်သွားလေသည်။ နဂါးမင်းသည် မိဖုရား၏ အလန့်တကြား အော်ဟစ်သံကြား၍ မေးလေသော် သားတော်အရိဋ္ဌ ပြုလုပ်ကြောင်းသိရလျှင် သားတော်ကို ဖမ်း၍သတ်မည်ဟု ပြုလေသည်”**

## နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်

ပါဠိစကား ‘ဇာတက’ကို ‘ဇာတ်’ ဟူ၍ မြန်မာမှုပြုကြသည်။ ‘ဇာတ်’၏ အနက်အဓိပ္ပာယ်မှာ ‘အဖြစ်’ ‘ဘဝ’ဟူ၍ ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် ပါရမီဖြည့်စဉ်ကာလ မိမိ၏ အတိတ်ဘဝဇာတ်ကြောင်းများကို ပါဠိဂါထာများဖြင့် ဟောကြားခဲ့ရာ ဂါထာတစ်ရာကျော်မှ တစ်ထောင်ကျော်အထိ ဟောကြားခဲ့သော မဟာနိပါတ်ဟု ခေါ်သည့် ဇာတ်ကြီးဆယ်ဘွဲ့ရှိသည်။ ဇာတ်ကြီးဆယ်ဘွဲ့သည် ဗုဒ္ဓအလောင်းတော် ဘုရားဖြစ်ခါနီး ပါရမီရင့်ကျက်လာပြီဖြစ်သည့် နောက်ဆုံးဘဝများဖြစ်သည်။ ဗုဒ္ဓအလောင်းတော်ဖြည့်ကျင့်ခဲ့သည့် ပါရမီများကို ပြဆိုသော တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ ဇာတ်တော်ကြီးများကို ‘တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ’ ဟု မြန်မာတို့က အတိုမှတ်ကြသည်။

ဗုဒ္ဓကျမ်းစာများတွင် နိကာယ်ငါးရပ်ဝင် ခုဒ္ဒကနိကာယ်၌ ပါဝင်သည့် ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ်ရှိရာ အလွယ်တကူအားဖြင့် ၅၅၀ ဇာတ်တော်များဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှလွဲ၍ ကျန်ဇာတ်တော်များမှာ ပါရမီနုစဉ်က အကြောင်းအရာများဖြစ်ပြီး ပါဠိဂါထာ တစ်ဂါထာ၊ နှစ်ဂါထာတို့ဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။ ‘နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်’ ဆိုသည်မှာ ဗုဒ္ဓအလောင်းတော်ပါရမီဖြည့်ကျင့်ခဲ့စဉ်က ဇာတ်ဝတ္ထုအကြောင်းများပင်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအမြင်တို့တွင် တစ်သားတည်း ပျော်ဝင်နေသည့် သြဇာကြီးမားသော စာပေများလည်းဖြစ်သည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်ဇာတက ဝတ္ထု အကျဉ်းချုပ်များကို ရှေးကရဟန်းပညာရှိ ဆရာတော်ကြီးများရေးသားတော်မူခဲ့သည့် မူရင်းစာအုပ်များကိုမှီငြမ်း၍ ဆရာမြတ်မင်းလှိုင်က ရေးသားခဲ့ပြီး လွန်ခဲ့သည့်နှစ် ၂၀ ကာလက နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ အပတ်စဉ်ထုတ်ဝေသည့် Junior Leader စာစောင်တွင် ဖော်ပြခဲ့ဖူးရာ အဆိုပါ ဇာတ်ဝတ္ထုများအား အပတ်စဉ် လပြည့်၊ လကွယ်၊ ဥပုသ်စသည့် နေ့ရက်များတွင် ဖော်ပြသွားပါမည်ဟု စာဖတ်ပရိသတ်အား အစီရင်ခံအပ်ပါကြောင်း။ ။




## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက် ရှိသည်။

ဇူလိုင်လ ၂၄ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လောကတွင် လူအမျိုးမျိုးရှိပြီး လူသားတိုင်းမရက်စက်တတ်ကြကြောင်း ရေးဖွဲ့ထားသည့် “မတူသောလူ” မျက်နှာဖုံးကာတွန်း၊ ကလေးတို့အနေဖြင့် နားကျပ်ကိရိယာကို အသုံးပြုခြင်းကြောင့် ရရှိလာနိုင်သော ကျန်းမာရေးဆိုးကျိုးများကို ရေးဖွဲ့ထားသည့် “နားကျပ်ကိရိယာအသုံးပြုခြင်း၏ အန္တရာယ်” သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့လက်ရာ” ကဏ္ဍ၊ ပန်းဥယျာဉ်လေး၏ အလှဖန်တီးရှင်များ ဖြစ်လာတော့မည်ဆိုသော ပျားနှင့် လိပ်ပြာတို့အကြောင်း ရေးသားထားသည့် “အလှဖန်တီးရှင်များ” နှစ်မျက်နှာ ကာတွန်း၊ ကာတွန်းဇာတ်ကားထဲရှိ ယာဉ်ပျံကြီးကဲ့သို့ ယာဉ်ပျံကြီးကိုစီးကာ မရောက်ဖူးသေးသော ဒေသများကို သွားချင်မိသော မောင်ဝင်းအကြောင်းကို တင်ဆက်ထားသည့် “ယာဉ်ပျံကြီးကို စီးကာရယ်” ဝတ္ထုကဏ္ဍ၊ ညတစ်ညတွင် မင်းသမီးလေးဝတ်မှုန် အိပ်ရာဝင်ခါနီးအချိန် ကြုံတွေ့ရသော ဆူညံသံအကြောင်းကို ရေးဖွဲ့ထားသည့် “နတ်သမီးလေး ဝတ်မှုန်ရဲ့ ဆူညံတဲ့အိပ်ရာဝင်ချိန်” ပုံပြင်ကဏ္ဍ၊ အပါအဝင် အင်္ဂလိပ်စာစကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စွန့်ပစ် ပလတ်စတစ်အမှိုက်ကို ဘယ်လို စီမံခန့်ခွဲကြမလဲ

**မေယု-မျိုးအောင် (MANA)**

**ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့(FAO)သည် ကမ္ဘာ့လူသားသန်းပေါင်းများစွာတို့အား အငတ်ဘေးမှ ကင်းဝေးရန် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်နေချိန် နှစ်စဉ် ကမ္ဘာကြီး၌ စားနပ်ရိက္ခာ(အစားအသောက်) တန်ပေါင်း ၁ ဒသမ ၃ ဘီလီယံသည် စွန့်ပစ်ပစ္စည်း အမှိုက်များအဖြစ် အလဟဿဖြစ်နေသည့် ဆိုးကျိုးကို မြင်တွေ့ခဲ့သည်။ စားနပ်ရိက္ခာ(အစားအသောက်)များမှ စွန့်ပစ်ပစ္စည်းအမှိုက်များကြောင့်လည်း ကမ္ဘာ့လူဦးရေအတွက် နေ့စဉ် စားနပ်ရိက္ခာဖူလုံရေးနှင့် စားနပ်ရိက္ခာလုံခြုံရေးတွင် ကြီးမားသော စိန်ခေါ်မှု ဖြစ်လာခဲ့သည်။ ကမ္ဘာပေါ်ရှိ ၁၆၅ သန်းသော ငါးနှစ်အောက်ကလေးငယ်များသည် အာဟာရချို့တဲ့ခြင်းနှင့် စွန့်ပစ်ပစ္စည်း အမှိုက်ဖြစ်သွားမှုကြောင့် အစားအစာဖူလုံစွာ မစားသောက်ရခြင်းတို့ကို ကြုံတွေ့နေရပြီး ကမ္ဘာတစ်ဝန်း နေ့စဉ် ခြောက်စက္ကန့်လျှင် ကလေးငယ်တစ်ဦးနှုန်း သေဆုံးလျက်ရှိကြောင်း သိရသည်။**

### ပလတ်စတစ်အမှိုက်များ၏ အန္တရာယ်

ယနေ့ကာလတွင် ပလတ်စတစ်အမှိုက်များ၏ အန္တရာယ်ကို တစ်ကမ္ဘာလုံးမှာ ရင်ဆိုင်လာနေကြရသည်။ ၁၉၅၀ ပြည့်နှစ်လောက်က စတင်အသုံးပြုခဲ့သော ပလတ်စတစ်ပစ္စည်းများသည် ယခုအခါ တန်ချိန် ၈ ဒသမ ၃ ဘီလီယံခန့် ထုတ်လုပ်ခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ၎င်း ၈ ဒသမ ၃ ဘီလီယံတွင် ၉၁ ရာခိုင်နှုန်းသည် ပြန်လည်အသစ်ပြုလုပ်သုံးစွဲခြင်း မရှိခဲ့ပေ။ နှစ်ရာချီ၍၊ အချို့မှာ နှစ်ထောင်ချီ၍ တည်ရှိနေနိုင်သည်ဟုဆိုရာ ထိုအန္တရာယ်ကို လူသားတို့ ဆက်လက်ရင်ဆိုင်ရတော့မည်ဖြစ်သည်။ အမေရိကန် တစ်နိုင်ငံတည်းတွင် နှစ်စဉ် ပလတ်စတစ်အိတ် ဘီလီယံ ၁၀၀ ခန့် သုံးစွဲနေပြီး အချိုရည်သောက်သော ပလတ်စတစ်ပိုက် သန်း ၅၀၀ ခန့်ကို သုံးစွဲနေသည်။ ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ စာရင်းများအရ နှစ်စဉ် ပင်လယ်တွင်းသို့စွန့်ပစ်သော ပလတ်စတစ်အမှိုက်သည် တန်ချိန် ရှစ်သန်းခန့်ရှိသည်ဟု သိရသည်။

ပလတ်စတစ်များသည် နှစ်ကာလရှည်ကြာသောအခါ ပလတ်စတစ် အမှုန်လေးများအဖြစ် ပြောင်းလဲသွားပြီး ရေထုညစ်ညမ်းမှုနှင့် ပင်လယ်သတ္တဝါများကိုပါ ဆိုးကျိုးသက်ရောက်စေလျက်ရှိသည်ဟု သိရသည်။ ပလတ်စတစ်အိတ်ကို အစာထင်မှတ်၍ စားမိသော ရေနေ၊ ကုန်းနေ သတ္တဝါများ အရေအတွက်မှာလည်း ပိုမိုများပြားလာသည်။ ပလတ်စတစ်များသည် အဏ္ဏဝါသက်ရှိများအား ကြီးမားသော ခြိမ်းခြောက်မှု ဖြစ်စေသည့်အပြင် အဏ္ဏဝါရေပြင်နှင့် ရေအောက်ကြမ်းပြင်များ၏ ဂေဟစနစ်များကို ညစ်ညမ်းမှုများ ဖြစ်စေတတ်သည်။ သမုဒ္ဒရာအတွင်း ပလတ်စတစ်များကြောင့် ညစ်ညမ်းမှုဖြစ်ပေါ်နေခြင်းသည် အဓိကအားဖြင့် ပြည့်စုံကောင်းမွန်သော အဏ္ဏဝါဂေဟစနစ်ကြီး တစ်ခုလုံး အချိတ်အဆက်မိမိ ရေရှည်တည်တံ့ရေးအတွက် စိုးရိမ်ပူပန်စရာတစ်ခုအဖြစ် လက်ရှိတွင် ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေကြရသည်။

အရှေ့တောင်အာရှရှိ နိုင်ငံများ၌ သုတေသနပြုလုပ်ထားချက်များအရ ငါးများ၏ အစာအိမ်အတွင်း ပလတ်စတစ် ပါဝင်မှုများမှာ ထိုင်းပင်လယ်ကွေ့အတွင်း ဖမ်းဆီးရမိသောငါးများ၏ ၆၅ ရာခိုင်နှုန်းတွင် တွေ့ရှိရသည်။ ကရုကမာနှင့် အခြားသော ကျောရိုးမဲ့သတ္တဝါများနှင့် အင်ဒိုနီးရှားရေပြင်ရှိ ငါးနီတူငါးများ၏ ၈၉ ရာခိုင်နှုန်းတွင်လည်း အစာအိမ်အတွင်း ပလတ်စတစ်များ တွေ့ရှိရသည်။

### ပင်လယ်ထဲမှ ပလတ်စတစ်အမှိုက်များ

ကမ္ဘာ့စီးပွားရေးဖိုရမ်၏ ထုတ်ပြန်ချက်အရ ပင်လယ်အတွင်းသို့ ပလတ်စတစ်များ နှစ်စဉ် တန်ချိန် ရှစ်သန်းခန့် စီးဆင်းဝင်ရောက်နေခြင်းမှာ တစ်မိနစ်လျှင် အမှိုက်ထရပ်ကား တစ်စီးနှုန်းနှင့် ညီမျှနေကြောင်း၊ ထိန်းသိမ်းခြင်းမရှိဘဲ ဆက်လက်ဝင်ရောက်နေပါက ၂၀၃၀ ပြည့်နှစ်တွင် တစ်မိနစ်လျှင် အမှိုက်ထရပ်ကား နှစ်စီးနှင့် ၂၀၅၀ ပြည့်နှစ်တွင် တစ်မိနစ်လျှင် အမှိုက်ထရပ်ကား လေးစီးနှုန်းရှိသော ပလတ်စတစ်များ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ပင်လယ်အတွင်း ငါးသယံဇာတ တည်ရှိမှုနှင့် ပလတ်စတစ်အမှိုက်များ တည်ရှိမှု အချိုးအဆမှာ ၂၀၂၅ ခုနှစ်တွင် ငါး သုံးတန်လျှင် ပလတ်စတစ် တစ်တန်ရှိနိုင်မည်ဖြစ်ပြီး ၂၀၅၀ ဝန်းကျင်တွင်မူ ပင်လယ်အတွင်း ငါးတန်ချိန်ထက် ပလတ်စတစ်တန်ချိန်က ပိုမိုများပြားစွာ တည်ရှိနိုင်ကြောင်း တွက်ချက်ဖော်ပြထားသည်ကို တွေ့ရသည်။

ပလတ်စတစ်ကို အစာအမှတ်နှင့်ဝါးမိသော ငါးများနှင့် ရေနေသတ္တဝါများ၏ အစာချေဖျက်သောစနစ်များ ပျက်စီးခြင်းကြောင့် ဝေလငါး၊ ပင်လယ်လိပ်များ အပါအဝင် ရေသတ္တဝါ တစ်သိန်းကျော်နှင့် ပင်လယ်ပျော်ငှက်ပေါင်း တစ်သန်း နှစ်စဉ် သေကျေပျက်စီးပြီး ရေနေသတ္တဝါ မျိုးနွယ်စုပေါင်း ၅၀၀၀ ကျော် မျိုးတုံးပျောက်ကွယ်မည့် အန္တရာယ် ကျရောက်နေကြသည်ကိုလည်း ဝမ်းနည်းဖွယ် လေ့လာသိရှိရသည်။

### ပလတ်စတစ် မြစ်ချောင်းများ

နေ့စဉ် မြို့ကြီး၊ ရွာကြီးများနှင့် စက်ရုံ၊ အလုပ်ရုံများက စွန့်ပစ်လိုက်သော အမှိုက်များကို စွန့်ပစ်ရန်မြေနေရာ အကန့်အသတ်ရှိခြင်းနှင့် စနစ်မကျသော အမှိုက်စွန့်ပစ်စနစ်များကြောင့် ပင်လယ်သမုဒ္ဒရာထဲသို့ အမှိုက်များသယ်လာသော ပလတ်စတစ်မြစ်ချောင်းများ ကမ္ဘာအနှံ့တွင် ပေါ်ထွက်လာနေခြင်းသည် ဆန်းကြယ်သောဖြစ်စဉ်တော့ မဟုတ်ပေ။

> ◆ **ပလတ်စတစ်များသည် နှစ်ကာလရှည်ကြာသောအခါ ပလတ်စတစ်အမှုန်လေးများအဖြစ် ပြောင်းလဲသွားပြီး ရေထုညစ်ညမ်းမှုနှင့် ပင်လယ်သတ္တဝါများကိုပါ ဆိုးကျိုးသက်ရောက်စေလျက်ရှိသည်ဟု သိရသည်။ ပလတ်စတစ်အိတ်ကို အစာထင်မှတ်၍ စားမိသော ရေနေ၊ ကုန်းနေသတ္တဝါများအရေအတွက်မှာလည်း ပိုမိုများပြားလာသည်။ ပလတ်စတစ်များသည် အဏ္ဏဝါသက်ရှိများအား ကြီးမားသောခြိမ်းခြောက်မှုဖြစ်စေသည့်အပြင် အဏ္ဏဝါရေပြင်နှင့် ရေအောက်ကြမ်းပြင်များ၏ ဂေဟစနစ်များကို ညစ်ညမ်းမှုများ ဖြစ်စေတတ်**

### ယန်ဇီမြစ်

အာရှတိုက်မှာ အရှည်လျားဆုံး မြစ်တစ်စင်းဖြစ်သလို ကမ္ဘာမှာ တတိယအရှည်လျားဆုံးမြစ်ဖြစ်သော ယန်ဇီမြစ်သည် တရုတ်နိုင်ငံ၏ လူဦးရေထူထပ်သော မြို့များဖြစ်သည့် ရှန်ဟဲမြို့(လူဦးရေ ၂၂ သန်း)၊ ဝူဟန်မြို့(လူဦးရေ ၉ ဒသမ ၈ သန်း)နှင့် ချုံကွင်းမြို့(လူဦးရေ ၇ ဒသမ ၅ သန်း)တို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိပြီး မြစ်ကမ်းတစ်လျှောက်၌ တရုတ်နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံဖြစ်သော သန်းပေါင်း ၄၈၀ မှီတင်းနေထိုင်ရာ မြစ်ကြီးတစ်စင်းဖြစ်သည်။ မဂ္ဂဝပ် ၂၂၅၀၀၀ ထုတ်လုပ်နိုင်သည့် ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းကို ယန်ဇီမြစ်ပေါ်တွင် တည်ဆောက်ထားပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခဲ့သည်။

၂၀၁၂ ခုနှစ်မှစ၍ ယန်ဇီမြစ်ရေ အရည်အသွေးကျဆင်းခဲ့ကာ မြစ်ကမ်းတစ်လျှောက် ဝက်မွေးမြူရေးခြံများ၊ နေရောင်ခြည်ကာကွယ်ရန် ပျိုးပင်၊ သီးနှံစိုက်ခင်းများကို ဖုံးအုပ်ထားသော ပလတ်စတစ် အမိုးအကာများ၊ ဓာတုစက်ရုံများကြောင့် ယန်ဇီမြစ်ရေ ညစ်ညမ်းလာခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ တွင် ချုံကွင်းမြို့ကိုဖြတ်စီးနေသော မြစ်ရေသည် အနီရောင် ပြောင်းသွားခဲ့သည်။

၂၀၁၅ ခုနှစ် တစ်နှစ်တည်းမှာ တရုတ်နိုင်ငံ၏ အိမ်တိုင်ရာရောက် အစားအသောက်ပို့သောစနစ်(Delivery Service)သည် တစ်ခါသုံး ပလတ်စတစ်အိတ်ပေါင်း ၁၄ ဘီလီယံ၊ တစ်ခါသုံးဘူးခွံ သန်း ၆၀ နှင့် ပြန်သုံး၍မရသော ရေပုလင်းခွံ ၆၈ ဘီလီယံကို သုံးစွဲပြီး ၈၀ ရာခိုင်နှုန်းထက်မနည်းကို မြစ်ချောင်းများထဲသို့ စွန့်ပစ်ခဲ့ကြသည်။ ယန်ဇီမြစ်မျက်နှာပြင်၌ ပျမ်းမျှ တစ်ကုဗမီတာတွင် မိုက်ခရိုပလတ်စတစ်အမှိုက် အစပေါင်း ၄၁၀၀ ပါဝင်နေသည်ကို လေ့လာတွေ့ရှိရသည်။ မြစ်ကမ်းတစ်လျှောက် လူနေမှုထူထပ်လာပြီး တိုးချဲ့လာသော စက်ရုံ၊ အလုပ်ရုံများနှင့် စွန့်ပစ်ပစ္စည်းအပေါ် စီမံခန့်ခွဲမှု ညံ့ဖျင်းသော ဒေသများမှ ထွက်ပေါ်လာသော ညစ်ညမ်းပလတ်စတစ်များကို တွေ့ရှိရမည်ဖြစ်သည်။

### အိန္ဒုမြစ်

ပါကစ္စတန်နိုင်ငံ၏ အရှည်လျားဆုံးမြစ်ဖြစ်သော အိန္ဒုမြစ်သည် အိန္ဒိယနိုင်ငံကို ဖြတ်သန်းစီးဆင်းပြီး အာရေဗီယန်ပင်လယ်ထဲသို့ စီးဝင်သည်။ ပါကစ္စတန်နိုင်ငံ၏ အသက်ဖြစ်သော အိန္ဒုမြစ်သည် လူသန်းပေါင်းများစွာ၏ သောက်သုံးရေကို ဖြည့်ဆည်းပေးသော ရေသိုက်ကြီးဖြစ်သကဲ့သို့ စိုက်ပျိုးရေးနှင့် စက်မှုအလုပ်ရုံများ အားထားရာ မြစ်ကြီးလည်းဖြစ်သည်။ တောင်အာရှ၌ အိန္ဒိယနိုင်ငံပြီးလျှင် ပလတ်စတစ် အများဆုံးထုတ်လုပ်သော ပါကစ္စတန်နိုင်ငံမှာ ပလတ်စတစ်စက်ရုံပေါင်း ၆၀၀၀ ကျော်ဖြင့် ပလတ်စတစ်အိတ်ပေါင်း ၅၅ ဘီလီယံ အပါအဝင် ပလတ်စတစ်ပစ္စည်း အမျိုးစုံ တန်ချိန် ၆၂၄၀၀၀ ကျော်ကို နှစ်စဉ် ထုတ်လုပ်လျက်ရှိသည်။

ပလတ်စတစ်အမှိုက်များကို ပြန်လည်သုံးစွဲခြင်း၊ မြေမြှုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မီးရှို့ခြင်း မလုပ်ဘဲ မြစ်အတွင်း စွန့်ပစ်သဖြင့် အိန္ဒုမြစ်သည် ပင်လယ်သမုဒ္ဒရာထဲ နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန် ၁၆၄၀၀၀ ကျော် သယ်ယူပို့နေသော မြစ်ကြီးတစ်စင်း ဖြစ်နေသည်။

### ဂင်္ဂါမြစ်

အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဆက်နွှယ်နေပြီး လူသန်းပေါင်း ၅၀၀ အတွက် ရေလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနေသော မြစ်ကြီးတစ်စင်းမှာ ဂင်္ဂါမြစ်ဖြစ်သည်။ လူဦးရေ တစ်သိန်းကျော်သော မြို့ပေါင်း ၁၀၀ နှင့် လူဦးရေတစ်သိန်းအောက် မြို့ကြီး ၁၅၀ ကျော်ကို ဖြတ်သန်းစီးဆင်းနေသော ဂင်္ဂါမြစ်သည် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု လိုအပ်ချက်ရှိခြင်းကြောင့်လည်းကောင်း၊ မြစ်လက်တက်များထဲမှ တစ်ခုဖြစ်သော ပန်ဒုမြစ်(Pandu)တွင် သားရေစက်ရုံ၊ အထည်အလိပ်စက်ရုံ၊ သားသတ်ရုံ၊ ဆေးရုံများမှ စွန့်ပစ်သောအမှိုက်များ၊ ရေဆိုးများထားခြင်းကြောင့်လည်းကောင်း၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်စွန့်ပစ်သော ပြာတန်ချိန် နှစ်သိန်းကျော်ကြောင့်လည်းကောင်း မြစ်ကိုညစ်ညမ်းစေလျက်ရှိသည်။

ကွယ်လွန်သွားသူများကို ဂင်္ဂါမြစ်ကမ်း၌ မီးသင်္ဂြိုဟ်လျှင် မြင့်မြတ်သောဘုံသို့ ရောက်စေနိုင်သည်ဆိုသော ရှေးရိုးအယူရှိသူများက နှစ်စဉ် ထောင်သောင်းမက မီးသင်္ဂြိုဟ်သော ရုပ်ကြွင်းနှင့် ပြာများသည်လည်း ဂင်္ဂါမြစ်ကို ပိုမိုညစ်ညမ်းစေသည်။ အာရှတိုက်၌ ပလတ်စတစ်ကုန်ပစ္စည်း အများဆုံးထုတ်လုပ်သော အိန္ဒိယနိုင်ငံတွင် နေ့စဉ် ဂင်္ဂါမြစ်ထဲသို့ ပလတ်စတစ်အမှိုက် ၃၁၅ တန်ကိုလည်း စွန့်ပစ်နေသည်။

*စာမျက်နှာ ၂၃ သို့*

# သီပေါမြို့နယ်၌ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်

**သီပေါ ဇူလိုင် ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ကျေပွန်စွာ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၀ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ကျောက်မဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ကျော်မိုးထွန်းက မြို့နယ်အတွင်း ဆေးကုသမှုနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများ တာဝန်ဝတ္တရားများအပြင် လူမှုရေးနှင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆေးကုသဆောင်ရွက်မှုများကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အားပေးစကားပြောကြားပြီး ဝန်ထမ်းများအတွက် ငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးနှင့် မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးဝင်းတို့က အဆိုပါ ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ရာ သီပေါခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအထူးကု ဆရာဝန်ဒေါက်တာခင်စုယဉ်က လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**စိုင်း(သီပေါ)**



ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့တွင် ကိုဗစ် -၁၉ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ပင်လောင်းမြို့ပေါ်ရပ်ကွက်များအတွင်း အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်မှု ဆောင်ရွက်နေစဉ်။ မြို့နယ်(ပြန်/ဆက်)

*စာမျက်နှာ ၂၂ မှ*

ထို့ကြောင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဦးဆောင်ပြီး ပြည်နယ်ဝန်ကြီးချုပ်များပါဝင်သော အမျိုးသားအဆင့် ဂင်္ဂါမြစ်ဝှမ်း အာဏာပိုင်အဖွဲ့ကို ၂၀၀၉ ခုနှစ်မှာ ဖွဲ့စည်း၍ ကမ္ဘာ့ဘဏ်မှထောက်ပံ့ပေးငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖြင့် မြို့ပြများ စွန့်ပစ်ရေများ ပြန်လည်သန့်စင်ရေးစီမံကိန်းအပါအဝင် ဂင်္ဂါမြစ်ရေ ပြန်လည်သန့်စင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရသည်။ တစ်ခါသုံး ပလတ်စတစ် ထုပ်ပိုးပစ္စည်းများကို တားမြစ်သကဲ့သို့ ပလတ်စတစ်ကုန်ပစ္စည်းများကို ပြန်လည်သုံးစွဲရန် ညွှန်ကြားခဲ့သည်။ တစ်ခါသုံးရေပုလင်းနှင့် ရေထည့်သည်ကို တားမြစ်ပြီး အားကစားသမားများအားထောက်ပံ့သော သောက်ရေကို ပလတ်စတစ်ဘူးအစား စတီးလ်ရေဘူးများဖြင့် ပေးဝေခဲ့ခြင်းကြောင့် ၂၀၁၉ ခုနှစ်မှာ ပလတ်စတစ်အမှိုက် တန်ချိန် ၁၂၀ လျှော့ချနိုင်ခဲ့သည်။

ထိုင်းနိုင်ငံ ပင်လယ်ကမ်းခြေတစ်ခုတွင်လည်း ၁၀ ကီလိုမီတာခန့်ရှည်သည့် အမှိုက်များ မျောပါနေသည်ကို တွေ့ကြရာမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ အလန့်တကြားဖြစ်ကုန်ကြသည်။ ပလတ်စတစ်အမှိုက်များ၏ ပြဿနာသည် အခြားသော ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာများကဲ့သို့ စိုးရိမ်စရာကောင်းသည့်အခြေအနေတွင် ရောက်ရှိနေသည်မှာ အမှန်တကယ်ပင်ဖြစ်သည်။

### မြို့တော်ရန်ကုန်နှင့် အမှိုက်များ

ရန်ကုန်မြို့ရှိ မြို့နယ်တို့မှ နေ့စဉ်စွန့်ပစ်သော အမှိုက်များ လျော့နည်းလာစေရန် အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားခြင်းနှင့် ပြန်လည်အသုံးပြု၍ရသော အမှိုက်များ ခွဲခြားစွန့်ပစ်ခြင်းဖြင့် အမှိုက်ထွက်ရှိမှုကို လျှော့ချသွားရန် လိုအပ်ကြောင်းနှင့် လက်ရှိအချိန်တွင် မြို့နယ်အသီးသီးမှ နေ့စဉ်ထွက်ရှိသော အမှိုက်တန်ချိန် ၂၅၀၀ ခန့်ကို စည်ပင်သာယာက သိမ်းဆည်းလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သော စွန့်ပစ်ပစ္စည်းများကို တစ်ရက်လျှင် တန် ၃၀ မှ ၅၀ အထိ သိမ်းဆည်းလျက်ရှိရာ ယခုကာလတွင် စည်ပင်သာယာဝန်ထမ်းများအနေဖြင့် အမှိုက်များကို သိမ်းဆည်း၊ ပို့ဆောင်၊ မီးရှို့ဖျက်ဆီးမှုများကို နေ့စဉ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

စွန့်ပစ်အမှိုက်များကို လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံသို့ နေ့စဉ် ပို့ဆောင်လျက်ရှိပြီး အမှိုက်ထားသိုမှုပုံစံအတွက် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့် သုံးနှစ်စီမံကိန်းကို ၂၀၁၈ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကာ ထိုစွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်နိုင်ရန်အတွက် Time aid credit ကို ပိုလန်နိုင်ငံနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံတွင် အမှိုက်များသောကြောင့် ၂၀၁၈ ခုနှစ် ဧပြီ ၂၁ ရက်မှ ၂၄ ရက်အထိ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးခိုးများ ရန်ကုန်မြို့ထဲသို့ လွင့်ပျံ့ခဲ့သည်။ မြေပြင်တွင် မီးကို အချိန်ပေးငြိမ်းသတ်ခဲ့ရပြီး လေထုအတွင်း အန္တရာယ်ကင်းဝေးစေရန်လည်း ထိုင်းနိုင်ငံမှ ပညာရှင်များဖြင့် လေထုတိုင်းတာရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ ရန်ကုန်မြို့ကြီးကို ပတ်လည်ဝိုင်း၍ စီးဆင်းနေသော ရန်ကုန်မြစ်၊ ပန်းလှိုင်မြစ်၊ ပဲခူးမြစ် စသည်တို့အပြင် ငမိုးရိပ်ချောင်း၊ ပုဇွန်တောင်ချောင်း စသည်တို့၏ ချောင်းစပ်ကမ်းနားများကို တစ်ခါတစ်ခါက် အလည်ရောက်၍ ကြည့်လိုက်မည်ဆိုပါက အမှိုက်သရိုက်၊ ဒိုက်ပေါင်းစုံတို့ဖြင့် မလှပသော မြင်ကွင်းပေါင်းစုံတို့က သင့်ကို ဆီးကြိုနေပါလိမ့်မည်။

ရန်ကုန်မြို့သူ မြို့သားတို့၏ မကျန်းမာရေးကို အထောက်အကူပြုနေသည်ကား မြို့တော်အတွင်း နေရာအနှံ့အပြားတွင် ရှိနေကြသည့် မြို့ကျက်သရေဆောင် အမှိုက်ပုံကြီး/ငယ်များပင် ဖြစ်သည်။ ရန်ကုန်မြို့တော်အနှံ့တွင် တစ်ချိန်က အမှိုက်ပုံနေရာများကို သတ်မှတ်ပေးထားခဲ့ဖူးသည်။ စည်းကမ်းမဲ့ပြည်သူတို့က အမှိုက်ပစ်ရာတွင် အမှိုက်ပုံရှိရာသို့ ရောက်အောင်မသွားကြတော့ဘဲ အမှိုက်ပုံအနီးသို့ အရောက်မှာပင် အမှိုက်တွေကို ဝဲ၍ပစ်ခဲ့သဖြင့် အမှိုက်ပုံအနီးတစ်ဝိုက်တွင် အမှိုက်များ ပြန့်ကြဲလျက် ယင်ကောင်တရုန်းရုန်း၊ ခွေးတွေတဝုန်းဝုန်း၊ အနံ့တထောင်းထောင်းဖြင့် မြင်မကောင်း ရှုမကောင်းဖြစ်ကာ "ဤနေရာတွင် အမှိုက်မပစ်ရ" ဆိုင်းဘုတ်ထောင်သော်လည်း ဆိုင်းဘုတ်ပါ အမှိုက်ပုံအောက်သို့ ရောက်သွားသည်။

### အမှိုက်မြို့တော် ဖြစ်မလာစေရန်

ရန်ကုန်မြို့တော်နေ လူဦးရေ ခုနစ်သန်းခန့်မှ တစ်ရက်လျှင် စွန့်ပစ်အမှိုက် တန်ချိန်ပေါင်း ၂၅၀၀ ခန့် ထွက်ရှိနေရာ အလွယ်တကူဆွေးမြည့်သွားခြင်းမရှိသော ပလတ်စတစ်အမှိုက်များက ပြဿနာဖြစ်စေခြင်းဖြစ်သည်။ ထိန်ပင်အမှိုက်ပုံကို ၂၀၀၁ ခုနှစ်က စတင်အသုံးပြုခဲ့ပြီး ယင်းမတိုင်ခင်က အလုံနှင့် မအူကုန်း အမှိုက်ပုံများသည် အလိုအလျောက် ဆွေးမြည့်သွားခဲ့ခြင်းကြောင့် ယခုအခါ လူနေရပ်ကွက်များအဖြစ် ဖန်တီး၍ရခြင်းဖြစ်သည်။

ပလတ်စတစ်အမှိုက်များကို လျှော့ချနိုင်ရန်အတွက် ၁၉၇၀၊ ၁၉၈၀ ပြည့်နှစ် ကာလများကကဲ့သို့ ပစ္စည်းများထုပ်ပိုးရာတွင် စက္ကူအင်ဖက်၊ ကြာဖက်များ အသုံးပြုခြင်းကို ပြန်လည်အားပေးရန် လိုအပ်သည်။ စားသုတ်သုတ်၊ သွားသုတ်သုတ်ဖြစ်သော ရန်ကုန်၊ မန္တလေးလို မြို့ကြီးများတွင် အခက်အခဲရှိနိုင်သော်လည်း မြို့နယ်များနှင့် နယ်များတွင် ထိုအလေ့အကျင့်ကို ပြန်လည်ပျိုးထောင်၍ ရနိုင်ပါသေးသည်။

◆ **ရန်ကုန်မြို့သူမြို့သားတို့၏ မကျန်းမာရေးကို အထောက်အကူပြုနေသည်ကား မြို့တော်အတွင်း နေရာအနှံ့အပြားတွင် ရှိနေကြသည့် မြို့ကျက်သရေဆောင် အမှိုက်ပုံ ကြီး/ငယ်များပင် ဖြစ်သည်။ ရန်ကုန်မြို့တော်အနှံ့တွင် တစ်ချိန်က အမှိုက်ပုံနေရာများကို သတ်မှတ်ပေးထားခဲ့ဖူးသည်။ စည်းကမ်းမဲ့ပြည်သူတို့က အမှိုက်ပစ်ရာတွင် အမှိုက်ပုံရှိရာသို့ရောက်အောင် မသွားကြတော့ဘဲ အမှိုက်ပုံအနီးသို့အရောက်မှာပင် အမှိုက်တွေကို ဝဲ၍ပစ်ခဲ့သဖြင့် အမှိုက်ပုံအနီးတစ်ဝိုက်တွင် အမှိုက်များ ပြန့်ကြဲလျက် ယင်ကောင်တရုန်းရုန်း၊ ခွေးတွေတဝုန်းဝုန်း၊ အနံ့တထောင်းထောင်းဖြင့် မြင်မကောင်း ရှုမကောင်းဖြစ်ကာ "ဤနေရာတွင် အမှိုက်မပစ်ရ" ဆိုင်းဘုတ်ထောင်သော်လည်း ဆိုင်းဘုတ်ပါ အမှိုက်ပုံအောက်သို့ ရောက်သွားသည်**

ယခုအခါ မြို့နယ်အများစုမှ လမ်းဆုံလမ်းခွများတွင် အမှိုက်ပုံးများထားရှိလာပြီး အချိန်မှန်မှန် အမှိုက်သိမ်းသဖြင့် အထိုက်အလျောက် သန့်ရှင်းမှုရှိလာသည်။ သို့သော် လူအချို့က အမှိုက်ပုံးများရှိရာသို့ သွားမပစ်ဘဲ ကြုံရာနေရာများတွင် အမှိုက်ပစ်ကြသဖြင့် အတွင်းလမ်းများတွင် အမှိုက်ပုံငယ်များ အပုံပုံ၊ အစုအစုဖြင့် မြင်တွေ့နေရသေးသလို အပေါ်ထပ် တိုက်ခန်းများတွင် နေထိုင်ကြသူများက နောက်ဖေးလမ်းကြားထဲသို့ အမှိုက်ပစ်ချနေကြသည်များမှာလည်း ပညာပေး၍ မဆုံးနိုင် ဖြစ်နေသည်။

ရန်ကုန်မြို့တော်ကြီးကို စီးပွားရေးမြို့တော်အဖြစ်လည်းကောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော မြစိမ်းရောင်မြို့တော်(Green City) အဖြစ်လည်းကောင်း၊ ဂုဏ်ယူစရာမြို့တော်အဖြစ်လည်းကောင်း ရည်မှန်းဆောင်ရွက်နေသည်ဆိုလျှင် ထိန်ပင်အမှိုက်ပုံမီးလောင်သည့် ပြဿနာသည် အနာဂတ်ဖွံ့ဖြိုးရေးအတွက် အချက်ပေးခေါင်းလောင်းသံဟု မှတ်ယူနိုင်သည်။ ကားကောင်းကားသန့်များကို စီးနေကြသည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီး၊ မြို့ကြီးသူ မြို့ကြီးသားများကလည်း မိမိတို့စီးနေသည့်ကားကိုမှ အားမနာ ကားပေါ်မှ အမှိုက်ပစ်ချတတ်ကြသည်။ ဘတ်စ်ကားယာဉ်မောင်းများက ကွမ်းစားပြီးလျှင် ကွမ်းတံတွေးကို ပလတ်စတစ်အိတ်ကလေးဖြင့်ခံ၍ ထွေးကြသော်လည်း အငှားယာဉ်မောင်းအချို့ကမူ မီးပွိုင့်တွင်ရပ်နေစဉ် ကားတံခါးလေး အသာဖွင့်၍ ကွမ်းတံတွေး ထွေးကြပြန်သေးသည်။

ရန်ကုန်မြို့တွင် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များ ပိုများလာသည်ကအမှန်ဖြစ်သကဲ့သို့ ယခုကဲ့သို့ မိုးရာသီတွင် ရေမြောင်းများ ပိတ်ဆို့ကာ ဒုက္ခရောက်ကြရခြင်းမှာလည်း အမှိုက်များကြောင့် အများစုဖြစ်ရာ ပြည်သူများနှင့် ဆွေးနွေးအဖြေရှာကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့တော်အား အမှိုက်မြို့တော်ဖြစ်လာမည့်အရေးမှ အချိန်မီကယ်တင်နိုင်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# နိုင်ဂျီးရီးယား မြောက်ပိုင်းဒေသက စီးပွားရေးဆန်ဆန် ပြုလုပ်နေသော ပြန်ပေးဆွဲမှုများ

ကေကေစိုး

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် ရာနှင့်ချီသည့် လူများသည် ပြန်ပေးဆွဲခံရပြီးနောက် ၄၂ ရက်တွင် ပြန်လည်လွတ်မြောက်လာခဲ့ကြသည်။ ပြန်ပေးဆွဲခံရသူများထဲတွင် မိခင်များနှင့် ကလေးငယ်များလည်း ပါဝင်ကြသည်။ ဇွန် ၈ ရက်ကတည်းက မန်နာဝါကျေးရွာတွင် ပြန်ပေးဆွဲမှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ အာဖရိကတိုက်ရှိ လူဦးရေ အထူထပ်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယားတွင် ယခုနှစ်အတွင်း ပြန်ပေးဆွဲမှုများ ဆက်တိုက်ဆိုသလို များပြားလာခဲ့သည်။



ပြန်ပေးဆွဲခံထားရသည့်ကျောင်းသားများ ပြန်လွှတ်ပေးရန် စောင့်ဆိုင်းနေကြသည့် မိဘများကို တွေ့ရစဉ်။

### သတ်ဖြတ်သွားခဲ့

ဒီဇင်ဘာလမှစတင်ကာ ပြန်ပေးဆွဲခံရသည့် ကျောင်းသားကျောင်းသူပေါင်း ၁၀၀၀ ကျော် ရှိလာပြီဖြစ်သည်။ သီတင်းပတ်အကုန်တွင် ဇမ်ဖာရာရှိ တိုက်ခိုက်ရေးသမားများသည် ကျေးရွာ ငါးရွာကို တိုက်ခိုက်ခဲ့ပြီး လူ ၆၀ ထက်မနည်း တောအုပ်အတွင်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် ရဲအရာရှိတစ်ဦးနှင့် ဒေသခံခေါင်းဆောင်နှစ်ဦးကိုလည်း သတ်ဖြတ်သွားခဲ့သည်။

### ပေါင်းဖက်လုပ်ကိုင်လာ

ယင်းကဲ့သို့ကျူးလွန်သူများကို အာဏာပိုင်များက ဓားပြများဟု ခေါ်ဝေါ်ကြသည်။ နိုင်ဂျီးရီးယားနိုင်ငံသားများကို ပြန်ပေးဆွဲပြီး ပြန်ပေးငွေတောင်းခံသည့်လုပ်ငန်းလုပ်ဆောင်နိုင်ရန် အုပ်စုဖွဲ့လုပ်ကိုင်လာကြသည်။ အဆိုပါအုပ်စုများသည် နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဘိုကိုဟာရမ်ကဲ့သို့သော အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပေါင်းဖက်လုပ်ကိုင်လာသည်လည်း ရှိသည်။

### ကယ်တင်ပေးနိုင်ခဲ့

ဇူလိုင် ၂၀ ရက်တွင် ဇမ်ဖာရာတောအုပ်အတွင်းမှ ပြန်ပေးဆွဲခံရသူ ၁၀၀ ကို ရဲများက ကယ်တင်ပေးနိုင်ခဲ့သည်ဟု ရဲဌာနပြောရေးဆိုခွင့်ရှိသူ မူဟာမက် ရှီဟူက ပြောသည်။ ကလေးများကို ခါးထစ်ခွချီထားသည့် အမျိုးသမီးများ တန်းစီထိုင်နေသည့်ပုံကို နိုင်ဂျီးရီးယား မီဒီယာများတွင် ဖော်ပြကြသည်။ အဆိုပါ အမျိုးသမီးများမှာ ဇွန် ၈ ရက်ကတည်းက ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ပြန်ပေးငွေ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုဘဲ လူများကို ကယ်တင်နိုင်ခဲ့သည်ဟု ရှီဟူက ဆက်ပြောသည်။ နောင်တရနေပြီဖြစ်သည့် ဓားပြများက ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ရန် ကူညီပေးခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးထားခြင်း မပြုလုပ်ခဲ့ပေ။

### ကျန်းမာရေးစစ်ဆေးမှုများ လုပ်ဆောင်

ပြန်ပေးဆွဲခံရသူများကို ပြန်လွှတ်ပေးခြင်းမှာ စေ့စပ်ညှိနှိုင်းမှု၏ တစ်စိတ်တစ်ဒေသဖြစ် မဖြစ်ကိုလည်း အတိအကျပြောကြားခဲ့ခြင်းမရှိပေ။ ဓားပြများသည် ပြန်ပေးဆွဲခံရသူများကို ပြန်လွှတ်ပေးမည်။ ယင်းကြောင့် ၎င်းတို့ကို ဖမ်းဆီးခြင်း မပြုရဟု ဒေသခံအာဏာပိုင်များနှင့် သဘောတူညီမှု ပြုလုပ်ခဲ့သည်ဟု စေ့စပ်ညှိနှိုင်းသူများနှင့်အဆက်အစပ်ရှိသည့် သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း အစိုးရဘက်မှ အဆိုပါဒေသများတွင် စစ်ရေးလှုပ်ရှားမှုများ ပိုမိုပြုလုပ်ခဲ့သည့်အတွက် ပြန်ပေးငွေ မယူတော့ဘဲ ပြန်လွှတ်ပေးခြင်းဖြစ်နိုင်သည်ဟု ပြောဆိုကြသည်။ ယခု ပြန်ပေးဆွဲခံရရာမှ ပြန်လည်လွတ်မြောက်လာသူများကို မိသားစုထံပြန်လွှတ်မပေးမီ ကျန်းမာရေးဆေးစစ်မှုများ လုပ်ဆောင်ပေးခဲ့သည်ဟု ရှီဟူက ပြောသည်။

### ပြန်ပေးငွေ တောင်းခံလေ့ရှိ

၂၀၂၁ ခုနှစ်ပထမ နှစ်ဝက်ကာလတွင် ပြန်ပေးသမားများမှာ လူပေါင်း ၂၃၇၁ ဦးထက်မနည်းကို ပြန်ပေးဆွဲမှုပြုလုပ်ခဲ့သည်ဟု လာဂို့စ်မြို့ရှိ အကြံပေးကုမ္ပဏီဖြစ်သည့် SBM ထောက်လှမ်းရေးအေဂျင်စီ၏ သုတေသနပြုချက်အရ သိရသည်။ ပျမ်းမျှနှုန်းဖြင့် တွက်ချက်ကြည့်လျှင် တစ်နေ့လျှင် ၁၃ ယောက် ပြန်ပေးဆွဲခံနေရခြင်းဖြစ်သည်။

ပြန်ပေးဆွဲခံရမှုများမှာ မြောက်ပိုင်းပြည်နယ်များတွင် အဖြစ်များသည်။ ပြန်ပေးဆွဲသူများသည် ဒေါ်လာသန်းနှင့်ချီသည့် ပြန်ပေးငွေများကို တောင်းခံလေ့ရှိသည်။ ပြန်ပေးငွေပေးသည့်ပမာဏကို တွက်ချက်ရန် ခဲယဉ်းလှသည်။ ပြန်ပေးငွေလွှဲပြောင်းပေးခြင်းကို လျှို့ဝှက်စွာ လုပ်ဆောင်ကြသည့်အတွက် ခန့်မှန်းတွက်ချက်ရန် ခဲယဉ်းသည်ဟု သုတေသီများက ပြောသည်။

**ပြန်ပေးဆွဲခံရမှုများမှာ မြောက်ပိုင်းပြည်နယ်များတွင် အဖြစ်များသည်။ ပြန်ပေးဆွဲသူများသည် ဒေါ်လာသန်းနှင့်ချီသည့် ပြန်ပေးငွေများကို တောင်းခံလေ့ရှိသည်။ ပြန်ပေးငွေပေးသည့်ပမာဏကို တွက်ချက်ရန် ခဲယဉ်းလှသည်။ ပြန်ပေးငွေလွှဲပြောင်းပေးခြင်းကို လျှို့ဝှက်စွာ လုပ်ဆောင်ကြသည့်အတွက် ခန့်မှန်းတွက်ချက်ရန် ခဲယဉ်းသည်ဟု သုတေသီများက ပြော**

### အပြစ်တင်ကြ

အတိတ်ကာလတုန်းက ပြန်ပေးဆွဲလျှင် လူချမ်းသာများနှင့် နိုင်ငံခြားသားများကိုသာ ပစ်မှတ်ထား၍ ပြန်ပေးဆွဲလေ့ရှိသည်။ ယခုတွင်မူ ထိုသို့ လူရွေးချယ်ခြင်းမျိုး မရှိတော့ပေ။ အများပြည်သူသုံး ဘတ်စ်ကားများ၊ လုံခြုံရေးအားနည်းသည့် စာသင်ကျောင်းများကို ပစ်မှတ်ထားလာသည်။ ကျေးလက်နေ ကလေးအများစုမှာ ပညာရေးအတွက် လုံခြုံရေးအားနည်းသည့် ကျောင်းများကိုသာ ရွေးချယ်စရာမရှိဘဲ တက်ရောက်နေရသည်။ ကျေးရွာသားများ ပြန်ပေးဆွဲခံရသည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖြေရှင်းပေးမှု နှေးကွေးခြင်းနှင့် မိမိကိုယ်ကို ခုခံကာကွယ်ရန် အရင်းအမြစ်များမရှိသည့်အတွက် ကျေးရွာသားများက အပြစ်တင်ကြသည်။

### အရှက်ရစရာဖြစ်

ပြန်ပေးဆွဲမှုများ များပြားလာသည့်အတွက် ဒေသခံအစိုးရလည်း အရှက်ရစရာဖြစ်ခဲ့ရသည်။ ထို့ကြောင့် အထင်အမြင်သေးမှုများ မဖြစ်ရအောင် တိတ်တဆိတ်ပြန်ပေးငွေပေးခြင်းဖြင့်သာ ဖြေရှင်းလေ့ရှိသည်ဟု နိုင်ငံအရှေ့မြောက်ပိုင်းရှိ လူ့အခွင့်အရေးဆိုင်ရာ ရှေ့နေနှင့် လုံခြုံရေးဆိုင်ရာ သုတေသီတစ်ဦးဖြစ်သူ ဘူလာမာ ဘူကာတီက ပြောသည်။

ယခုအခါ ပြန်ပေးဆွဲခြင်းဆိုသည်မှာ နိုင်ဂျီးရီးယား မြောက်ပိုင်းဒေသတွင် အကျိုးအမြတ်များသော စီးပွားရေးလုပ်ငန်းဖြစ်နေသည်။ ရာဇဝတ်သားများမှာလည်း ၎င်းတို့၏ လုပ်ရပ်အတွက် အပြစ်ပေးခံရခြင်းမရှိပေ။

### လွတ်မြောက်သွားခဲ့

ကျေးလက်ဒေသများတွင် တောတောင် ထူထပ်ခြင်းနှင့် နယ်စပ်လုံခြုံမှု မရှိခြင်းတို့ကြောင့်လည်း ပြန်ပေးဆွဲဂိုဏ်းများထံ လက်နက်စီးဆင်းမှု ဖြစ်ပေါ်စေသည်။ နိုင်ဂျီးရီးယား အနောက်မြောက်ပိုင်းဒေသတွင် မကြာသေးမီနှစ်များအတွင်းမှ စတင်ကာ ကျွဲနွားများကို ခိုးယူသူများ၊ ကျေးရွာနေပြည်သူများကိုပြန်ပေးဆွဲသူများနှင့် ကြုံတွေ့ရသည်။ ပြီးခဲ့သည့် ဇူလိုင် ၁၇ ရက်ကလည်း ဇမ်ဖာရာတွင် တိုက်လေယာဉ်တစ်စင်းကို ဓားပြများက ပစ်ချခဲ့သည်။ လေယာဉ်မောင်းသူမှာ လေယာဉ်အတွင်းမှ ခုန်ထွက်နိုင်ခဲ့သည့်အတွက် လွတ်မြောက်သွားခဲ့ရသည်။

### လုံခြုံရေးကို ခြိမ်းခြောက်နေ

မြောက်ပိုင်းဒေသ၏ လုံခြုံရေးကိုခြိမ်းခြောက်နေသည်မှာ ပြန်ပေးဆွဲဓားပြများသာ မဟုတ်ပေ။ ဘိုကိုဟာရမ်အုပ်စုကလည်း ယင်းဒေသတွင် မကြာခဏဆိုသလို တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။ ကုလသမဂ္ဂ၏ ပြောကြားချက်အရ နိုင်ဂျီးရီးယားနိုင်ငံတွင် လူပေါင်း ၂ ဒသမ ၄ သန်းမှာ လက်နက်ကိုင်များ၏အန္တရာယ်ကြောင့် ထွက်ပြေးရသည်ဟု ဖော်ပြထားသည်။ ။ **ကိုးကား – သည်ဝါရှင်တန်ပို့စ်**

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဆေးဝါးများနှင့် ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်




**စလင်း ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၁ ရက်က စလင်းမြို့နယ် ကံပြားကျေးရွာ ကံပြားကန်သဲနုန်းဆယ်ယူခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လင်းဇင်းကျေးရွာရှိ လင်းဇင်းဆည်မှ ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် အဆိုပါအဖွဲ့သည် စလင်းမြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ ပတ္တမြားအစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံရာ မြို့နယ်ကိုဗစ်-၁၉ ကော်မတီဥက္ကဋ္ဌက ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက Quarantine Center များ ဖွင့်လှစ်ထားမှုများ၊ လိုအပ်သည့် အထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများ၊ အောက်ဆီဂျင်ရရှိ သုံးစွဲလိုအပ်မှုများ ဆွေးနွေးမှာကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် မြို့နယ် ကိုဗစ်-၁၉ ကော်မတီသို့ ကိုဗစ်-၁၉ အထောက်အကူပြု ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးဝါးများနှင့် ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး စလင်းမြို့ ပြည်သူ့ဆေးရုံ၊ အထက(၁) စလင်းနှင့် မိုးလုံလေလုံ အားကစားခန်းမရှိ ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၄၀အတွက် တစ်ဦးလျှင် ကြက်ဥငါးလုံးနှုန်းဖြင့် စုစုပေါင်း အလုံး ၇၀၀၊ ခေါက်ဆွဲခြောက် ၂၄ ပါကင်နှင့် ကော်ဖီမစ်ထုပ်ကြီး ၄၉ ထုတ်တို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပေးနှိုးဆော်

### ကရသူရီ

တနင်္သာရီတိုင်းဒေသကြီး ကရသူရီမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်ယာဉ်ဖြင့် လှည့်လည်အသိပေးနှိုးဆော်ခြင်းကို ဇူလိုင် ၂၁ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ခြင်းကို ကရသူရီမြို့ မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းပြီး မြို့ပေါ်ရပ်ကွက်များနှင့် လူစည်ကားရာနေရာများတွင် မိဘပြည်သူများ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်သွားလာရေး၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေ အကွာနေထိုင်ရန်၊ လက်ကိုမကြာခဏ ဆေးကြောပေးရန်၊ မလိုအပ်ဘဲ အပြင်ထွက်ခွာခြင်းမပြုရန်၊ လူစုလူဝေးရှောင်ကြဉ်ရန်၊ လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များ ပါဆယ်စနစ်ဖြင့် ရောင်းချရန်တို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ တားဆီးရေး လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်တို့ကို လှည့်လည်အသိပေးနှိုးဆော်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကမမောင်း

ကရင်ပြည်နယ် ကမမောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် အသိပညာပေးနှိုးဆော်မှုများကို ပြည်သူများသိရှိနိုင်စေရန်အတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်က မြို့အတွင်းရှိ ရပ်ကွက်များနှင့် လူစည်ကားရာနေရာများတွင် အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ရာအိမ်မှူးများ ပူးပေါင်း၍ ပြည်သူများ အနေဖြင့် မိမိနေအိမ်များတွင်သာ နေထိုင်ရန်၊ အရေးကြီးကိစ္စကြောင့် ပြင်ပသို့ထွက်ခွာပါက ပါးစပ်၊ နှာခေါင်းစည်းကို စနစ်တကျတပ်ရန်၊ ပြင်ပမှလာသောဧည့်သည်များအား လက်မခံရန်၊ ပါးစပ်၊ နှာခေါင်းစည်းမတပ်သူများနှင့် တွေ့ဆုံခြင်းမှ ရှောင်ကြဉ်ရန်၊ လူစုလူဝေးပြုလုပ်ခြင်းနှင့် သွားလာခြင်းများကို ရှောင်ကြဉ်ရန်၊ တစ်ခုခုကို ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျဆေးရန်နှင့် မိမိတို့၌ ရောဂါပိုးကူးစက်ခံရသည်ဟု သံသယရှိပါက နီးစပ်ရာ ရပ်ကွက်ရာအိမ်မှူး၊ ဆယ်အိမ်မှူးများထံ အကြောင်းကြားရန်၊ မိမိနေအိမ်၌ ရောဂါကို ကြိတ်ကုခြင်းမပြုလုပ်ရန်၊ ကျန်းမာရေးဌာနများသို့ ဆက်သွယ်၍ မပျက်မကွက် စစ်ဆေးကုသခံယူရန်စသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များကို အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြောက်ဦးမြို့၌ တစ်ရက်ဘူး ၄၀ ထုတ်နိုင်သော အောက်ဆီဂျင်စက်ရုံ စမ်းသပ်လည်ပတ်

**မြောက်ဦး ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ရတနာ့မာရ်အောင် ကျောင်းတိုက်မှ မြောက်ဦးဆရာတော်ကြီး ဝနဝါသီ အရှင်ဝါယာမိန္ဒ ဦးစီးလျက် ရခိုင်ပြည်နယ်လုံးကျွတ် အောက်ဆီဂျင် လုံလောက်စွာရရှိစေရေးနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေးအတွက် စက်ရုံအတွင်းရှိ စက်ကိရိယာများ စမ်းသပ်လည်ပတ်မှုကို ဇူလိုင် ၂၁ ရက်က ခရိုင်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုသည်။

ထို့နောက် မြောက်ဦးခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က အောက်ဆီဂျင် လုံလောက်စွာ ထုတ်လုပ်ရရှိနိုင်ရေးနှင့် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှုမှ ကြိုတင် ကာကွယ်နိုင်ရန်၊ အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေးနှင့် ပိုးတွေ့လူနာများအား အမြန်ဆုံးကုစားပေး နိုင်ရန်အတွက် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံအတွင်း၌ စက်ပစ္စည်းများ တပ်ဆင်နေမှုများနှင့် အောက်ဆီဂျင်စက် စတင်စမ်းသပ်မောင်းနှင် လည်ပတ်နေမှုများကို လှည့်လည် ကြည့်ရှုပြီးနောက် လိုအပ်သည်များ ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ယခုတည်ဆောက်ပြီးစီးသည့် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံမှာ အလျားပေ ၅၀၊ အနံပေ ၂၀ နှင့် အမြင့် ၁၈ ပေရှိ အာစီတစ်ထပ်အဆောက်အအုံဖြစ်ပြီး တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်ဘူး ၄၀ ထုတ်လုပ် ပေးနိုင်မည်ဖြစ်ကာ အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များဖြစ်သော ပုဏ္ဏားကျွန်း၊ ယိုးတရုတ်၊ ကျောက်တော်၊ တိန်ညို၊ ပန်းမြောင်း၊ မြောင်းဘွေ၊ မင်းပြား၊ မြေပုံ၊ ပေါက်တောနှင့် ကမ်းထောင့်ကြီး မြို့နယ်များရှိ မြို့နယ် ပြည်သူ့ဆေးရုံများတွင် လာရောက် ဆေးကုသမှုခံယူနေသော လူနာများ၊ ပြင်ပမှ အရေးပေါ်လူနာများနှင့် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအတွက် အောက်ဆီဂျင်အရေးပေါ် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း နန်းရိပ်ဂရုဏာ အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း ဥက္ကဋ္ဌ ဦးမောင်ဝင်းချေထံမှ သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

## ကသာမြို့၌ ကိုဗစ်-၁၉ လူနာများအတွက် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်စီစဉ်

**စစ်ကိုင်း ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အောက်ဆီဂျင်စက်ရုံကို "မာဃ" ဆေးတိုက်မှ ငွေကျပ်သိန်း၁၀၀ မတည်၍တည်ဆောက်မည်ဖြစ်သည်။

ကသာမြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည်ဖြစ်သဖြင့် အလှူရှင်များက အောက်ဆီဂျင်စက် ဝယ်ယူတည်ဆောက်ရေးအတွက် အလှူငွေများ ထည့်ဝင်ကြရာ ဇူလိုင် ၂၀ ရက်အထိ ငွေကျပ် ၅၄၈၈၅၀၀၀ ရရှိထားပြီဖြစ်ကြောင်း၊ အလှူငွေထည့်ရန် စာရင်းပေး ထားသူများလည်း အများအပြား ရှိနေကြောင်း အောက်ဆီဂျင်စက် ဝယ်ယူရေးကော်မတီထံမှ သိရသည်။

ယင်းသို့ လုပ်ဆောင်ရခြင်းမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားချိန်တွင် ပိုးတွေ့လူနာများ၊ ရောဂါပြင်းသောလူနာများ တစ်နေ့တခြား များပြားလာပြီး အောက်ဆီဂျင် အသုံးပြုရာတွင် အောက်ဆီဂျင် မလုံလောက်သည့် ပြဿနာ နေ့စဉ်ကြုံတွေ့နေရသဖြင့် ယင်းအခက်အခဲကို ဖြေရှင်းပေးနိုင်ရန်အတွက် ယခုလို အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ဝယ်ယူနိုင်ရေး ဆုံးဖြတ်ကြကြောင်း အောက်ဆီဂျင် ထုတ်လုပ်သော စက်ဝယ်ယူရေး ကော်မတီထံမှ သိရသည်။

**လူအောင်(ကသာ)**

**ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၁၄၇/၂၀၂၁အရ ပြည်အကျဉ်းထောင်မှ အချုပ်သား အချုပ်သူ ၂၅ ဦး လွှတ်ပေး



ပြည် ဇူလိုင် ၂၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၁၄၇/၂၀၂၁ အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နှင့် ယင်းနေ့မတိုင်မီကာလအတွင်း ပြစ်မှုများအနက် သတ်မှတ်ချက်ကိုက်ညီသော ပြည်အကျဉ်းထောင်မှ အချုပ်သား အချုပ်သူ ၂၅ ဦးအား ယနေ့ညနေ ၄ နာရီခွဲတွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်အရ ပြည်အကျဉ်းထောင်တွင် အချုပ်ကျနေသည့် သတ်မှတ်ချက်နှင့် ကိုက်ညီသော ပြည်မြို့နယ်မှ အချုပ်သား အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး နှစ်ဦး၊ ပန်းတောင်းမြို့နယ်မှ အမျိုးသား ငါးဦး စုစုပေါင်း ၂၅ ဦး လွှတ်ပေးကြောင်းသိရပြီး ယင်းသို့လွှတ်ပေးရာတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး တိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်ဝင်းနှင့် ထောင်ပိုင်ကြီး ဦးမြသောင်းတို့က အဆိုပါ ၂၅ ဦးအား ဆုံးမသြဝါဒစကားပြောကြားပြီး ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၁၄၇/၂၀၂၁) အရ မန္တလေးဗဟိုအကျဉ်းထောင်ရှိ အချုပ်ကျသူများအား လွှတ်ပေး

**မန္တလေး ဇူလိုင် ၂၂**

အကျဉ်းဦးစီးဌာန မန္တလေးဗဟိုအကျဉ်းထောင်တွင် လက်ခံချုပ်နှောင် ထားလျက်ရှိသော အချုပ်သား၊ အချုပ်သူများအနက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၁၄၇/၂၀၂၁)အရ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများအား ပိတ်သိမ်းပေးခြင်းကြောင့် အချုပ်သား၊ အချုပ်သူများအား လွှတ်ပေးခြင်းကို ယနေ့နံနက် ၁၁ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟိုအကျဉ်းထောင်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်အေးက ဆုံးမစကားပြောကြားပြီး အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးက အမှုပိတ်သိမ်း၍ လွှတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အချုပ်သား၊ အချုပ်သူများ ကိုယ်စား အချုပ်သားတစ်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမှုပိတ်သိမ်း၍ လွှတ်ပေးခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။

မန္တလေး ဗဟိုအကျဉ်းထောင်မှ ပြစ်မှုဆိုင်ရာ အမှုများအား ပိတ်သိမ်းပေးခြင်းကြောင့် လွှတ်မြောက်သွားသော အချုပ်သား ၇၀၈ ဦး၊ အချုပ်သူ ၉၉ ဦး စုစုပေါင်း ၈၀၇ ဦးရှိကြောင်း သိရသည်။ **ဇော်လင်းဦး(အောင်စံ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၄၇/ ၂၀၂၁အရ ရမည်းသင်းမြို့ အကျဉ်းထောင်မှ ၂၆ ဦးအား လွှတ်ပေး

ရမည်းသင်း ဇူလိုင် ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၄၇/၂၀၂၁ အရ ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများပိတ်သိမ်းခြင်းကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အကျဉ်းထောင်ဝင်းအတွင်းရှိ ဓမ္မာရုံ၌ ဇူလိုင် ၂၂ရက် မွန်းတည့် ၁၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရမည်းသင်းအကျဉ်းဦးစီးဌာနမှ အမှုမှပိတ်သိမ်း၍ လွှတ်ငြိမ်းချမ်းသာခွင့်ရ အမျိုးသား ၂၅ ဦး နှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၂၆ ဦးတို့အား ရမည်းသင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်း၊ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မြင့်ဇော်ဦးတို့က သြဝါဒစကားပြောကြားခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင် (ပြန်/ဆက်)

## မြင်းခြံဗဟိုအကျဉ်းထောင်မှ ပြစ်မှုဆိုင်ရာ ပိတ်သိမ်းခြင်းကြောင့် အချုပ်သား ၁၈ ဦး လွှတ်မြောက်

မြင်းခြံ ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံဗဟိုအကျဉ်းထောင်အတွင်းရှိ အချုပ်သား၊ အချုပ်သူများအနက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်(၁၄၇/၂၀၂၁)အရ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများအား ပိတ်သိမ်းပေးခြင်းကြောင့် အချုပ်သား ၁၈ ဦးအား လွှတ်ပေးခြင်းကို ယနေ့နံနက် ၁၁ နာရီက မြင်းခြံဗဟိုအကျဉ်းထောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် ဒုတိယရဲမှူးကြီး ဇေယျာကျော်တို့က သြဝါဒစကားနှင့် အမှုပိတ်သိမ်း၍ လွှတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယရဲမှူးကြီး၊ မြင်းခြံအကျဉ်းထောင်မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟထွန်းနှင့် ပြစ်မှုဆိုင်ရာ ပိတ်သိမ်းခြင်းကြောင့် လွှတ်မြောက်သွားသော အချုပ်သားများ တက်ရောက်ကြသည်။ ပြစ်မှုဆိုင်ရာအမှုများအား ပိတ်သိမ်းပေးခြင်းကြောင့် လွှတ်မြောက်သွားသော အချုပ်သား ၁၈ ဦးအား မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လိုက်လံပို့ဆောင် ပေးခဲ့ကြောင်း သိရသည်။

ကျော်စွာ





# ရန်ကုန်မြို့ရှိ အောက်ဆီဂျင်စက်ရုံအနီးမှ ပွဲစားများ ဖယ်ရှားအရေးယူပေးစေလို

**အယ်ဒီတာခင်ဗျာ–**

ကျွန်တော်ဟာ ရန်ကုန်မြို့မှာ ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါတယ်။ အခုတလော ကိုဗစ်ရောဂါ ကပ်ဆိုးကြီးကြောင့် နိုင်ငံတော်အစိုးရကော ကျွန်တော်တို့ ပရဟိတသမားတွေပါ အလုပ်များနေကြပါတယ်။ တစ်နေ့ထက်တစ်နေ့ ကူးစက်မှုတွေ မြင့်မားလာလို့ မကူးစက်အောင် တားဆီးကြရတာက တစ်မျိုး၊ ကူးစက်ခံရသူတွေကို ကုသဖို့နဲ့ သက်သာဖို့အတွက် လုံးပန်းရတာက တစ်မျိုးနဲ့ ဒုက္ခတွေ များလွန်းလှပါတယ်။ ဒီလိုအချိန်မှာ ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်ပြီး လူသားမဆန်တဲ့ လူ့ဗာလ လူ့အန္တတွေကြောင့် ဒုက္ခတွေ ပိုများနေရပါတယ်။

အထူးသဖြင့် ယခုလိုအချိန်မှာ ကိုဗစ်ရောဂါကူးစက်ခံရသူတွေအတွက် အောက်ဆီဂျင် လိုအပ်နေတာကြောင့် ကျွန်တော်တို့ ပရဟိတသမားတွေနဲ့ ရောဂါကူးစက်ခံရတဲ့ မိသားစုဝင်တွေဟာ နေ့ညမနားရဘဲ အောက်ဆီဂျင်ရရှိရေး ကြိုးပမ်းနေရပါတယ်။ နိုင်ငံတော်အစိုးရကလည်း အောက်ဆီဂျင်တွေ ထုတ်ပေးနိုင်ဖို့ အိမ်နီးချင်းနိုင်ငံတွေကတစ်ဆင့် တင်သွင်းခြင်းအပါအဝင် နည်းလမ်းမျိုးစုံနဲ့ဆောင်ရွက်ပေးနေပါတယ်။ အခုရက်ပိုင်းအတွင်း အောက်ဆီဂျင်လိုအပ်နေသူတွေကို ကူညီပေးနိုင်ဖို့အတွက် ရန်ကုန်မြို့ မှာရှိတဲ့ အောက်ဆီဂျင်စက်ရုံတွေမှာ ကျွန်တော်တို့ အောက်ဆီဂျင်များ ဖြည့်သွင်းနေရပါတယ်။ အဲဒီလို ဖြည့်သွင်းတဲ့အခါမှာ ရိုးရိုးသားသား တန်းစီဖြည့်သွင်းနေတဲ့သူတွေရှိသလို အောက်ဆီဂျင်လိုအပ်သူတွေကို အခကြေးငွေ မတန်တဆတောင်းဆိုပြီး ရောင်းစားနေတဲ့ ပွဲစားတွေနဲ့ ကြိုတင်တန်းစီနေရာယူထားတဲ့ ပွဲစားတွေရဲ့ မိသားစုဝင်တွေဟာ အောက်ဆီဂျင်အိုးများ မှောင်ခိုရောင်းချနေတာကို တွေ့နေရပါတယ်။

အထူးသဖြင့် တောင်ဒဂုံစက်ရုံ၊ မင်းဓမ္မစက်ရုံ၊ ရွှေလင်ပန်းစက်မှုဇုန်က G2000 စက်ရုံအရှေ့တွေမှာ ပွဲစားတွေက ဈေးအမျိုးမျိုးခေါ်ပြီး အောက်ဆီဂျင်များရောင်းနေတာကို တွေ့နေရပါတယ်။ ကျွန်တော်တို့ရင်ထဲမှာ ဘယ်လိုမှ ခံစားလို့မရတော့ပါဘူး။ ဘယ်လို ထောက်ခံစာမျိုးပဲပါပါ၊ အောက်ဆီဂျင်ထည့်လို့မရဘဲ ပွဲစားများက တောင်းတဲ့ကြိုက်ဈေးနဲ့ ဝယ်ယူနေရတာကို ဘယ်သူမှ ထိန်းသိမ်းကြပ်မတ်မယ့်သူ မရှိကြပါဘူး။ အခုလို အောက်ဆီဂျင်ပွဲစားလုပ်နေသူတွေ၊ မိသားစုလိုက် နေရာလုတန်းစီပြီး ရောင်းစားနေကြသူတွေဟာ CDM လုပ်တဲ့ ဝန်ထမ်းတွေ၊ ပါးစပ်က ဒီမိုကရေစီလို့ လူကြားကောင်းအောင် အော်နေသူတွေ ဖြစ်ကြပါတယ်။

အခုလို လူအများဒုက္ခရောက်နေချိန်မှာ ကိုယ်ချင်းစာစိတ်မရှိ၊ လူသားစိတ်ဓာတ်မရှိဘဲ တောင်းချင်သလိုတောင်းပြီး ရောင်းစားနေကြတဲ့ ပွဲစားတွေ၊ မသိချင်ယောင်ဆောင်နေကြတဲ့ ဝန်ထမ်းတွေကို ဘယ်သူတွေ ထိန်းပေးကြမှာပါလဲ။ ပြည်သူတွေရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးပါရန်နဲ့ ထိရောက်စွာ ဖယ်ရှားအရေးယူပေးပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြလိုက်ပါတယ်။

ရန်ကုန်ပရဟိတသမားတစ်ဦး

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ် ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

စာတည်းအဖွဲ့

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့် အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီ တောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ရသေ့တောင်မြို့၌ မြို့မပျံကျဈေးကို ရသေ့တောင် - ပုဏ္ဏားကျွန်းကားလမ်းဘေးသို့ ပြောင်းရွှေ့ဖွင့်လှစ်

**ရသေ့တောင် ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းစေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး ရည်ရွယ်ပြီး မြို့မပျံကျဈေးမှ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် ပျံကျဈေးတန်းများကို ယနေ့မှစ၍ ရသေ့တောင်- ပုဏ္ဏားကျွန်း ကားလမ်းမဘေးသို့ ယာယီပြောင်းရွှေ့ရောင်းချလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖွင့်လှစ်ရောင်းချရာတွင် မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဘိုလန်ဒီယာ လူငယ်များ ပူးပေါင်း၍ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် ပျံကျဈေးတန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများမှ နှာခေါင်းစည်းများကို စနစ်တကျတပ်ဆင်ပြီးမှ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ရောင်းချစေခြင်းများကို ဈေးအတွင်း လိုက်လံနှိုးဆော်ခဲ့ကြပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်များ ထားရှိပေးခြင်း စသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ရသေ့တောင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များအား ပြည်သူများ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စံထွန်း(ပြန်/ဆက်)**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။

**မိုး/ဇလ**



## အများသိရှိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်ကွက်၊ ရွှေညောင်ပင်လမ်းနေ ဦးအောင်မျိုးခိုင်(ဘ)ဦးမြင့်သိန်းမှ အောက်ဖော်ပြပါ လုပ်ကွက်ဧရိယာအတွင်း ရေနံလက်ယက်တွင်းတိမ်စမ်းသပ်တူးဖော်ခွင့်ရရှိရေးနှင့် သတ်မှတ်အခွန်တော်များအား ကျေပွန်စွာထမ်းဆောင်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းအား ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တက်မကျေးရွာအုပ်စု၊ ညောင်ပင်သာကွင်းအတွင်းရှိ ကွင်းအမှတ်-၁၇၉၉ ရှိ ဧရိယာဧက (၅၀)ခန့်မှန်း မြေပုံညွှန်း(A)GU-၀၅၇၁၈၃၊ (B)GU-၀၆၁၁၈၃၊ (C)GU-၀၆၀၁၇၈၊ (D)GU-၀၅၅၁၇၈ တို့အား ဦးအောင်မျိုးခိုင် ၁၂/ကတန (နိုင်)၀၉၂၀၈၅၊ Nay Shime Aung Co.,Ltd. မှ ရေနံလက်ယက်တွင်းတိမ်တူးဖော်နိုင်ရန်အတွက် လျှောက်ထားလာခြင်းအား ကွင်းဆင်းဆောင်ရွက်ရာတွင်လည်းကောင်း မြေနေရာသည် OA ကျန် အခြားမြေများဖြစ်သည်ကို စိစစ်ပြီးဖြစ်ပါကြောင်း မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန၊ ညောင်ဦးမြို့မှ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌသို့ ပြန်လည်တင်ပြပြီးဖြစ်ပါကြောင်း ဆက်လက်ပြီးသစ်တောဦးစီးဌာနသို့လွှဲပြောင်းပြီး ကွင်းဆင်းဆောင်ရွက်ရာ တောအုပ်ဦးစံလင်းမှ ကွင်းဆင်းဆောင်ရွက်ရာတွင် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ ဌာနစိုက်ခင်းများ ကျေးရွာသုံးထင်းစိုက်ခင်းများအတွင်း ကျရောက်မှုမရှိ လွတ်ကင်းမှုရှိပါကြောင်း ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်ပုံမှတ်တမ်းများနှင့်အတူ ဦးဝင်းနိုင်-၅ လက်ထောက်ညွှန်ကြားရေးမှူးတင်ပြပြီးစီး ထောက်ခံကြောင်း မှတ်ချက်ပြုပြီးစီးကြောင်းကို ညောင်ဦးမြို့နယ်၊ စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌထံသို့ တင်ပြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးအောင်မျိုးခိုင် လျှောက်ထားတင်ပြလာသော ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တက်မကျေးရွာအုပ်စု၊ ညောင်ပင်သာကွင်းအတွင်းရှိ ကွင်းအမှတ်-၁၇၇၉ ရှိ ဧရိယာဧက (၅၀)ခန့်အား ကြေညာသည့်ရက်မှစ၍ တစ်ပတ်အတွင်း မူလလုပ်ကွက် တရားဝင်ချထားသူများရှိပါက ဥပဒေ၊ နည်းဥပဒေများဖြင့် ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌထံသို့ ငွေသွင်းပြေစာဖြင့်လည်းကောင်း၊ ပုံစံ(၇)ဖြင့်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၃၉၀၆**
**တိုက်အမှတ် ၁၁၊ နွယ်သာကီလမ်း၊**
**လွတ်လပ်ရေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့**

## ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ နတ်တလင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒေသဖွံ့ ဖြိုးရေးရန်ပုံငွေ/GRF ဖြင့် ဆောင်ရွက်မည့် နတ်တလင်းမြို့၊ ရွှေလင်းခန်းမပြုပြင်ခြင်း၊ ရွှေလင်းခန်းမဝင်း V.I.P အိမ်သာတည်ဆောက် ခြင်း၊ သာဇီရပ်ကွက် ၂" စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် (၅၄၀၀) ဆံ့ သံကူကွန်ကရစ်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း (၃)ခု အတွက် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် (ဒုတိယအကြိမ်) ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| **တင်ဒါအဆိုပြု လျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂၃-၇-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၀နာရီ |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၅-၈-၂၀၂၁ရက် (ကြာသပတေးနေ့) ညနေ ၄:၃၀နာရီ |
| **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** | - ၅-၈-၂၀၂၁ရက် (ကြာသပတေးနေ့) ညနေ ၄:၃၀ နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်** | - ၆-၈-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၀နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** | - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ နတ်တလင်းမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ၂၃-၇-၂၀၂၁ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ နတ်တလင်းမြို့၊**
**ဖုန်း-၀၅၃-၃၆၀၃၄**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအား ကုသပေးနိုင်ရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ပစ္စည်းများ၊ Consumables များကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အတွင်းမြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။ (Covid-19 ကာကွယ်ကုသရေးဆေးနှင့် ဆေးပစ္စည်းများကို သီးခြားအမြန်ဆုံးဝယ်ယူမည်)

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

| | | |
|---|---|---|
| **စတင်ရောင်းချမည့်ရက်** | - | ၂၁-၇-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) |
| **တင်ဒါပိတ်မည့်ရက်** | - | ၃-၈-၂၀၂၁ရက် (အင်္ဂါနေ့) ညနေ ၄ နာရီ |

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၁-၉၆၉၀၂၉၅**

## Green Strategic Mining Company Limited နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇(က)အရ ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်း ပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အပြီးသတ်ဖျက်သိမ်းနိုင်ရန်အလို့ငှာ နောက်ဆုံးအစည်းအဝေးကို ၃၀-၇-၂၀၂၁ရက် မွန်းတည့် ၁၂:၀၀နာရီတွင် ကုမ္ပဏီ၏ရုံးခန်း၌ ကျင်းပမည်ဖြစ်ပါသောကြောင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဒေါ်ခင်ဇာလီအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၅၂)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## ဒေါ်မိုးမိုးဝင်း ၁၂/လမန(နိုင်)၁၃၃၄၅၆နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ (၃၈)ရပ်ကွက်၊ အမှတ်(၈၃၂)နေ ဦးဇော်မိုးမြင့် ၁၂/ဒဂမ(နိုင်)၀၁၇၇၇၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဇော်မိုးမြင့်နှင့်ဒေါ်မိုးမိုးဝင်းတို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၂၀၁၃)ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားနှစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်မိုးမိုးဝင်းသည် (၇-၇-၂၀၂၀)ရက်မှစ၍ ခင်ပွန်းဖြစ်သူ ဦးဇော်မိုးမြင့်အား အကြောင်းမဲ့စွန့်ပစ်ခဲ့ပြီး တစ်နှစ်ကျော်သည်အထိ အဆက်အသွယ်ပြုလုပ်ခြင်း၊ လင်မယားအဖြစ်လာရောက်ပေါင်းသင်းနေထိုင်ခြင်း၊ မယားဝတ္တရားနှင့်အညီ ပြုမူဆောင်ရွက်ခြင်းများ လုံးဝမရှိခဲ့ပါ။ ထို့ကြောင့်စွန့်ပစ်ခြင်းခံရသူ ဦးဇော်မိုးမြင့်အနေဖြင့် စွန့်ပစ်သူ ဒေါ်မိုး မိုးဝင်းအား မယားအဖြစ် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့သဖြင့် ယနေ့မှစ၍ လင်ခန်းမယားခန်းပြတ်စဲကြောင်း ဒေါ်မိုးမိုးဝင်း ၁၂/ လမန(နိုင်)၁၃၃၄၅၆နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မိုးမြင့်အနေဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဒေါ်မိုးမိုးဝင်းနှင့် လင်မယားအဖြစ်မှ ပြတ်စဲကြောင်း တရားဝင်ဆန္ဒဖော် ထုတ်ပြီးဖြစ်၍ နောက်နောင်တွင် ဒေါ်မိုးမိုးဝင်းနှင့် ပတ်သက်သောကိစ္စရပ်များသည် ဦးဇော်မိုးမြင့်နှင့်မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ဇေယျ(LL.B)** | **ဒေါ်ချစ်ချစ်စံ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၄၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၇၁)** |

**တိုက်အမှတ်(B6)၊ အခန်း(၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသ ကြီး၊**
**ဖုန်း-၀၉-၇၉၇၇၈၃၅၁၆၊ ၀၉-၂၅၈၀၀၁၇၉၇**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | သုမေ္မာဇရုပ်(၅၄×၃၀×၃၂)ပေ | ၅၅၆. ၉၂ | ၆ လုံး | ၆ လုံး | - |
| ၂။ | သုမေ္မာဇရုပ်(မီး(၁)လုံး) | ၄၁ | ၆ လုံး | ၆ လုံး | - |
| ၃။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ (အဆောက်အဦ၊ မီး) | ၉၂၄. ၉၀ | ၁ လုံး | ၁ လုံး | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၂၃. ၂၀ | ၁ လုံး | ၁ လုံး | - |
| ၅။ | ဂေါပကရုံး(မီး/ရေ (၁)လုံး) | ၁၁၀ | ၁ လုံး | ၁ လုံး | - |
| ၆။ | အဝင်မုခ်ဦး(၁၀၀×၄၀×၇)ပေ | ၈၂၀ | ၁ ခု | ၁ ခု | - |
| ၇။ | အဝင်မုခ်ဦးငယ်(၇၅×၄၀×၅)ပေ | ၆၇၆ | ၃ ခု | ၃ ခု | - |
| ၈။ | အရှေ့၊ အနောက်နှင့်တောင်ဘက်မုခ်လှေကား (စကျင်မြန်မာမှုပါ) | ၄၉၀ | ၃ စင်း | ၃ စင်း | - |
| ၉။ | မြောက်ဘက်မုခ်လှေကား(စကျင်မြန်မာမှုပါ) (၆၀ ပေ × ၄၀ ပေ) | ၁၉၁၄ | ၁ စင်း | ၁ စင်း | - |
| ၁၀။ | တံခွန်တိုင်လုံးပတ် (၃)ပေ၊ အမြင့်(၄၅)ပေ | ၄၁၉. ၀၈ | ၁ တိုင် | ၁ တိုင် | - |
| ၁၁။ | ခေါင်းလောင်းထိပ်ဝ(၅ ပေ× ၇ ပေ) | ၉၀ | ၁ လုံး | ၁ လုံး | - |
| ၁၂။ | ဂန္ဓကုဋီတိုက်(၅၄×၂၇×၁၈)ပေ (အဆောက်အဦ ဇာတ်နိပါတ်တော်စကျင်ကျောက်ထွင်းပန်းချီ၊ ဆိုလာ) | ၁၅၉၈ | ၂၄ လုံး | ၂၂ လုံး | ၂ လုံး |
| ၁၃။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၁၄။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၂ ခု | ၆၁၀ ခု |
| ၁၆။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၂ တိုင် | ၁၆၈ တိုင် |
| ၁၇။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၂ တိုင် | ၇၈ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၈။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး |
| ၁၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၂၀။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) (၁ ခု) | ၄၃၂၁ | |
| | (က) ရေပန်းအကြီးတည်ဆောက်ခြင်း | ၇၄၀ | ၁ ခု |
| | (ခ) စကျင်ဆင်ရုပ်(အမြင့် ၅ ပေ)(၁ ရုပ်လျှင် ၁၉၈ သိန်း) | ၁၇၈၂ | ၉ ရုပ် |
| | (ဂ) စကျင်မြန်မာမှုလုပ်ငန်း | ၁၀၉၉ | ၁ ခု |
| | (ဃ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၇၀၀ | ၁ ခု |
| ၂၁။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) (၁၈ ခု ၁ ခုလျှင်) | ၈၀၅ | |
| | (က) ရေပန်းအသေးတည်ဆောက်ခြင်း | ၂၇၉ | ၁ ခု |
| | (ခ) စကျင်မြန်မာမှုလုပ်ငန်း | ၂၂၆ | ၁ ခု |
| | (ဂ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၃၀၀ | ၁ ခု |
| ၂၂။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၂၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၂၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |
| ၂၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၂၆။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး**

## ဦးမင်းစံ

**နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)**

**Hotel POPULAR Myanmar, Summit Plastic**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ ဦးကျင်ဦး(Chairman–POPULAR Group)– ဒေါ်ချောစုလွင် (Vice Chairman–POPULAR Group)တို့၏ ချစ်လှစွာသောဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး ဦးမင်းစံ သည် ၁၈–၇–၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၇:၃၀နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသီဟ နှင့်ဇနီး**
**ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်**

---

## ဦးဝင်းဆွေ

**ကုန်သွယ်ရေး(ငြိမ်း)**

**အသက် (၈၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ် (၇၀) (လ) (၁)နေ (ဦးအောင်မင်း–ဒေါ်ကြူကြူ)တို့၏သား၊ (ဦးသာငြိမ်း–ဒေါ်မြကြီး)တို့၏သားသမက်၊ ဒေါ်မင်းသွယ်နု၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နှင်းမြတ်ဝင်း၊ အကယ်ဒမီ ခန့်စည်သူ၊ ဒေါ်မြကေသွယ်–ဦးလင်းထက်ဖြိုးတို့၏ဖခင်၊ မောင်ဖြိုးမြတ်သံလွင်ထက်၊ မမြလွန်းယသော်ထက်တို့၏ အဘိုးသည် ၂၂–၇–၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက် ၈:၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကြည်ဝင်း (ခ) ဦးကြီးဝင်း

**(ထားဝယ်)**

**FEEL Cosmetics၊ ရွှေအုန်းပင် အုန်းဆီမွှေး**

**အသက် (၇၈)နှစ်**

ထားဝယ်မြို့နေ (ဦးအရွှေ–ဒေါ်ငွေ)တို့၏သား၊ (ဦးကျုံဖုး–ဒေါ်ကြင်)တို့၏သမက်၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၁၉/ဒီ)နေ (ဒေါ်ယဉ်ကြည်)၏ ချစ်လှစွာသောခင်ပွန်း ဦးမင်းဒင်–ဒေါ်သူဇာဝင်း၊ ဦးမင်းဇော်ဝင်း–ဒေါ်ခင်ခင်ယု၊ ဦးသန်းဇော်ဝင်း–ဒေါ်လှကျော်စော၊ ဦးမျိုးဇော်ဝင်း–ဒေါ်မေသဇင်ခိုင်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၀–၇–၂၀၂၂ရက် နံနက် ၁၀:၀၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၇–၂၀၂၂ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးလှမြင့် (ကျောင်းအုပ်ဆရာကြီး ငြိမ်း)

**အသက် (၇၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၁–ရပ်ကွက်၊ သိမ်းချောင်းလမ်း၊ အမှတ်(၁၁၇၀)နေ ဦးမြဖေ–ဒေါ်သောင်းရင် တို့၏သား၊ ဆရာပု–ဒေါ်စောရည်တို့၏ သားသမက်၊ ကိုဇော်ဇော်ဦး–မသန်းသန်းမူ၊ ကိုမျိုးနေဇာ–မသန္တာဝင်း၊ ကိုဟိန်းစိုး–မပန်းအိဖြူတို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုး၊ ဒေါ်ပိုပိုတင်၏ ချစ်လှစွာသော ခင်ပွန်းသည် ၁–၇–၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ၉၆ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃–၇–၂၀၂၂ရက် (သောကြာနေ့) မွန်းတည့် ၁၂:၀၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၇–၇–၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် ၆:၀၀နာရီမှ ၁၀:၀၀နာရီအထိ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ပစ္စည်းအစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၁ ရပ်ကွက်၊ သိမ်းချောင်းလမ်း၊ အမှတ်(၁၁၇၀)နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၀၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ကြီး ဝင်းအောင်(ငြိမ်း) ၏မိခင် ဒေါ်လှလေး အသက်(၇၅)နှစ် သည် ၂၁–၇–၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း**
**အပတ်စဉ်(၃၈) သူငယ်ချင်း မိသားစုဝင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းညွန့်**

**အသက် (၈၃)နှစ်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာစိုင်းကျော်နိုင်ဦး–ဒေါက်တာနန်းတွမ်ဟွမ်စောတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သန်းညွန့်သည် ၂၂–၇–၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက် ၂:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းမိသားစုများ**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

---

## ဒေါ်အေးဖြူ

**အသက်(၈၁)နှစ်**

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရိက္ခာရပ်ကွက်နေ ဦးကြွင်းကျန်–ဒေါ်ခါအိမ်တို့၏သမီး၊ (ဒေါ်လှစိန်)၊ (ဦးမောင်လှစိန်)၊ (ဦးကျော်လှဖြူ)၊ ဒေါ်သန်းစိန်၊ (ဒေါ်မနီ)တို့၏ညီမ၊ ဒေါ်မညို၊ (ဦးမိုးကြည်(ခ)ဦးစိန်အေး)တို့၏အစ်မ၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန် အောင်မြို့နေ ဦးဝင်းချိုဦး–ဒေါ်မယဉ်၊ နေပြည်တော်၊ တပ်ကုန်းမြို့နေ ဦးရဲအောင်–ဒေါ်ခိုင်သူဇာနှင်း၊ ကိုစောသစ္စာလင်း–မယုယုလွင်တို့ ၏မိခင်၊ မနှင်းထက်ယဉ်ဝင်း၊ မစံရတီဦးတို့၏ အဘွား(ဦးမြင့်ဦး)၏ဇနီးသည် ၂၂–၇–၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် တပ်ကုန်းမြို့မ သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟမ ျ ာ းအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလှထွန်းသာ**

**မြို့သူကြီးရပ်ကွက်၊ စစ်တွေမြို့**

**အသက်(၆၉)နှစ်**

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်(လီမိတက်) ရန်ကုန်လုပ်ငန်းခွဲမှ ကြီးကြပ်ရေးမှူး ဦးရန်ပိုင်ထွန်း၏ဖခင် ဦးလှထွန်းသာသည် ၂၁–၇–၂၀၂၂ ရက် နံနက် ၄ နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)**
**ဒါရိုက်တာနှင့် ဝန်ထမ်းများ**

---

## ဗိုလ်မှူးခင်မောင်ချို(ငြိမ်း)

**တေဇ(၉)**

**Director(Innwa Security And General Services Co.,Ltd)**

**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ (ဦးလှအောင်–ဒေါ်စိန်စိန်) တို့၏သား၊ (ဦးစံသိန်း–ဒေါ်ခင်ထားရီ)တို့၏သမက်၊ (ဦးတင်မောင်ဝင်း–ဒေါ်မေသွင်)၊ ဦးကြင်ရှိန်–ဒေါ်ခင်သန်းဝင်း၊ ဦးအောင်နွယ်–ဒေါ်ခင်သန်းစုတို့၏ ညီမောင်၊ ဒေါ်ဝါဝါဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မသဲစုဝေ၊ မလွဲရည်ချို၊ မောင်စိုးထက်လင်းတို့၏ ချစ်လှစွာသောမွေးသဖခင်၊ ဗိုလ်မှူးခင်မောင်ချို(ငြိမ်း)၊ အသက်(၆၂)နှစ်သည် ၂၁–၇–၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)၊ ည ၉:၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂–၇–၂၀၂၂ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်လင်းဦး**

**ညွှန်ကြားရေးမှူး(ဇလဗေဒဌာနခွဲ)**

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**အသက်(၅၇)နှစ်**

၂၀–၇–၂၀၂၂ ရက် နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားသော ဦးကျော်လင်းဦး (ညွှန်ကြားရေးမှူး၊ ဇလဗေဒဌာနခွဲ)အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်အောင် (တိုက်ကြီးမြို့)

**အသက် (၉၁)နှစ်**

တိုက်ကြီးမြို့နေ (ဦးစံရာ–ဒေါ်ကြွေ)တို့၏ သား၊ အုတ်ဖိုမြို့နေ (ဦးကျောက်ဝါး–ဒေါ်ကျင်အိမ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်ကျင်ပု (စံပြစိန်ရွှေရတနာဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းအောင်–ဒေါ်သန်းသန်းငွေ၊ ဦးအောင်ဝင်း–ဒေါ်နွဲ့နွဲ့အေး(တောင်ကြီးမြို့)၊ ဒေါ်လွဲ့လွဲ့ဝင်း၊ ဒေါက်တာခန့်ဝင်း–ဒေါက်တာကြူကြူအောင်တို့၏ဖခင်၊ ကိုထွဋ်လင်းအောင်–မခိုင်နွယ်ထွန်း၊ ကိုအောင်ကျော်စိုး–မခိုင်ပြုံးဝေ၊ မဇင်နွယ်ထွန်း၊ မောင်ဘုန်းပြည့်ဟန်တို့၏အဘိုး၊ မသံစဉ်ဦး၊ မောင်ထွဋ်ဇာနည်၊ မသုမြတ်ခိုင်ရတနာတို့၏ ဘိုးဘိုးကြီးသည် ၂၀–၇–၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးငွေးမောင်

**ဌာနမှူး(ငြိမ်း) သဘောတရားရေးရာဌာန**

**ဗဟိုနိုင်ငံရေးတက္ကသိုလ်**

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိရောလမ်း၊ အမှတ်(၂၁) မြေညီထပ်နေ (ဦးကျော်ခိုင်–ဒေါ်အုံးတင်)တို့၏သား(ဒေါ်ခင်ဆင့်)၏ခင်ပွန်း၊ ဦးသန်းစိုးထွန်း(KMT ကုမ္ပဏီ)–ဒေါ်လှလှငွေး၊ ဒေါက်တာစန်းစန်းငွေး၊ ဒေါ်ခင်ခင်ငွေး (အမက (၈) မူလွန်သဃ်န်းကျွန်း)၊ ဦးစိုးဝင်း(Total Myanmar)–ဒေါ်ခင်သန့်ဇင်၊ ဦးအောင်မင်းငွေး–ဒေါ်အေးအေးပိုင်(မြို့တော်စည်ပင်)၊ ဒေါက်တာမြင့်မြင့်ငွေး၊ (ဦးအောင်ဝင်းငွေး)–ဒေါ်ခင်မာလွင်တို့၏ဖခင်၊ မြေး(၆)ယောက်တို့၏အဘိုးသည် ၁၉–၇–၂၀၂၂ ရက် (အင်္ဂါနေ့) ညနေ ၃:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၇–၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဗိုလ်ကြီးဇော်မင်း

**အုပ်ချုပ်မှုဌာန၊ ကကယာ(ငြိမ်း)**

**တပ်မတော်ပရိဘောဂစက်ရုံ၊ မင်္ဂလာဒုံ(ငြိမ်း)**

**အသက် (၆၅)နှစ်**

ဗိုလ်ကြီးဇော်မင်းသည် ၂၁–၇–၂၀၂၂ရက် နံနက် ၉:၃၀နာရီခန့်တွင် နေအိမ်၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးခင်မောင်ချို(ငြိမ်း)**

**တေဇ(၉)**

**Director (Innwa Security And General Services Co.,Ltd)**

**အသက် (၆၂)နှစ်**

တေဇ(၉)မှ ချစ်လှစွာသော သူငယ်ချင်းဗိုလ်မှူးခင်မောင်ချို(ငြိမ်း)သည် ၂၁–၇–၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့) ည ၉:၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သောမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉) သူငယ်ချင်းနှင့် မိသားစုဝင်များ**

---

## ဦးမျိုးကျော်ကျော်

**(ဘားလမ်း၊ လက်နှိပ်စက်)**

**ဒါနဒူတပရဟိတအဖွဲ့(ဘဏ္ဍာရေးမှူး)**

**အသက် (၅၀)**

ရန်ကုန်မြို့၊ အမှတ်(၄၅)၊ ၁၅၇လမ်း၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဘ)(ဦးငွေထွန်း) – (အမိ)ဒေါ်စန်းမြင့်တို့၏ သားကြီး၊ ညီမဖြစ်သူ မသန္တာထွန်း၊ ညီဖြစ်သူ ကိုနေဝင်းထွန်း၊ ကိုတော်မီထွန်း–ဇနီးမဇာဇာဖြိုး၊ တူမဖြစ်သူ မအိဝတီဦး၊ တူဖြစ်သူ မောင်ဉာဏ်ထွန်းလင်းတို့၏ ဦးလေးသည် ၂၁–၇–၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်ပြီး ယင်းနေ့တွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း

## ကိုစိုးမင်း

**အသက် (၅၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြကန်သာလမ်း၊ အမှတ် (၆၈)နေ ဒေါ်ခိုင်မာလွင် (Shwe Yee Min Group of Companies)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂–၇–၂၀၂၂ရက် နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးနိုင်–ဒေါ်တင်တင်ရီ**
**မိသားစုနှင့် ရုံးဝန်ထမ်းများ**
**Shwe Yee Min Group of Companies**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်စိုး
### လက်ထောက်အထွေထွေမန်နေဂျာ၊ ကုန်သွယ်လယ်ယာ(ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာဝင်းနေ (ဒေါ်တင်ညို)၏ခင်ပွန်း၊ ဦးအောင်တင်-ဒေါ်ဥမ္မာစိုး၊ ဦးအောင်ကိုထက်-ဒေါ်နီလာစိုး၊ ဦးရဲခေါင်-ဒေါ်စံပယ်ဝင်း တို့၏ဖခင်၊ မြေးလေးယောက်တို့၏ဘိုးဘိုးသည် ၂၁-၇-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၂၁ရက် (ကြာသပတေးနေ့) တွင်ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်စိုး
### လက်ထောက်အထွေထွေမန်နေဂျာ၊ ကုန်သွယ်လယ်ယာ(ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာဝင်းနေ (ဒေါ်တင်ညို)၏ခင်ပွန်း၊ ဦးအောင်ကိုထက်-ဒေါ်နီလာစိုး( လက်ထောက်အတွင်းဝန်)၏ဖခင်သည် ၂၁-၇-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဝန်ကြီးရုံးမိသားစု**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကြိုင်(ခ)တန်ခိန်ချန်
### GREAT ASIA ELECTRONIC (CHAIRMAN)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ လမ်း(၂၀)အောက်လမ်း၊ အမှတ်(၃၇၊ က)နေ ဒေါ်ရင်(ခ) ချောင်ဉာဏ်ရင်၏ခင်ပွန်း၊ (ဦးတန်ယုစွမ်-ဒေါ်ချောင်ရွှေလိုင်)တို့၏သား၊ (ဦးချောင်ပစ်ချွမ်-ဒေါ်အချူ)တို့၏ သားသမက်၊ Lina Saw-Danny Saw၊ ဦးမြင့်သိန်း- ဒေါ်မိမိလင်း၊ ဦးသန်းအောင်-ဒေါ်မီမီဟန်၊ ဦးကျော်အောင်-ဒေါ်မိုးမိုး၊ ဒေါ်နှင်းနှင်းလှ-ဦးသောင်းဝင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၂-၇-၂၀၂၁ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၁ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြိုင်
### အသက် (၇၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ကုန်းသာယာရွာနေ (ဦးအောင်ဒင်-ဒေါ်ညိုစိမ့်)တို့၏သမီး ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဒဂုံသီရိလမ်း၊ အမှတ်(၂၆)ဘီနေ (ဦးဝင်းနိုင်)၏ ချစ်လှစွာသောဇနီး၊ (ဒေါ်ဝါဝါနိုင်)၊ ဦးစိုးဝင်းနိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး)-ဒေါ်ခင်မာစိန်၊ ဦးညီညီနိုင်(ကျောင်းအုပ်ကြီး ကောင်းထက်ကျော် ကိုယ်ပိုင် အ.ထ.က)-ဒေါ်စိုးစိုးအေး၊ ဦးသူရနိုင်(Capt Mv DHA SHUN), (Eastern Gyro Company)-ဒေါ်သစ္စာမောင်၊ Dr.ထွန်းထွန်းနိုင် (ကောင်းထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဘော်ဒါ၊ စာသင်ဝိုင်း)- ဒေါ်မိုးမြင့်စန္ဒီတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာ သော အဘွားသည် ၂၁-၇-၂၀၂၁ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါ၍ မိတ်ဆွေသင်္ဂဟအပေါင်းအား ကျန်ရစ်သူမိသားစုမှ ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၇-၂၀၂၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)ပါ ဒေါ်မြိုင် အသက်(၇၆)နှစ် နာရေးကြော်ငြာတွင် ဦးစိုးဝင်းနိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ မြဝတီမင်းကြီး (၆)လမ်း၊ အမှတ် (၆၃၀)နေ (ဦးထန်ခန့်ဟန်)၏ဇနီး၊ မြန်မာအမျိုးသားလေကြောင်း၊ လေကြောင်း ပျံသန်းမှုလုပ်ငန်းဌာနမှ လေကြောင်းပျံသန်းမှု လုပ်ငန်းဌာနမှူး လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံ၊ ဇနီး ဒေါက်တာ ဒေါ်သီတာထွန်းတို့၏မိခင် ဒေါ်လျန်ခေါမန်း အသက် (၇၄)နှစ် သည် ၂၀-၇-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၂ နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာအမျိုးသားလေကြောင်း**
**အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီးနှင့် ဒါယိကာမကြီး
## ဦးချစ်ထွေး အသက် (၉၄)နှစ်
## ဒေါ်ခင်ညွန့် (၈၆)နှစ်

ဖျာပုံမြို့နေ (ဦးချန်ကိုးဟို-ဒေါ်လေးကြူ)တို့၏သား၊ ဘိုကလေးမြို့နေ (ဦးတိတ်-ဒေါ်ငွေရင်)တို့၏သားမက်၊ ဘိုကလေးမြို့နေ (ဦးတိတ်-ဒေါ်ငွေရင်)တို့၏သမီး၊ ဖျာပုံမြို့နေ (ဦးချန်ကိုးဟို-ဒေါ်လေးကြူ)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၃၁ အေးရိပ်သာ (၁)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်နေ (ဦးစိန်ထွန်း)-ဒေါ်အေးအေး ဝင်း (B ရုံသိမ်ကြီးဈေး)၊ ဒေါ်ရင်ရင်သန်း(စိန်ထွန်းလင်း B ရုံသိမ်ကြီးဈေး)၊ ဦးချိုစိုး-ဒေါ်ယဉ်မျိုးသီ (USA)၊ ဒေါ်ငွေးငွေးညွန့် (စိန်ဖူးဝေ၊ ယုဇနပလာဇာ)၊ ဒေါ်အေးအေးခိုင်၊ Julian Lim-ဒေါက်တာ ခင်စုရီ (USA)၊ ဒေါက်တာ မော်မော်သန်းတို့၏ဖခင်နှင့်မိခင်၊ မောင်မင်းခန့်ကျော် 3rd MB, မောင်လွင်ဦးမောင်၊ မယွန်းအိမိုး 1st MB (USA) တို့၏ အဘိုး ဦးချစ်ထွေးသည် ၂၁-၇-၂၀၂၁ရက် နံနက် ၂:၃၀နာရီတွင် ကွယ်လွန်သွားပြီး အဘွား ဒေါ်ခင်ညွန့်သည် ၂၁-၇-၂၀၂၁ ရက် နံနက် ၉:၃၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာ သုဂတိလားပါစေ။

**မြန်မာပြည်ချီးကျန်းမျိုးနွယ်စုအသင်း**
**(၁၉လမ်း၊ ရန်ကုန်)**

## ဦးခွန်အောင်မင်း
### ပညာအုပ်(ငြိမ်း)
### ကရင်ပြည်နယ်ရေကျော်ကျေးရွာ
### အသက်(၈၃)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ရေကျော်ကျေးရွာနေ (ဦးပေါ-ဒေါ်စိန်ပွင့်)တို့၏သား၊ ထုံးအိုင်ကျေးရွာနေ (ဦးရန်-ဒေါ်အေးဖြူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဒေါ်မိအေးလှ(ကျောင်းဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ အရှင်သုဝဏ္ဏစာရ( ရွှေကိုယ်တော်)၊ ဦးကျော်ကျော်ထွန်း(ခ)မင်းမောင်မောင်ထွန်း (ဒုဗိုလ်မှူးကြီး-ငြိမ်း) (ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဒေါ်မိသီတာအောင် (ပညာနန်းတော်)၊ ဦးထိုက်အောင်(ဗိုလ်မှူး-ငြိမ်း)-ဒေါ်မိဒေဝီအောင်၊ (မင်းမောင်ငံ)တို့၏ချစ်လှစွာသောဖခင်၊ မနန်းဗွာ၏ ဘိုးဘိုးသည် ၂၁-၇-၂၀၂၁ရက် ည ၁၁:၁၅နာရီတွင် ဇဖပါးသောရောဂါဖြင့် ကွယ်လွန်သွား ပါသဖြင့် ၂၂-၇-၂၀၂၁ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ချို(ခ)ချိုလေး (ကန်တော်ကလေး)
### တပ်ကြပ်ကြီးစာရေး(ငြိမ်း)၊ ကက(ကြည်း)တာဝန်
### ကပ-၁၄၉၄၃၀
### အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ် (၅၁)နေ (ဦးချစ်-ဒေါ်လှတင်)တို့၏သား၊ (ဦးရွှေသိန်း-ဒေါ်အုန်း ရွှေ)တို့၏သားသမက်၊ (ဒေါ်အုန်းမြင့်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတင် လှ-ဒေါ်ချိုချိုမာ)၊ ဒေါ်သန်းသန်းအေး (အိုးအိမ်ဦးစီးဌာန-ငြိမ်း)၊ ဗိုလ်ကြီး ရန်လင်း(ငြိမ်း)-ဒေါ်ချိုဝါဦး၊ ဦးကျော်သူမောင် (MOB)-ဒေါ်အေးအေးနွယ် (မြဝတီဘဏ်)၊ ဦးကျော်ခိုင်-(ဒေါ်ခင်မေသင်း)တို့၏ဖခင်၊ မြေးကိုး ယောက်၊ မြစ် သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၇-၂၀၂၁ရက် နံနက် ၄:၅၅ နာရီတွင် အမှတ် (၄၆)၊ မာန်ပြေ (၁၇)လမ်းအရှေ့၊ မာန်ပြေ (၃) ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျီစု သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ် ပါသည်။။ ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Dr.Mang Cin Pau (ဒေါက်တာ မာန်ကျင့်ပေါ်)
### မြို့နယ်ဆရာဝန်(ငြိမ်း)
### အသက် (၈၀)

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လောဖေကျေးရွာနေ Pu Jemedar Khup Cin-Pi Neam Khua Ciin တို့၏တစ်ဦးတည်းသောသား၊ အမှတ် (၆)၊ ၅လွှာ (B)၊ ဒေါနလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ Daw Vung Khaw Huai (ဒေါ်ဝုန်ခေါ် ဟွဲ)၏ ချစ်လှစွာသောခင်ပွန်း၊ Ma Ciin Muan Khai (မကြင်မွမ်းခိုင်) (ခေတ္တ-ထိုင်းနိုင်ငံ)၏ ချစ်လှစွာသော ဖခင်သည် ၂၁-၇-၂၀၂၁ရက် ညနေ ၅ နာရီတွင် နှလုံးရောဂါဖြင့် ခရစ်တော်၌အိပ်ပျော်ပြီး ၂၂-၇-၂၀၂၁ ရက် နံနက် ၉ နာရီတွင် ရေဝေး ခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းအေး
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အောင်ဇေယျာလမ်း၊ အမှတ် (13၊ 5-A)၊ Royal Aung Zaya Residence နေ (ဦးလှမြင့်)-ဒေါ်မေတို့၏သမီး၊ ဒေါ်တင်စိန်၊ ဦးအောင်သောင်းတင်-ဒေါ်ရှယ်လီ၊ ဦးမောင်မောင်-ဒေါ်လှလှအေးတို့၏ညီမ၊ ဦးဂျော်နီ-ဒေါ်ထွေးထွေးလွင် တို့၏အစ်မ၊ တူသုံးယောက်၊ တူမ ငါးယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားလေးသည် ၂၂-၇-၂၀၂၁ရက် နံနက် ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## နော်ဂဲထရူး Naw Gertrude Po
### အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက (၁)လသာ
### အသက် (၈၆)နှစ်

(ဦးစောထော်ဖိုး-နော်ကဲထူး)တို့၏သမီးထွေး၊ (ဒေါက်တာ စောသန်း ထွန်းအောင်)၏ ချစ်လှစွာသောဇနီး၊ Matron နော်ရွှေစင်၊ သရာစော Shadrach Po၊ စော Vinton Po တို့၏ ချစ်လှစွာသောညီမ၊ စောရဲထွန်းအောင်-နော်သပိုင်းဖောတင်၊ စော Gideon ထွန်းအောင်-Naw Christina၊ စောကြည်လွင်အောင်-နော်သွယ်သွယ်ယုတို့၏ချစ်လှစွာ သောမိခင်၊ Joseph Aung၊ စောဒယ် နယယ်၊ Abigail Aung, Ephraim Aung, Ruth Aung, Naw Rachel Aung, Naw Joannah Aung တို့၏ ချစ်လှစွာသောအဘွား၊ Ivy Nguyen ၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၂-၇-၂၀၂၁ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်ကရင်နှစ်ခြင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တယ်ရှန်တီး(ခ)ဦးလှသိန်း (ဟသ်ာတ)
### ဥက္ကဋ္ဌ တယ်မျိုးနွယ်၊ အင်ယောင်တောင်ဘုရားကျောင်း
### အတွင်းရေးမှူး ဟိုစိန်ဗုဒ္ဓဘာသာဘုရားကျောင်းအဖွဲ့ချုပ်
### အမှုဆောင် ခိန့်ဟုတ်ဗုဒ္ဓဘာသာဘုရားကျောင်း
### အသက် (၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးဘွန်မိ-ဒေါ်ကျိုတီ)တို့၏သားကြီး၊ ဒေါ်တန်အိုက်ဝှါ၏ခင်ပွန်း၊ (ဦးကျော်ဝင်း)-ဒေါ်ခင်အေး၊ ဦးကြည်စိုး- ဒေါ်ဖွား၊ ဒေါ်ခင်ဝင်း၊ (ဒေါ်ခင်သန်း) တို့၏အစ်ကို၊ ဦးကျော်ဦး-ဒေါ်အေးအေးမြတ်၊ ဒေါ်သင်းသင်းနွယ်၊ ဦးမြင့်စိုး၊ ဦးတင်အောင်လတ်- ဒေါ်အိမြမြကို၊ ဦးတင်အောင်လေး-ဒေါ်အေးမိုးသူတို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၂၂-၇-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၆:၂၅ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၁ရက် နံနက် ၁၁နာရီ တွင် ရေဝေးဖုကျန့်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တီလေး(ခ)ဒေါ်တင်တင်အောင် (ပုသိမ်)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်း(အလယ်)၊ အမှတ်(၈၄၊ မြေညီထပ်)နေ ဗိုလ်ကြီး ဦးစောအောင်(ငြိမ်း)၏ဇနီး၊ ဦးမိုင်စိုးစိုး(Summit Parkview Hotel)-ဒေါ်ခင်မာချို (အဆင့်မြင့်ပညာဦးစီးဌာန၊ သိပ္ပံပစ္စည်းအလုပ်ရုံ)၏မိခင်သည် ၂၁-၇-၂၀၂၁ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
## ဦးသန်းကျော်(ခ)ငွန်ဟွာကွန်
### မြောင်းမြ
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ မိခင်နှင့်ကလေးတိုက်တန်း၊ တိုက်ခန်းအမှတ်(၆)နေ (ဦးယူအင်ရှန်ငွန်-ဒေါ်ကျင်တို တိုင်) တို့၏သား၊ ဒေါ်သင်းသင်းစိုး(ခ)ဒေါ်မွှေး၏ခင်ပွန်း၊ ဦးစိုးမြင့်-ဒေါ်စန္ဒာလင်း(ခ) ဟန်နီ၊ ဦးမင်းရွှေ-ဒေါ်စိုးပပဟန်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၁-၇-၂၀၂၁ရက် မွန်းလွဲ ၁:၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၂၁ရက် နံနက်တွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာစိုးဝင်း (ဆရာဂျော့)
### အသက်(၇၅)နှစ်

Small & Medium Enterprises Development Bank ၏ (ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာ အတိုင်ပင်ခံအကြံပေးပုဂ္ဂိုလ်) ဒေါက်တာစိုးဝင်းသည် ၂၁-၇-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဘဏ်ဝန်ထမ်းများ**
**SME-D Bank**

## ဦးလှမိုး(ခ)ဦးထိုင်ထိုင်
### အသက်(၇၁)နှစ်

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ ပုဆိုးတန်းလမ်း၊ အမှတ်(၁၅၉)နေ (ဦးစံ)-ဒေါ်တောညွန့်တို့၏သား၊ ဒေါ်ခင်ခင်ပြုံး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသက်-ဒေါ်ခင်မျိုးဝင်း၊ဦးနေအောင်-ဒေါ်ကေခိုင်စုဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဝီရလမင်း၊ မောင်ကြယ်မင်းဉာဏ်တို့၏ အဘိုးသည် ၂၁-၇-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသည့် Sinopharm ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Dose (၇၃၆,၀၀၀) နှင့် ဆက်စပ်ပစ္စည်းများ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Air China လေကြောင်းလိုင်းဖြင့် ရောက်ရှိရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းမှ video conferencing စနစ်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးထံမှ လွှဲပြောင်းလက်ခံရယူသည်။**



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသည့် Sinopharm ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ တင်ဆောင်လာသည့် Air China လေကြောင်းလိုင်းမှ လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယခုကဲ့သို့ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ လှူဒါန်းခြင်းသည် တရုတ်- မြန်မာနှစ်နိုင်ငံ အပြန်အလှန်ဖေးမ ကူညီသည့် အေးအတူပူအမျှ အသိုက်အဝန်းစိတ်ဓာတ်ကို ပေါ်လွင်စေပြီး ထိရောက်မှုရှိသော ကပ်ရောဂါကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ "ပြည်သူသည်သာအဓိက၊ အသက်သည်သာ အဓိက" ဟူသည့် ကပ်ရောဂါတိုက်ဖျက်ရေး သဘောအရ မြန်မာပြည်သူများ လက်ရှိခံစားနေရသော ပြင်းထန်သော ကပ်ရောဂါအခြေအနေ တိုက်ဖျက်ရန်အတွက် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ထုတ်လုပ်သည့် စက် (Oxygen Concentrator) စသည့် အရေးပေါ်ပစ္စည်းများ လျင်မြန်စွာထောက်ပံ့ပေးနိုင်ရန် ယူနန်ပြည်နယ်မှတစ်ဆင့် အထူးလမ်းကြောင်း သီးသန့်ဖွင့်လှစ်ပေးထားပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁* ❖

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊

ကုသရေးဗဟိုကော်မတီ

အသိပေးကြေညာချက်

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

လက်ရှိအခြေအနေအရ ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ဟန့်တားထိန်းချုပ်ရန် လိုအပ်သည့်အတွက် အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အပါအဝင်)အား ၂၆–၇–၂၀၂၁ ရက်နေ့မှ ၈–၈–၂၀၂၁ ရက်နေ့အထိ ရက်သတ္တပတ် (၂) ပတ်အား ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ယနေ့ သတင်းအညွှန်း


တတ်အားသမျှ ပါဝင်ကုသိုလ်ဒါနပြုခြင်းဖြင့် တိဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြပါစေ — ဆောင်းပါး — စာ ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ ရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် — စာ ၁၀

ဇူလိုင် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၇၀၁ ဦး တွေ့ရှိ — စာ ၁၆